www.burmeseclassic.com

ပိုးမိုးစာပေ

# ပန်းသီချင်း



မိုးသည်းညနှင်းဆီ

design : bo bo htoon

www.burmeseclassic.com


www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၅၁၄၀၅၀၄
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၉၂၃၀၅၀၈
ပုံနှိပ်ခြင်း - ၂၀၀၅ ခုနှစ်၊ အောက်တိုဘာလ

အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်
အဖုံးဒီဇိုင်း - ဘိုဘိုထွန်း
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၁၂)
စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇လမ်း
မင်္ဂလာတောင်ညွန့်မြို့
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၇၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

BURMESE CLASSIC

ပန်းသီခိုင်



# မိုးသည်းညနှင်းဆီ

www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



ဦးမျိုးအောင်က တကူးတက ကားပေါ်တင်ပြီး သယ်ယူလာခဲ့သော လက်ဆောင်ခြင်းကို မှန်စားပွဲရှည်ပေါ် ဖြည်းဖြည်းချရင်း ဧည့်ခန်းကို ဝေ့ကြည့်သည်။ ဧည့်ခန်းမှာ ဘယ်သူမှမရှိဘဲ တိတ်ဆိတ်နေ၏။

"ဦးဦး …ခဏလောက်စောင့်ပါနော်" ဟု ချာတိတ်မ သေးသေးလေးက လာပြောပြီး အအေးဖန်ခွက်ရှည်မျောမျောကလေးကို သူ့ရှေ့ချပေးသည်။

"သောက်ပါဦးရှင်"

"အေး …အေး ထားခဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဦးမျိုးအောင်က စတော်ဘယ်ရီသီးလေးတွေ ေျပာနေသော အအေးဖန်ခွက်ကို တစ်ချက်ကြည့်ကာ ပြုံးမိသည်။

ဒါက ဒေါ်မမလတ်၏ သီးသန့်လက်ရာ။

စတော်ဘယ်ရီသီးပေါ်ချိန်ဆို ဒေါ်မမလတ်တို့ အိမ်လာတိုင်း အမြဲသောက်ရသည်။ သကြားရေနှင့် ဒေါ်မမလတ်ကိုယ်တိုင် ဖျော်စပ်ထားသော သီးသန့်လက်ရာတစ်ခုပါ။ ထိုစတော်ဘယ်ရီ အချိုရည်ကို မိတ်ဆွေအားလုံး အတူးတလည်နှစ်ခြိုက်အားပေး ချွဲလမ်းချီးကျူးကြပါသည်။

ဒေါ်မမလတ်၏ စတော်ဘယ်ရီသီးဖျော်ရည်၊

ဒေါ်မမကြီး၏ သီးစုံထောပတ်ထမင်းနှင့်

ဒေါ်မမလေး၏ ရေနွေးကြမ်းသည် အသိုင်းအဝိုင်း ဆွေမျိုး မိတ်ဆွေတွေကြားထဲမှာ ကျော်ကြားလူကြိုက်များလှပါသည်။ အမို့ ကြီးတွေပီပီ လက်ရာတစ်မျိုးစီ ကောင်းလှ၏။

ဦးမျိုးအောင်ကတော့ ဒေါ်မမလတ်ကို ချွဲကြီးကြီးနှင့် ပိုးပန်း ခဲ့ပြီး ရှုံးနိမ့်လက်လျှော့ခဲ့ရတာ အားလုံးအသိ။





အခုဆို ဦးမျိုးအောင်၏ သမီးပင် အိမ်ရွှယ်ရောက်ခဲ့ပြီ။

"အားနာဖို့ကောင်းနေပြီ၊ စောင့်နေရတာကြာပြီလား"

သနပ်ခါးနံ့သင်းသင်းကလေးက ရင်အေးစရာ အရင်ဦး ဆုံး မွှေးပျံ့လာပြီး ဒေါ်မမလတ်ကို လှမ်းမြင်ရသည်။ ရင်စေ့အကျႌ ဖွဖွနှင့် သနပ်ခါးအဖွေးသားနှင့် ကတ္တီပါဖိနပ်ကလေးစီးကာ တစ်ပတ်လျှိုဆံထုံးနှင့် ကျက်သရေရှိရှိ အေးချမ်းသောအလှနှင့် ယဉ်လှပါသည်။

"မကြာသေးပါဘူး"

"အအေးသောက်ဦးလေ"

ဒေါ်မမလတ်က ဖန်ခွက်ကို စားပွဲပေါ်က ကောက်ယူပြီး လက်ထဲအရောက်ပေးကာ ဆိုလာ၏။

ဦးမျိုးအောင်က လှမ်းယူပြီး တစ်ငုံနှစ်ငုံသောက်သည်။

"ကောင်းရဲ့လား"

"အရမ်းကောင်းတာပေါ့"

ဒေါ်မမလတ်က ဖွဖွပြုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် …ဒါတွေက ဘာလို့ယူလာရတာလဲ"

လက်ဆောင်ခြင်းကိုကြည့်ကာ မေး၏။

"စားစေချင်လို့ပေါ့ဗျာ"

"အလကား ဒုက္ခမရှာပါနဲ့၊ အဲဒါတွေ မလိုပါဘူး"

ငြင်းမြဲအတိုင်း ဒေါ်မမလတ်က ငြင်းသည်။

"ဘာမှအပန်းမကြီးပါဘူးဗျာ၊ ယူလိုက်ပါ"

သူက ထုံးစံအတိုင်း မရအရပေးစမြဲ။

"ကျွန်တော့်ဆီဖုန်းဆက်တာ ဘာကိစ္စလဲ"

ဦးမျိုးအောင်က သိချင်စိတ်နှင့် မေးမိသည်။

"အင်း"

ဒေါ်မမလတ်က တစ်ချက်ခေါင်းညိတ်ကာ ပြုံးသည်။

"ဒီလိုလေ"

ဦးမျိုးအောင်က စိတ်ဝင်တစား နားထောင်နေသည်။

"ပွင့်ပွင့်လင်းလင်းပြောရရင် ဦးမျိုးအောင်သမီးလေးနဲ့ ကျွန်မတို့သားလေးကို ပေးစားချင်တယ်၊ ဦးမျိုးအောင် သဘောတူ





ရင်ပေါ့"

"ဩော် …ဒီလိုလား"

ဦးမျိုးအောင်က မျက်နှာပွသွား၏။ ကိုယ်ကသမီးရှင် မဟုတ်လား။ ဒေါ်မမလတ်က မကွေ့မဝိုက် တဲ့တိုးကြီးတောင်းရမ်းလာတော့ စိတ်လှုပ်ရှားသွားမိတာအမှန်။

"သမီးလေး သဘောက ပိုအရေးကြီးပါတယ်"

"ဒါကတော့ ဦးမျိုးအောင်အပိုင်းပဲလေ၊ မေးမြန်းကြည့်ပေါ့၊ ရည်းစားတွေဘာတွေ ရှိမရှိ"

"အင်း"

"ကျွန်မတို့သုံးယောက်ကတော့ သဘောတူတယ်၊ ဦးမျိုးအောင်ရဲ့သမီးလေးက လိမ္မာတယ်၊ အရည်အချင်းလည်းရှိတယ်၊ လှလည်းလှတယ်၊ ပြီးတော့ မျိုးရိုးကောင်းဆိုတော့ ရှုပ်ရှုပ်ယှက်ယှက် အသိုင်းအဝိုင်းထဲလည်း မရောက်စေချင်ဘူး"

"ဒါပေါ့"

"ကျွန်မတို့က ရှေးဆန်တဲ့အဖိုးကြီးတွေ ဆိုပေမယ့် လူငယ်



www.burmeseclassic.com

www.burmeseclassic.com



တွေကို တဖွတ်ထိုး မလုပ်ပါဘူး၊ သူတို့ချင်း သင့်မြတ်မှ ပြေလည်မှ စီစဉ်ပေးချင်တာပါ''

''ကောင်းတာပေါ့ဗျာ''

ဒေါ်မမလတ်က ဦးမျိုးအောင်ကိုကြည့်ပြီး မေးလာ၏။

''ဦးမျိုးအောင်ကရော ကျွန်မတို့ရဲ့သားလေးကို ကျေနပ်မှုရှိရဲ့လား၊ သဘောကျရဲ့လား''

သည့်မေးခွန်းက ဖြေရခက်သည်။

ဒေါ်မမကြီး၊ ဒေါ်မမလတ်၊ ဒေါ်မမလေးတို့၏ မျက်စိအောက်က အပျောက်မခံဘဲ သည်းသည်းလှုပ် ချစ်ခင်ခြင်းနှင့် ကြီးပြင်းလာသော 'မင်းလုလင်'သည် အင်မတန် တည်ကြည်ခန့်ညားပြီး ဘယ်သမီးရှင်မျိုးမှ ခေါင်းမခါချင်အောင် ပြည့်စုံလွန်းသူတစ်ယောက်ပါ။

သို့ပါသော်လည်း သားအဖချင်း ပွင့်လင်းစွာဆက်ဆံပြီး သူငယ်ချင်းလိုနေကြသော ဦးမျိုးအောင်နှင့် သမီးလေးမှာ တင်းကြပ်သော စည်းကမ်းနှင့် ချုပ်ချယ်မှုလုံးဝမရှိ။





ခြုံငုံပြောရမယ်ဆိုလျှင် ဒေါ်မမလတ်တို့နှင့် နေထိုင်ပုံ မတူ။ သူတို့က စည်းကမ်းကြီးလွန်းသည်။

ကိုယ့်သမီးလေးက သူတို့အိမ်မှာ သူတို့စည်းကမ်းအောက်မှာ၊ သူတို့ချုပ်ချယ်မှုကြားမှာ အနေကျဉ်းကြပ် စိတ်ညစ်သွားမလား ပူမိသည်။

မင်းလုလင်ကို ဦးမျိုးအောင်တို့အိမ် ခေါ်ဖို့တော့ လုံးဝမဖြစ်နိုင်။ ဒေါ်မမလတ်တို့က ထည့်နိုင်မှာမဟုတ်။

ဦးမျိုးအောင်က အကြောင်းသိ။ အတွင်းသိ၊ အစင်းသိ။ လေကုန်ခံပြီး စကားအဖတ်တင်ခံပြီး ပြောမနေချင်ပါ။

''မောင်မင်းလုလင်ကို ကျွန်တော်က သဘောကျပါတယ်၊ သားမက်တော်ချင်ပါတယ်''

ဒေါ်မမလတ်က မျက်ခုံးလေးပင့်ကာ ကျေနပ်စွာပြုံးသည်။

''ဒါပေမယ့် ကျွန်တော်နဲ့ လက်ထပ်မှာမဟုတ်ဘူးလေ''

ဦးမျိုးအောင်က ကိုယ့်စကားကို ကိုယ်သဘောကျပြီး တဟဲဟဲရယ်လိုက်၏။

www.burmeseclassic.com



"အရေးကြီးတာက သမီးလေးကြိုက်ဖို့ပါပဲဗျာ"

ဒေါ်မမလတ်က ခေါင်းညိတ်သည်။

"ကျွန်မပြောပြီးပြီ၊ သူတို့မကျေနပ်ရင် မစီစဉ်ဘူး"

"ကောင်းပါပြီဗျာ"

ဦးမျိုးအောင်က ဒေါ်မမလတ်ကို ကြည့်ကာ နည်းနည်းတော့ နားမလည်ချင်။ ထူးဆန်းနေသည်။

မင်းလုလင်ကို ကောင်မလေးတွေ ဝိုင်းဝိုင်းလည်နေတာ။ သမီးရှင်တွေက မသိမသာတစ်မျိုး၊ သိသိသာသာတစ်မျိုး ကမ်းလှမ်းနေကြတာ အများကြီး။ ကိုယ့်သမီးလေးကိုမှ သူတို့က ကမ်းလှမ်းလာသည်။ ထင်မထားခဲ့ဝါ။ မင်းလုလင်ကို တော်ရုံကောင်မလေးနှင့် သဘောတူကြည်ဖြူမှာမဟုတ်။ အဒေါ်အပျိုကြီးသုံးယောက်က ဇီဇာကြောင်လှသည်။

သမီးလေးသာသိရင် အံ့သြဦးမှာ။ ရယ်မောဦးမှာ မြင်ယောင်မိသည်။ ကိုယ်နှင့် ဒေါ်မမလတ်က သူငယ်ချင်းတွေပေမယ့်





လည်း သမီးလေးက မင်းလုလင်ကို မတွေ့ဖူးသေးပါ။ သူတို့ချင်းတစ်ခါမှ မဆုံဖြစ်ခဲ့ပါ။

ကိုယ်ကလည်း တမင်မခေါ်သွားတာပါ။

ဒေါ်မမလတ်ကို အကြာကြီး ပိုးပန်းခဲ့ပြီးမှ မရခဲ့တာကိုယ့်ရာဇဝင်မှာ စွန်းထင်းခဲ့ပြီးသား။

အခုတစ်ခါ ကိုယ့်သမီးလေးကို သူတို့ဘူသားကလေးနှင့်ကိုယ်ကပဲ သဘောတူကမ်းလှမ်းချင်သလိုလို အထင်ရောက်နိုင်တာမို့ ကင်းကင်းရှင်းရှင်း ဖြစ်စေခဲ့တာပါ။

ကိုယ်က လူပြောသူပြောခံရတာ အကြောင်းမဟုတ်။ သမီးလေးက မိန်းကလေး စွန်းထင်းမခံ။

"ဦးမျိုးအောင်က တစ်ခါမှ မခေါ်လာဖူးတော့ လက်တောင် မမြင်ဖူးဘူး။ ဒါပေမယ့် မမကြီးက တစ်ခါမြင်ဖူးပြီးသဘောကျနေတာ၊ တော်တော်ချစ်စရာကောင်းတယ်ဆို"

"ပြောကြတာပါပဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မျက်စိထဲတော့ အမြဲမြင်နေကျမို့ မထူးဆန်းလှပါ။

"တစ်ခါလောက် ခေါ်လာခဲ့ပါလား"

"အင်း"

ခေါင်းသာညိတ်ထားမိတာ ဘယ်တော့မှ ခေါ်လာဖြစ်မှာ မဟုတ်ပါ။ သမီးလေးကလည်း မာနကြီးသည်။ သီးသန့်စတိုင်နှင့် နေတတ်သည်။

"ကျွန်မတို့ တစ်ရက်လောက် ညစာအတူတူစားကြရအောင်၊ ကျွန်မစီစဉ်မယ်"

"ကောင်းသလိုသာလုပ်ပေါ့"

ဦးမျိုးအောင်က မကန့်ကွက်ပါ။

ကိုယ်က ကမ်းလှမ်းတာမျိုးမှ မဟုတ်ဘဲ။ သူတို့ဘက်က လိုလားကြည်ဖြူစွာ စတင်ဖွင့်ဟလာတာ။

သည်တစ်ခါတော့ ဦးမျိုးအောင်ကို ကံတရားက မျက်နှာသာပေးခဲ့ပြီထင်။





ဦးမျိုးအောင်က သမီးဖြစ်သူ 'ရွှေခ'ကို ဘယ်လိုပြောရမလဲဟု တွေးတောစဉ်းစားမိသည်။

တကယ်ပဲ မောင်မင်းလှလင်နှင့် သမီးရွှေခ လက်ထပ်ဖြစ်ခဲ့ဆိုလျှင် သူ့ အလွန်တရာ ကျေနပ်ပျော်ရွှင်ရလိမ့်မည်။

မောင်လှလင်က သူ့အခင်မင်ဆုံးသူငယ်ချင်း၏ တစ်ဦးတည်းသော သားမဟုတ်လား။

သူတို့ချင်း ဖူးစာပါမပါ မသိနိုင်သေးပါ။ ကိုယ်ကတော့ ဖူးစာမပါလျှင် ဖွတ်ဖန်တီးဖို့မလွယ်ကူဖူးဆိုတာ ကိုယ်တွေ့မို့ ကောင်းကောင်းသိသည်။

ကိုယ် မလတ်ကို ဘယ်လောက်မျှော်လင့်ခဲ့သလဲ။ ဘယ်လောက်စောင့်စားခဲ့သလဲ။ ဘယ်လောက် ကြိုးစားခဲ့သလဲ။ အဲဒါတွေ ကိုယ်ပဲသိသည်။

"ဒါဆို ကျွန်တော် ပြန်ပါဦးမယ်"

ဦးမျိုးအောင် နှုတ်ဆက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်တွေအကြာကြီး ပြောင်းသွားခဲ့ပေမယ့် ဒေါ်မမလတ် အပေါ် နှစ်သက်မြတ်နိုးခြင်းက ပြောင်းလဲမသွား၊ လျော့ပါးမသွား ခဲ့ပါ။ ငယ်ချစ်ဦးမို့ ရူးရူးမူးမူးပါပဲ။

"သမီးလေးကို လတ်တို့နဲ့ တွေ့ပေးပါဦး"

"ဟုတ်ကဲ့"

ဒေါ်မမလတ်က ဟိုတုန်းကလိုပဲ ဦးမျိုးအောင်ကို ကား ဘေးနားအရောက် ပြန်လိုက်ပို့သည်။ ကားတံခါးပိတ်ပေးသည်။ ငယ်ငယ်တုန်းက ပုံရိပ်တွေကို သူ ပြန်သတိရသည်။

သူရယ်၊ မမလတ်ရယ်၊ မမလတ်၏မောင်လေး သူ့ သူငယ်ချင်း သားဦးရယ်ပါ။

အဲဒီအချိန်တွေက အင်မတန်ကြည်နူးစရာ ကောင်းခဲ့တာ အမှန်။

"ကျွန်မ ဖုန်းဆက်မယ်လေ"

ဦးမျိုးအောင်က ခေါင်းညိတ်သည်။





ဒေါ်မမကြီးနှင့် ဒေါ်မမလေးက သည်ကိစ္စကို မလတ် အား လွှဲထားခဲ့ပုံရသည်။ မလတ်က သူ့သူငယ်ချင်းမဟုတ်လား။ ဒေါ်မမလတ်ပြောလျှင် ပိုအဆင်ပြေမည်ဟု ထင်ထားကြပုံပါပဲ။ တကယ်လည်းပဲ ဟုတ်သည်။ သည်နေရာမှာ ကိုယ့်သမီးကို ကမ်း လှမ်းသူက ဒေါ်မမလတ်မဟုတ်ခဲ့လျှင် ကိုယ်က အပြတ်ငြင်းချင် ငြင်းပစ်မှာ။

အခုတော့ ကိုယ်တိုင်က သံယောဇဉ်ရှိရသူဖြစ်နေသော အခါ ဦးမျိုးအောင် မငြင်းရက်။

သမီးလေး ရွှေခကို တိုက်တွန်းပေးရတော့မည်။

သူ့ကို သမီးလေးက ဘာတွေပြောမလဲ မသိပါ။

ဦးမျိုးအောင်တစ်ယောက်တည်း ပြုံးကာနေမိတော့သည်။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



သမီး 'ရွှေခ'က စားလက်စ နာနတ်သီးပန်းကန်လေးကို စားပွဲပေါ်ချပြီး ဟက်ဟက်ပက်ပက်ရယ်၏။

"အဟင်း ...ဖေဖေက ဖေဖေ့ကို တွေ့ချင်တာ ဘာကိစ္စလည်းဆိုပြီး ရင်တွေခုန်နေတာပေါ့"

"ဟာ ...မဟုတ်တာကွာ၊ ဖေဖေက ရင်ခုန်ရအောင် ချာတိတ်မှမဟုတ်ဘဲ"

"ဖေဖေမညာနဲ့"

ရွှေခက သူ့ဖေဖေကို ချစ်စနိုးနှင့် စနေသည်။

"မနေ့က ဖေဖေ့ရေမွှေးတွေ ဆွတ်တာ သမီးတွေ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလိမ်းဆီတွေလည်း လိမ်းတယ်"

ဖေဖေက ရယ်နေသည်။

"ပြော ...ဒေါ်မမလတ်ကို ဖေဖေ စိတ်ဝင်စားနေတုန်းပဲ မဟုတ်လား၊ မေမေမရှိတော့ ဖေဖေ ငယ်ချစ်ဦးကို ပြန်သတိရမှာပေါ့"

ဦးမျိုးအောင်က နှုးညံ့စွာပြုံးသည်။

"အခုပြောတာ သမီးအကြောင်း၊ သမီးက ဘယ်လိုဆုံးဖြတ်မှာလဲ။ မောင်မင်းလုလင်ကို လက်ခံမှာလား"

ရွှေခက ဖေဖေ့ကို စိုက်ကြည့်နေမိ၏။

"ဖြေလေ ...သမီးသဘော"

"ဖေဖေကရော"

ရွှေခက ပြန်မေးသည်။

"ဖေဖေက ဘယ်လိုဖြစ်စေချင်လဲ၊ သူတို့နဲ့ အမျိုးတော်ချင်လား၊ ရွှေခကို အဲဒီလူနဲ့ သဘောတူလား"

"တူတာပေါ့"



ချက်ချင်းဖြေလာသောအခါ ရွှေခက နှာခေါင်းလေးရှုံ့သည်။ ပြီးမှ သက်ပြင်းတစ်ချက်ရှိုက်ကာ ...

"ပြီးရောလေ ...ဖေဖေ ကြိုက်ရင်ပြီးတာပဲ၊ ရွှေခ တွေ့ကြည့်မယ်လေ၊ လေ့လာမယ်၊ ရွှေခလည်း ကြိုက်တယ်ဆိုရင် လက်ထပ်မယ်"

ဖေဖေက ကျေနပ်စွာ ခေါင်းညိတ်၏။

"တစ်ခုတော့ရှိတယ် သမီး"

"ဘာများလဲ ဖေဖေ"

"သူတို့က စည်းကမ်းကြီးတယ်၊ မောင်မင်းလုလင်ကိုလည်း ငုံထားမတတ် ချစ်ကြတယ်"

ရွှေခက ခေါင်းလေးညိတ်ပြီး နားထောင်နေသည်။

"သမီးနဲ့ ဖြစ်ပါ့မလား"

ဖေဖေစိတ်ပူနေတာကို ရွှေခ ရယ်ချင်သည်။

"သမီးက လေ့လာပြီးမှ ဆုံးဖြတ်မှာပါ"

"အေးလေ ...သမီးနဲ့ပေါင်းရမှာ၊ သမီးဆုံးဖြတ်ပေါ့၊

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက ဖြစ်စေချင်တယ်၊ ဖြစ်မြောက်ခဲ့ရင် ဝမ်းသာမယ်၊ ဒီလောက်ပဲ””

““ရွှေခ သိပါတယ် ဖေဖေရယ်၊ ဒေါ်မမလေတ်ကို ဖေဖေက ခမည်းခမက်တော်ချင်နေတာ””

ဖေဖေ့ကိုစပြီး တခစ်ခစ်ရယ်မိသည်။

ပန်းကန်ထဲက နာနတ်သီးစိတ်ကလေးကို ခက်ရင်းလေးနှင့် ထိုးယူရင်း ဖေဖေ့ကိုခွံ့သည်။

““ချဉ်တယ်သမီးရဲ့””

““သံပရာသီးညှစ်ထားတာကိုး””

ရွှေခက အားရပါးရ နှစ်ခုသုံးခုမက ဆက်တိုက်ထိုးယူစားရင်း ပလုပ်ပလောင်းပြော၏။

တစ်ခါတလေ ချဉ်သောအရသာကို ရွှေခက ကြိုက်နှစ်သက်သည်။ အချဉ်က လျှာပေါ်မှာ စွဲနေသည်လေ။

× × × ×





www.burmeseclassic.com

www.burmeseclassic.com



ရေချိုးပြီးချိန် ဆံပင်တွေ သုတ်နေသည်။ ဖုန်းက မြည်လာတော့ ကပျာကယာ သွားကိုင်ရသည်။

"ဟဲလို"

"ရွှေခ"

"ဟင် ...နှင်းဆီ"

'နှင်းဆီပွိုင့်' ဆီက ဖုန်းဖြစ်နေသောအခါ ဝမ်းသာအားရ ပျော်မိသည်။

"ဟယ် ...ဘယ်က ဆက်နေတာလဲဟင်"

"အိမ်ကပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တုန်းက ပြန်ရောက်တာလဲ"

"မနေ့ညက …ရွှေခါ၊ မေမေနဲ့ အပြင်ခဏသွားစရာရှိလို့ မနက်ဖြန်မှ လာတော့မယ်"

"အင်း"

နှင်းဆီပျိုစင်က သူပြန်ရောက်နေပြီဖြစ်တဲ့အကြောင်း သတင်းလေးဝဲပေးကာ ချက်ချင်း ဖုန်းချသွားသည်။

ရွှေခါက နှုတ်ခမ်းလေးစူချင်သည်။

ခုတလော နှင်းဆီ ဘာတွေလုပ်နေပါလိမ့်။

သူမေမေနှင့် ခရီးထွက်နေလိုက်တာ ကြာပြီ။ ပြန်လာတော့လည်း ကိစ္စက မပြတ်။

ရွှေခါနှင့် နှင်းဆီ အေးအေးဆေးဆေး တွေ့ရတာယ်လို့ မရှိသေးပါ။ နှင်းဆီပျိုစင်က အချိန်မပေးနိုင်လောက်အောင် ဖြစ်နေသည်။

နှင်းဆီနှင့်တွေ့မှ မေမေပြောထားတာတွေ ပြန်ပြောပြပြီး





တိုင်ပင်ကြည့်ရဦးမည်။

အင်း … မင်းလုလင်ဆိုတာ ဘယ်လိုပါလိမ့်။

ရွှေခါ မမြင်ဖူးသေးပါ။ တွေ့ဖူးချင်တာတော့ အမှန်။

သူ့ကို ရွှေခါ သဘောကျပါ့မလား။ သူကရော ရွှေခါကို စိတ်ဝင်စားပါ့မလား။

သူ့အဒေါ် အပျိုကြီးတွေကကားကို သူက နားထောင်မှာလား။ ကြိုက်ကြိုက်မကြိုက်ကြိုက် အဒေါ်တွေ ပေးစားတာဆို မျက်စိမှိတ်ဆုံးဖြတ်မှာလား။

သူဟာ ဘယ်လိုလူစားပါလိမ့်။

သူ့အကြောင်းတွေကိုတော့ ရွှေခါက တော်တော်များများ သိထားသည်။ ဖေဖေက ဒေါ်မမလတ်အကြောင်းတွေ အမြဲတမ်း ပြောပြောပြတော့ သူလည်း ပါပါလာတတ်သည်။

သူ့ဖေဖေဦးသားဦးနှင့် ဖေဖေက သူငယ်ချင်း။ ပြီးတော့ ဦးသားဦး၏အစ်မ ဒေါ်မမလတ်ကို ဖေဖေက တစ်ဖက်သတ် ချစ်



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်ပိုးပန်းခဲ့တာ။

ဒါတွေအားလုံး ရွှေခဲ သိသည်။

သူရော ရွှေခဲအကြောင်းတွေ သိရဲ့လား။

ရွှေခဲကိုရော မြင်ဖူးချင်စိတ်ရှိရဲ့လား။

တစ်ခုတော့ ကျေနပ်စရာကောင်းသည်။

သူက ဘယ်ကောင်မလေးနှင့်မှ ရှုပ်ရှုပ်ယှက်ယှက် အသံမထွက်။ ရည်းစားထားတာပင် မကြားမိပါ။

သူ့သတင်းဆိုး ကြားလိုက်ရလျှင် အကောင်းတွေပါပဲ။ သူက ကျောင်းသားဘဝတုန်းက စာတော်သည်။ အခု စီးပွားရေးလုပ်တော့လည်း နာမည်ကောင်းသတင်းမွှေးသည်။

ဘာတွေဘယ်လောက်ပဲတော်တော် ရွှေခဲကလည်း အိမ်ထောင်ရေးကို အချစ်နှင့်ပဲ စဉ်းစားဆုံးဖြတ်ချင်ပါသည်။ တစ်ဦးအပေါ်တစ်ဦး မနှစ်သက်လျှင် အိမ်ထောင်ရေးမှာ သည်းခံစိတ်ရှိမှာမဟုတ်။ သည်းခံစိတ်သည် အချစ်ကိုမြစ်ဖျားခံသည်။ ဘဝတစ်ခု





ထို အချစ်နှင့် တည်ဆောက်မှ ပျော်ရွှင်ပြီးပြည့်စုံလိမ့်မည်။

သူကတော့ ဘယ်လိုတွေးခေါ်ယူဆသလဲ မသိပါ။ ရွှေခဲကတော့ သူ့ကိုချစ်နိုင်မှ လက်ထပ်ပါမည်။

လူကြီးတွေ သဘောတူတာ တစ်ခုတည်းနှင့် လက်မထပ်ချင်ပါ။

× × × ×



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



"သားရေ ...မင်းလုလင်"

"ဗျာ...ဒေါ်လေး"

"ထမင်းစားမယ် ...ဆင်းခဲ့တော့လေ"

"ဟုတ်ကဲ့"

ထမင်းဝိုင်းမှာ ဒေါ်မကြီးက မင်းလုလင်ကို စကားမစပ်ခေးလိုက်၏။ ဒေါ်လေးနှင့် ဒေါ်လတ်က စောင့်ကြည့်နေသည်။

"သား ...သားမှာ ရည်းစားတွေဘာတွေ ရှိနေပြီလား"

မင်းလုလင်က တစ်ချက်ရယ်သည်။

"ဒေါ်လေးတို့ ဘာကြားလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မကြားပါဘူး"

"မသိပါဘူးဗျာ၊ ဘယ်သူကများ သားကို လာချွန်သွားသလဲလို့၊ ရည်းစားမရှိပါဘူး"

မင်းလုလင်က ရှက်ရှက်နှင့်ရယ်သည်။

ဒေါ်မမကြီးက သက်ပြင်းရှိုက်သည်။ မင်းလုလင်ကို မြင်ရတာ မောင်လေးသားဦးကို မြင်နေရသလိုပါပဲ။ ပြောတာဆိုတာ နေတာထိုင်တာ၊ အဝတ်အစားဝတ်တာ၊ မျက်နှာဟန်ပန်မူယာ၊ ရယ်သံ ပြီးတော့ အကျင့်စရိုက်ကြိုးစားရိုးသားတာ အားလုံးအားလုံး တူသည်။ မိတ္တူကူးထားသလိုကိုတူတာ။

မောင်လေးသားဦးလည်း ရည်းစားရှိနေပြီလား မေးတိုင်း အစ်မတွေကို အံ့အားတသင့်ကြည့်ကာ "ကြံကြံဖန်ဖန်ဗျာ မရှိပါဘူး" ဖြေတတ်စမြဲပါ။

နောက်တော့မှ စိတ်ဆင်းရဲစရာတွေ အများကြီး ကြုံတွေ့ဖြတ်သန်းခဲ့ရတာ။





ဒါတွေကို အစ်မသုံးယောက်က သင်ခန်းစာယူထားသည်။ မောင်လေးသားဦးလို အဖြစ်မခံနိုင်။

သူတို့သဘောတူကြည်ဖြူနိုင်သော ကောင်မလေးနှင့် မြန်မြန်နီးစပ်သွားစေချင်သည်။

တိုင်ပင်စရာမလိုဘဲ သုံးယောက်စလုံး ညီသောဆန္ဒက ဦးမျိုးအောင်၏သမီးကလေးနှင့် မြန်မြန်လက်ထပ်ပေးစားချင်တာပါပဲ။

"တကယ်နော်သား"

"တကယ်ပါဗျာ ...စိတ်ချ၊ စိတ်ဝင်စားစရာ ကောင်မလေးတွေ့လာရင် ဒေါ်လေးတို့ကို အရင်ဦးဆုံး ပြောပြအသိပေးမယ်၊ စိတ်ချ"

ဒေါ်မမလတ်နှင့် ဒေါ်မမလေးက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်သည်။

ဟိုတုန်းကတော့ မောင်လေး 'သားဦး' အဲဒီလိုပြောတာကို



www.burmeseclassic.com

www.burmeseclassic.com



အကျေနပ်ကြီးကျေနပ်ကာ စိတ်ချလက်ချ ရှိလိုက်ကြတာ။ သားဦး၏ တစ်ဦးတည်းသောသား မင်းလုလင်က ပြောလာတော့ စိတ်မအေးနိုင်။ စိတ်မချနိုင်။ မယုံကြည်တော့ပါ။

"ရော့ …ရော့ ဟင်းထည့်စား၊ သားကြိုက်တတ်တဲ့ ငါးရှဉ့်ထုပ်ဆီပြန်"

ဒေါ်မမကြီးက ခုထက်ထိ ထမင်းပန်းကန်ထဲအရောက် ဟင်းခပ်ထည့်ပေးတုန်းပါ။ ခွံ့မကျွေးရုံတမယ်ပါ။

ကိုးတန်း ဆယ်တန်းအထိ ထမင်းခွံ့ကျွေးခဲ့ရသော တူကလေးပါ။ မင်းလုလင် စာကျက်နေလျှင် ထမင်းကို စာကြည့်စားပွဲနားအရောက် လိုက်ခွံ့ပေးခဲ့သည်။

"ကျွန်တော် အဲဒါတွေ စိတ်မဝင်စားပါဘူးဗျာ"

မင်းလုလင်က ရှုန်းခက်ရင်းနှင့် ထမင်းစားရင်း ပြောလာ၏။ အဒေါ်သုံးယောက်က နားထောင်နေသည်။

"ကျွန်တော်က ကောင်မလေးဆို ရိုးရိုးအေးအေးလေး





သိမ်သိမ်မွေ့မွေ့။ ပြီးတော့ ကုန္ဒြေအပြည့်ရှိရမယ်။ ကျွန်တော့်စကားလည်း နားထောင်ရမယ်။ အဲဒါမျိုးတွေဖို့ကလည်း မလွယ်ဘူး"

"ဒေါ်လေးတို့ ရှာပေးမယ်လေ"

ဒေါ်မမလေးက စကားစကြည့်သည်။

"ဟာ …မလုပ်ပါနဲ့၊ ကျွန်တော် လက်မခံနိုင်ဖူး။ တစ်ဖက်ကို အားနာနေရမယ်၊ ကျွန်တော်က အားနာတာနဲ့ ယူနိုင်မှာမဟုတ်ဘူး"

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ဒေါ်မမလတ်တို့ သုံးယောက် အခက်တွေ့သွား၏။

"ကျွန်တော့်စိတ်ကြိုက်တွေ့ရင် ပြောမယ်လေ"

မင်းလုလင်က သူတို့အစီအစဉ်ကို မသိရှာသေးပါ။

ဒေါ်မမလတ်တို့က ဦးမျိုးအောင်ကို ကမ်းလှမ်းထားခဲ့ပြီ။ စကားကမ်းထားခဲ့ပြီ။

"သားက ကြိုက်ပါပြီတဲ့၊ ဒေါ်လေးတို့ သဘောမတူနိုင်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ဟာလေး ဖြစ်နေရင်ရော''

ခင်းလုလင်က တစ်ချက်စဉ်းစားသည်။

''လွယ်ပါတယ်၊ သားနဲ့ပေါင်းရမှာပဲ''

သည်စကားက သူတို့သုံးယောက်ကို ရင်ပူစေသည်။ မီးတောက်တစ်ခုကို ဘွားခနဲ မြင်လိုက်ရသလို ထိတ်လန့်စေပါသည်။ မဖြစ်ပါ။ သူတို့ဘက်က နေးလို့မဖြစ်။ လက်ဦးမှုရမှဖြစ်မည်။ မောင်လေးသားဦးတုန်းကလို ဘယ်နည်းနှင့်မှ အဖြစ်မခံနိုင်။

ဦးမျိုးအောင်၏ သမီးကလေးနှင့် မြန်မြန်စီစဉ်ပေးမှပဲဟု စိုးရိမ်စွာတွေးမိကြပြီ။

''အဲဒါမျိုးလည်း မဖြစ်ပါဘူး၊ သားက သဘောကျတဲ့ မိန်းကလေးဆို ဒေါ်လေးတို့ မကြိုက်စရာဘာမှမရှိဘူး''

မင်းလုလင်က စဉ်းစားချင့်ချိန်ပြီး ပြော၏။

ဒေါ်မမကြီးတို့က မင်းလုလင်ကို ဘာမှထပ်မပြော။ သုံးယောက်စလုံး ငြိမ်နေသည်။





''မသိဘူးလေဗျာ ...သားလည်း လူပျိုကြီးဖြစ်ရင် ဖြစ်သွားနိုင်တာပဲမဟုတ်လား''

မင်းလုလင်က ရယ်မောနောက်ပြောင်နိုင်ပေမယ့် သူတို့မရယ်နိုင်ပါ။ မောင်လေးသားဦးက အစ်မသုံးယောက်စလုံးကို ဆန့်ကျင်ပြီး မိန်းမယူသွားခဲ့တာကို မမေ့နိုင်။

သူတို့ တစ်ခါနောက်ကျ လက်လွှတ်ခဲ့ရသည်။

သည်တစ်ခါတော့ လုံးဝနောက်မကျစေရပါ။

ဦးမျိုးအောင်နှင့် သမီးကလေးကို မြန်မြန်ခေါ်တွေ့မှ ဖြစ်တော့မည်လေ။

× × × ×



www.burmeseclassic.com

www.burmeseclassic.com





ဝိုးဝိုး ◈ တခေပ

www.burmeseclassic.com

www.burmeseclassic.com



ဟဲင်းနိုဖုန်းလေးပြောရင်း ညင်သာစွာလျှောက်လာသော ကလေးမလေးကို ဒေါ်မမကြီးတို့သုံးဦးက မျက်တောင်မခတ် ကြည့်ကာနေမိသည်။ ကလေးမလေးက သူတို့ဆီ တည့်တည့်လျှောက်လာနေတာပါ။

"ချောလိုက်တာ၊ ဒီလောက်ချစ်စရာကောင်းမယ် မထင်ခဲ့ဘူး၊ သားလေးနဲ့ အရမ်းလိုက်မှာပဲ"

ဒေါ်မမလေးက အရင်ဦးဆုံး ချီးမွမ်းသည်။ ဒေါ်မမလတ်က သဘောကျစွာ ပြုံးနေသည်။ ဦးမျိုးအောင်၏ သမီးကလေးက နူးညံ့သိမ်မွေ့သောအလှနှင့် ချစ်စရာကောင်းလွန်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေရယ် ...တွေ့တာတော့တွေ့တာပေါ့၊ ဒါပေမယ့် ရွှေခက ချစ်လို့ရမှ လက်ထပ်မှာနော်၊ ပြီးတော့ သူ့အဒေါ်အဖိုးကြီးတွေက ဘာမှန်းမသိသေးဘူး၊ သမီးကို ခေါ်တွေ့တာ ဘာလုပ်ဖို့လဲ မသိဘူးနော်"

ရွှေခက ဖေဖေနှင့် ဖုန်းပြောနေမိသည်။ တစ်ယောက်တည်းလာရတော့ နည်းနည်းကြောက်သည်။ ဖေဖေ့အသံကို ဖုန်းထဲမှာ ကြားနေရတော့ အားတက်သည်။ ကြောက်စိတ်ပြယ်သည်။

သူတို့က သုံးယောက်လာကြမှာ။ ရွှေခက တစ်ယောက်တည်း။

ဘာတွေအင်တာဗျူးမလို့လဲ မသိပါ။ ရင်တထိတ်ထိတ်နှင့် လာခဲ့ရတာ။ ဖေဖေကတော့ သွားတွေ့ဖို့ တိုက်တွန်းသည်။

ရွှေခက သူတို့ မင်းလုလင်ကို လက်ခံခေါင်းညိတ်သေးတာမှ မဟုတ်ဘဲ။ သူတို့က ကမ်းလှမ်းလို့သာ။ ရွှေခ မကြောက်ပါဘူးဟု အားတင်းပြီး ခေါင်းကိုမော့သည်။





အမယ်လေး ...တွေ့ပါပြီ။

ရွှေခကို ကြည့်နေလိုက်ကြတာ။

"ဖေဖေ ရောက်ပြီ ဒါပဲနော်"ဟု မြန်မြန်ဖုန်းချပြီး ခုံမှာ ဝင်ထိုင်လိုက်၏။ မျက်နှာက ထူအမ်းပြီးနေရာက ကျဉ်းကြပ်သည်။ ရွှေခက ဖေဖေ့ဆန္ဒတစ်ခုကို ဖြည့်ဆွမ်းပေးချင်တာပါ။ ပြီးတော့ ကြားထားခဲ့ဖူးတာက ဖေဖေအရှုံးကြီးရှုံးခဲ့သော သတင်းပါ။

ဒေါ်မမလက်ကို တစ်ဖက်သတ် ပိုးပန်းခဲ့ပြီးမှ ဖေဖေ မရခဲ့တာပါပဲ။ သည်အကြောင်းက အားလုံးလိုလိုသိကြသည်။

"သမီးလေးက ရွှေခလား"

"ဟုတ်"

သူတို့မေးတာကို ခေါင်းညိတ်မိသည်။

ဖေဖေ့သမီးကတော့ ဖေဖေ့လို မဖြစ်စေရ။ ရွှေခက စိတ်မဝင်စားဘူးဆိုတာပဲ ရှိရမည်။

မင်းလုလင်က စိတ်မဝင်စားဖူးဆိုတာ မရှိစေရ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ရွှေခ၏ဆုံးဖြတ်ချက်ပါ။

"သမီးလေးက ချစ်စရာကောင်းလိုက်တာ"

ရွှေခက ခေါင်းကလေးငုံ့ကာ ပြုံးသည်။

သူတို့ဝိုင်းပြီး အကဲခတ်နေတာကို ခံနိုင်ရည်မွေးမိပါသည်။

"သမီးလေး"

"ဟုတ်ကဲ့ …သမီးကိုခေါ်တွေ့တာ"

ရွှေခက မြန်မြန်ပဲ မေးကြည့်လိုက်သည်။

"ကော်ဖီသောက် မုန့်စားရင်း ပြောကြတာပေါ့"

ရွှေခက သူတို့ရှေ့နေရတာ အနေခက်သည်။

"ဒီလိုလေ သမီးရဲ့"

"ဟုတ်ကဲ့"

"ဒေါ်လေးတို့သားကလေးနဲ့ သမီးကလေး ရွှေခကို လူကြီးတွေက သဘောတူကြတယ်၊ သမီးဖေဖေ ပြောပြီးရောပေါ့"

ဒေါ်မမလေးက နိဒါန်းပျိုးစကားစပြီး ဒေါ်မမလတ်က



ဆက်ပြောလာသည်မှာ …

"ဒေါ်လတ်တို့ ဖြစ်စေချင်တာက လူကြီးတွေသဘောတူ လက်ထပ်ရတာမျိုးမဟုတ်ဘဲ လူငယ်ချင်းလည်း မေတ္တာရှိကြ ဆိုကာ ဒေါ်မမကြီးက …

"ဒီလိုစီစဉ်ထားတယ် သမီးရဲ့"ဟု ရှင်းပြလေသည်။

"သားကလေး မင်းလုလင်ကိုလည်း ဒါ မင်းနဲ့သဘော တဲ့ ကောင်မလေး၊ မင်းလက်ခံပါလို့ မပြောချင်သေးဘူး"

သူတို့က သေသေချာချာ စီမံအကွက်ချထားပါရောလား။ ကြီးတွေမို့လို့ပေပဲ။

"လူငယ်တွေဆိုတာက ထူးထူးဆန်းဆန်းကလေးမှ ခေါင်း ရောက်တာလေ"

"အဲဒါကြောင့် သမီးလေးက မင်းလုလင်ကို စိတ်ဝင်စား သလား၊ မင်းလုလင်ကရော သမီးကလေးကို သဘောကျရဲ့လား၊ ယောက်နဲ့တစ်ယောက် သိကျွမ်းရင်းနှီးပြီး လေ့လာကြည့်စေ

www.burmeseclassic.com



ချင်တယ်''

သူတို့ဆိုလိုတာက သိကျွမ်းရင်းနှီးဖို့ကို ရွှေခက ဖန်တီး လုပ်ယူရမည့်သဘောလား။

မဆိုးပါဘူး စိတ်ဝင်စားစရာပါပဲ။

ရွှေခလည်း သိချင်သည်။ သိပ်သိချင်သည်။

မင်းလုလင် …ရှင် ရွှေခကို စိတ်ဝင်စားမှာလား။

အငြင်းခံရတဲ့လူ လုံးဝမဖြစ်စေရဘူး။

''လာမယ့် တနင်္ဂနွေနေ့ညမှာ သားလေးက ဒင်နာ(ည စားပွဲ)တစ်ခု သွားစရာရှိတယ်။ အဲဒီတော့ သားလေးပြန်လာ လမ်းမှာ ရွှေခကစောင့်နေပြီး အိမ်ထဲအထိ အတူတူဝင်လာဖြစ်အောင် စကားပြောဖြစ်အောင် လုပ်ပေါ့။ ရွှေခအကြောင်းကို ဒေါ်လေး က လုံးဝပြောမထားဘူး။ သူသိလည်း မသိဘူး။ သူဟာသူ သ ကိုမြင်ပြီး စွဲလမ်းနှစ်သက်သွားစေချင်တာ''

ရွှေခက ပင့်သက်ရှိုက်သည်။





လွယ်မယောင်ခက်၊ တိမ်မယောင်နှင့်နက်သည်။ တကယ် ပဲ မင်းလုလင်က စိတ်မဝင်စားခဲ့လျှင် …

ဘာဆက်လုပ်ကြမှာတဲ့လဲ။

အစီအစဉ်ကို ဖျက်သိမ်းပစ်ကြမှာလား။

အဲဒီလိုသာဆို ရွှေခ နစ်နာမှာ။ ရွှေခအတွက် ထည့်တွက် ပါရဲ့လား။

''သမီးလေးက သိပ်လှတယ်၊ သား မင်းလုလင်က ဘစ်ရာမှာတစ်ရာ သဘောကျမှာပါ၊ ဒေါ်ဒေါ်တို့က ရိုးရိုးရှင်းရှင်း မိတ်ဆက်ပေးရင်သာ ဈေးဖိုးရင်ထူနေမှာ၊ သူ့ဘာသာသူ တွေ့တာ ဆိုရင် သမီးလေးကို သူသဘောကျကိုကျမှာ စိတ်မပူပါနဲ့''

ရွှေခက စောဒကမတက်ဘဲ ခေါင်းညိတ်လိုက်သည်။

အမ်းသပ်ခံပစ္စည်းတစ်ခုလို့ သတ်မှတ်ရင်လည်း ရွှေခက မှတ် ကျောက်တင်ဝံ့ပါတယ်နော်။

ရွှေခက ရွှေစစ်စစ်ပဲ။ မကြောက်ဝံ့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မမကြီးတို့ သုံးယောက်က သူတို့၏ မင်းလုလင်

ရွှေခကို သဘောကျမကျ အရင်ဦးဆုံး စာတ်လမ်းဆင် ဆန်း

ကြည့်ချင်တာ။

"တကယ်လို့ ဒီနည်းလမ်း မအောင်မြင်ခဲ့ရင် တခြားနည်း

လမ်း စဉ်းစားကြတာပေါ့"

သူတို့က နည်းဗျူဟာတွေ ဘယ်နှစ်ခုတောင် စဉ်း

ကြံစည်ထားသလဲ။

"ဒေါ်လေးတို့ကတော့ သမီးကလေး ယွန်းရွှေခနဲ့

သဘောတူပါတယ်တွယ်"ဟု ရှင်းရှင်းလင်းလင်း ပြောလာ

လည်း ရွှေခ စိတ်ခုမ္ဘနေတော့ပါ။

ရွှေခကတော့ မင်းလုလင်ကို မြင်ဖူးပြီး စကားပြောကြ

လို့ သဘောမကျလျှင် အားမနာစတမ်း ငြင်းကိုငြင်းပစ်မှာ။ ဒါ

ဖေဖေ့အတွက် လက်တုံ့ပြန်မှု။

"အဲဒီနေ့သ ဒေါ်လေးတို့ အိမ်မှာမရှိကြဘူး။ အိမ်မှာ





ထားတဲ့ အဒေါ်ကြီးရယ်၊ ကောင်မလေးရှယ် ဒါပဲရှိမယ်။ ဒေါ်လေး

တို့ရှိနေရင် သားက အနေကြံ့နေမယ်လေ၊ ရွှေခကိုလည်း စကား

ပြောရခက်နေမယ်၊ သူက အဒေါ်တွေကို သိပ်ရိုသေတာ"

"ကောင်းပါပြီ၊ သမီး ကြိုးစားကြည့်ပါ့မယ်"

ရွှေခတို့က သိပ်မဝေးပါ။ သဘောပေါက်လွယ်ပါသည်။

သည်လိုဇာတ်လမ်းလောက်တော့ မခဲယဉ်းပါ။

မင်းလုလင် နှစ်ဘက်လူကြီးတွေဆန္ဒနဲ့ တိုက်တွန်းချက်

အရ ရှင့်ကို ကျွန်မလာတွေ့မယ်။

× × × ×



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



ရွှေခ ပြန်ပြောပြတော့ ဖေဖေက ရယ်သည်။

"ဒါမျိုးကို သူတို့ပဲ စဉ်းစားတတ်တယ်"တဲ့။

ရွှေခကတော့ မရယ်နိုင်ပါ။

မင်းလုလင်မှာ ရွှေခကို မှတ်မှတ်မိမိမရှိလျှင် သူတို့ထင်သလို နှစ်သက်စွဲလမ်းခြင်း မဖြစ်ခဲ့လျှင် ...

အဲဒါကို မတွေးကြည့်ရဲပါ။

"သမီး ယုံကြည်မှုရှိစမ်းပါ၊ သမီးက ဒီလောက်လှတာ"

ရွှေခကို ဖေဖေက အားပေးသည်။

"နှစ်ခါ အရှုံးမခံချင်ဘူးဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



''ဟော''

''ဖေဖေ့ကို ဒေါ်မမလတ်က ငြင်းဖူးတယ်မဟုတ်လား''

ဖေဖေက အေးချမ်းစွာရယ်၏။

''ဒါတွေက ဟိုတုန်းက ကိစ္စပါ၊ ဖေဖေ ဗွေမယူပါဘူး''

ရွှေခက မှန်စားပွဲပြင်ကို စူးစိုက်ကြည့်ကာ ငြိမ်သက်ရင်း စဉ်းစားမိသည်။

မင်းလုလင်ကို ဘယ်လိုစကားမျိုး ခုပြောရမလဲ။

ဖုန်းဝင်ဆက်ခွင့် တောင်းရမလား။ လမ်းမှားတာကို အကြောင်းပြရမလား။ ကားပျက်ချင်ယောင်ပဲ ဆောင်ရမလား။

''စိတ်အေးအေးထားပါ သမီးရယ်၊ သူ သမီးကို စိတ်ဝင်စားမှာပါ၊ သေချာပါတယ်''

ရွှေခက ပင့်သက်ကလေး ရှိုက်၏။

ဒေါ်လေးတို့က ခါတ်ပုံရော၊ ကားနံပါတ်ရော၊ ဖုန်းနံပါတ်





ရော ပေးသွားကြတာ။

''ဖေဖေ''

''ဟော''

''စလာကာတည်းက ရွှေခတို့ဘက်က အောက်စည်းကြီး ဖြစ်နေပြီ၊ တကယ်ဆို သူက သမီးကို အဲဒီလိုလာကြည့်ရမှာ၊ သမီးက မိန်းကလေးပဲ''

''ဪ ...သမီးရယ်''

ဖေဖေက ရွှေခကို တစ်ချက်ကြည့်ပြီး ...

''သေးသေးမွှားမွှားကို မကပ်တွက်ပါနဲ့၊ အရေးကြီးတာ သမီး သူ့ကို ချစ်နိုင်သလား၊ လက်ထပ်နိုင်သလား၊ သမီးဘဝအတွက် အဲဒါအရေးကြီးဆုံးပဲ''

ဖေဖေက ရွှေခကို လမ်းမှန်ပြောသည်။

''သမီးက လက်ခံမှ ဖေဖေက သဘောတူမှာ''

ရွှေခက မတင်မကျနှင့် စကားမဆိုတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီပို့စင်ကလည်း သည်ရက်ထဲမှာ ခရီးကပြန်ရောက်ပြီး အလုပ်တွေရှုပ်ကာ ရွှေခဆီ ရောက်မလာ။

ရွှေခက နှင်းဆီပို့စင်နှင့် တိုင်ပင်ချင်တာ။ အချိန်က ရပါ့မလား။ သည်နေ့ပဲ သောကြာ။

ရွှေခ ဘာဆက်လုပ်ရမလဲ။

ဝေခွဲဆုံးဖြတ်လို့မရသေးပါ။

ဖေဖေတို့ ဒေါ်မမလတ်တို့ကို ခေါင်းညိတ်ထားခဲ့ပေမယ့် ရွှေခ ရှေ့ရေးရာ မဆုံးဖြတ်ရသေးပါ။

မိန်းကလေးမာနနှင့် မသွားဘဲနေပစ်လိုက်လည်း ရတာပဲ မဟုတ်လား။

ခေါင်းထဲမှာ အမျိုးမျိုးတွေးသည်။

× × × ×





www.burmeseclassic.com

www.burmeseclassic.com



ကားသော့ကောက်ယူလိုက်သော မင်းလုလင်က အံ့အားသင့်စွာနှင့် "ဟာ …ဒါဆို သားတစ်ယောက်တည်းပေါ့"ဟု ဖြန့်မေးလာ၏။ ဒေါ်မမလတ်က ခေါင်းညိတ်သည်။

"ဟုတ်တယ်လေ …ဒေါ်ချိုနဲ့ ပုရုးမ အောက်မှာရှိသားသားရဲ့၊ ဖြစ်တယ်မဟုတ်လား"

မင်းလုလင်က စဉ်းစဉ်းစားစားနှင့် …

"ဖြစ်တော့ဖြစ်ပါတယ်၊ ဒါပေမယ့် ဒေါ်လေးတို့က အခုထိမျိုး သုံးယောက်စလုံး တစ်ခါမှ မသွားဖူးကြတော့"

"တစ်ခါတလေပါ သားရယ်"

မင်းလုလင်က ခေါင်းညိတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်၊ တစ်ရက်တလေပဲဟာ"

ဒေါ်မမလတ်က ဖွဖွပြုံးသည်။ မောင်လေး သားဦးတုန်းက လက်ဦးမှုမရခဲ့လို့ ကိုယ်သဘောမတူနိုင်သော မိန်းကလေးနှင့် ပါသွားခဲ့တာ။ သည်တစ်ခါ မင်းလုလင်ကိုတော့ အဲဒီလိုအဖြစ်မခံနိုင်ပါ။

ကိုယ်ဖြစ်စေချင်သလို ဖြစ်လာအောင် ပညာသားပါပါနှင့် ဖန်တီးလုပ်ယူရတော့မည်။

"သား ...တံခါးတွေ ဘာတွေ သေချာပိတ်နော်"

"စိတ်ချပါဗျာ၊ ကလေးလေးကျနေတာပဲ"

ရွှေခနှင့် တွေ့ဆုံခွင့်ကို အကွက်ကျကျ စီစဉ်ထားခဲ့ပါပြီ။ မင်းလုလင် ရွှေခကလေးကို စွဲလမ်းသွားဖို့ပဲလိုသည်။ ရွှေခ သဏ္ဌာန်လေးက သိပ်ချစ်စရာကောင်းသည်။ မင်းလုလင်က ဘာသားနှင့် ထုထားတာမို့လို့လဲ။

မင်းလုလင် ရွှေခကို နှစ်သက်သွားမှာ သေချာပါသည်။

××××





www.burmeseclassic.com

www.burmeseclassic.com



ဆံပင်တွေကို ဘရပ်ရှ်ဘီးအနီရဲရဲကလေးနှင့် ဖြီးနေရင်းက မမေ့ရှေ့မှာ ဝင်ထိုင်သည်။ မမေက နှင်းဆီပျိုစင်ကိုကြည့်ကာ ကျေနပ်စွာ ပြုံး၏။

"မမေ ခေါ်တယ်ဆို"

"အင်း"

"ဘာခိုင်းမလို့လဲ မမေ"

နှင်းဆီပျိုစင်က ဘရပ်ရှ်ဘီးနီရဲရဲကလေးကို စားပွဲပေါ် အသာချလိုက်ပြီး Follow me (ဖောလိုးမီ)က ထုတ်သော အေးအေး မွှေးမွှေး ဘော်ဒီလိုရှင်းဗူးကလေးကို ကောက်ယူလျက် သက်နှစ်



www.burmeseclassic.com

www.burmeseclassic.com



ဘက်နှင့် လည်ပင်းကို လိမ်းနေမိ၏။

ရေချိုးပြီးစမို့ အိမ်နေရင်း စပန့်ဂါဝန်ပွပွကလေးကို ဝတ်ထားပေမယ့် ဖွေးဖွေးသန့်သန့် အလှကလေးက အထင်းသား ပေါ်လွင်လှသည်။

နူးညံ့ဝင်းညက်သော အသားအရေနှင့် နွဲ့နှောင်းညင်သာသော သဏ္ဍာန်ကလေးသည် ချိုကြည်သောအသံနှင့် ရူးရှနွေးထွေးသော အကြည့်တို့နှင့် စွဲဆောင်မှုက ပြီးပြည့်စုံလှပါသည်။ နှင်းဆီပို့ုစင်က နှင်းဆီကလေးတစ်ပွင့်လို လှတာ။ ငယ်ငယ်လေးကတည်းက သိပ်လှသည်။ အသက်တစ်နှစ်ကြီးလာလေ အလှတစ်ရစ်တိုးလာလေ။

ကိုယ့်ဆီမှာ မြတ်မြတ်နိုးနိုး ကမ်းလှမ်းတောင်းရမ်းသူတွေ ပေါမှပေါ။ ကိုယ့်သမီးလှတာ ကိုယ်အသိဆုံး။

"မခိုင်းပါဘူး သမီးရယ်၊ ပြောစရာရှိလို့ပါ"

"ပြောလေမေမေ"





"မေမေပြောထားတာလေ အရမ်းအရေးကြီးတဲ့ကိစ္စ"

နှင်းဆီပိုုံ့စင်က ဘော်ဒီလိုရှင်းဖူးကလေးကို ကိုင်ထားလျက် ငြိမ်ကျသွားသည်။

အမြဲတမ်းပြောထားခဲ့သည်။ ရင်ထဲမှာ ခေါင်းထဲမှာ စွဲနေခဲ့သည်၊ ငယ်ငယ်လေးကတည်းက။ မထင်မှတ်ဘဲ သည်နေ့မှ မေမေက စကားစလာသည်။

"သမီး တစ်နေ့ကျရင် မေမေ့အတွက် တစ်ခုလုပ်ပေးရမယ်၊ မငြင်းရဘူးနော်" ဟု နှစ်ပေါင်းများစွာကတည်းက ပြောထားခဲ့တာပါ။ ဘာကိစ္စမှန်းတော့ မသိရသေးပါ။ အကြောင်းစုံကို မေမေက ဖွင့်ဟမပြောခဲ့ပါ။

"လာမယ့် အင်္ဂါနေ့က မေမေ့မွေးနေ့"

"ဟုတ်တယ်လေ၊ သမီးမမေ့ပါဘူး"

နှင်းဆီပို့ုစင်က မေမေ့ကိုကြည့်ကာ ခေါင်းညိတ်၏။

"အဲဒီနေ့မှာ မေမေက အကြောင်းစုံပြောပြမယ်၊ ပြီးရင်



www.burmeseclassic.com

www.burmeseclassic.com



သမီးက မေမေလိုချင်တာတစ်ခုကို မရရအောင် ပြန်ယူပေးရမယ်။ ဒီလိုနေ့ကို မေမေ စောင့်နေခဲ့တာပါ''

နှင်းဆီပို့ချစင်က နားမလည်စွာနှင့် နားထောင်နေမိ၏။ မေမေက ပြောမပြသေးပါ။ ပဟေဠိလုပ်ထားသည်။ မေမေ ဖွင့်ဟ ပြောပြီး နှင်းဆီကို ခိုင်းမည့်နေ့ကို စောင့်နေခဲ့တာကြာပါပြီ။ မေမေ့ ဆန္ဒကို အစွမ်းကုန်ဖြည့်ဆည်းပေးမည်။ နှင်းဆီအပေါ် မေမေက အမေရင်းတစ်ယောက်လို ကောင်းခဲ့တာ နှင်းဆီက ဘာလို့ သမီး အရင်းလို ကျေးဇူးမဆပ်နိုင်ရမှာလဲ။ မေမေဖြစ်ချင်တာ ဖြစ်လာအောင် ရမည်။

''အင်္ဂါနေ့ကျရင် မေမေတို့ ဘုရားသွားကြမယ်၊ ပြီးရင် ဆိုင်တစ်ခုခုမှာ ထမင်းဝင်စားမယ်၊ ပြီးတော့ သမီးကို ဇာတ်လမ်း တစ်ပုဒ်ပြောပြမယ်''

''ကောင်းပါပြီ မေမေ''

မေမေ့စကားကို ခေါင်းညိတ်မိသည်။





''ဧည့်သည်ရောက်နေတယ် မမလေး''ဟု ချာတိတ်မ လာပြောတော့မှ စကားပြတ်သည်။

''ဘယ်သူလဲ''

''ကိုသက်တန့်ပါ''

''အေး . . . လာပြီ''

နှင်းဆီပို့ချစင်က ချက်ချင်းပဲ အောက်ထပ်ဧည့်ခန်းဆီ ဆင်းလာခဲ့ပါသည်။ သက်တန့်နှင့် မတွေ့တာကြာပြီ။

သက်တန့်က ဧည့်ခန်းမှာ ထိုင်စောင့်နေ၏။

''ဘယ်က လှည့်လာတာလဲ''

''နှင့်ဆီ သက်သက်လာခဲ့တာ''

''အံ့မယ် ဟုတ်လို့လား''

''မယုံဖူးလား''

''မယုံပေါင်''

''ငါ့ညာတာတတ်လို့လား''



www.burmeseclassic.com

www.burmeseclassic.com



"မသိနိုင်ဘူးလေ"

"ငါ မညာတတ်တာ နင်သိပါတယ်ဟာ"

"မသိပါဘူးနော်"

"နင် ငါ့ကို သတိမှရရဲ့လား"

"ရတာပေါ့"

"ဖုန်းမဆက်ဘူး"

သက်တန့်က ထောက်ပြအပြစ်တင်သည်။

"ဖုန်းခေါ်မိရင် ပိုသတိရမယ်"

"သိပ်ကောင်းလွန်းတဲ့ ဆင်ခြေပဲ"

"တကယ်ပါ၊ ငါ ရွှေခဆီတောင် မဆက်ဖြစ်ဘူး"

"ဟုတ်လို့လား"

"ဟုတ်တယ်၊ နင် ရွှေခနဲ့ တွေ့သေးလား"

"မတွေ့ဘူး"

သက်တန့်က ခေါင်းခါသည်။





နှင်းဆီက တိုက်ရှေ့ကိုလှမ်းကြည့်ပြီး ...

"နင် ကားလဲလိုက်တာလား"ဟု သတိထားမိသွားသည်။

"ဟုတ်တယ်"

"လှလိုက်တာ ကားလေးက"

"နင်စီးချင်ရင် ယူထားလေ၊ နင့်ကား ငါ့ပေးထားပေါ့"

"ကောင်းသားပဲ"

နှင်းဆီပျိုစင်က သဘောကျစွာ ခေါင်းညိတ်၏။

"နှင်းဆီ"

"ဟင်"

"နင် တမင်ရှောင်နေတာတော့ မဟုတ်ပါဘူးနော်"

"နင်က သံသယဝင်လို့လား"

"မသိဘူးလေ ...နင်က အရမ်းလှတော့"

"အရမ်းလှတော့ ဘာဖြစ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဝိုင်းဝိုင်းလည်နေမှာပဲလေ"

နှင်းဆီက တိုးတိုးကလေးရယ်သည်။

"ရှော့"

သက်တန့်က ကားသော့ လှမ်းပေးသည်။

"ဟင် …ပြန်တော့မလို့လား"

"ပြန်စေချင်ပြီလား"

"ရန်မစနဲ့ …သူပဲ ပြန်တော့မလိုလိုလုပ်ပြီး"

နှင်းဆီပို့ပြုစင်၏ မျက်ဆောင်းကလေးက သက်တန့်ကို ရင်ခုန်မြန်လွန်းစေသည်။

"သတိမရဘူးမဟုတ်လား"

မကျေမနပ်မေးနေတုန်းမို့ …

"ကလေးလိုပဲ"ဟု ဆိုမိတော့သည်။

"ဘာ"

သက်တန့်က နှင်းဆီပို့ပြုစင်ရှေ့ကို နီးကပ်စွာ တိုးလာတော့





နောက်ဆုတ်ရှောင်လိုက်ရင်း မျက်လုံးကလေးပြူးသွား၏။

နှင်းဆီ၏ လွင့်နေသော ဆံပင်စတချို့ကို သက်တန့်က ခပ်ဆုပ်လိုက်ပြီး မချင့်မရဲနှင့် …

"မြန်မြန်ခေါင်းညီတော့ကွာ"ဟု တိုက်တွန်းသည်။

နှင်းဆီပို့ပြုစင်က သူ့လက်ထဲက ကိုယ့်ဆံပင်အဖျားစကလေးတွေကို ပြန်လည်ဆွဲယူလိုက်ပြီး …

"ကံကိုတော့ ငါမသိဘူး သက်တန့်၊ ဒါပေမယ့် နှင်းဆီအတွက် သက်တန့်က နံပါတ်တစ်ပဲ"ဟု ပိုင်နိုင်စွာ ဆို၏။

"တကယ်လား"

သက်တန့်မျက်နှာက ဝင်းထိန်သွားသည်။

"နှင်းဆီ နောက်တော့မှ တစ်မျိုးပြောင်းသွားရင် ငါ့ရှုးမှာ၊ နင့်စကားတွေက ငါ့ကို အရမ်းဖမ်းစားလွန်းတယ်"

နှင်းဆီပို့ပြုစင်က နှုတ်ခမ်းလေးစေ့ကာ ပြုံးသည်။

မေမေ့က ဘာတွေများပြောမလဲ။ နားထောင်ကြည့်ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



သက်တန့်ကို ရွေးချယ်ချင်တာ ဖွင့်ဟတိုင်ပင်မည်။

နှင်းဆီစိတ်ဓာတ်က ဒါဆိုဒါ။ သက်တန့်ကိုပဲ လက်ထပ်ချင်သည်။ ဘဝတစ်ခုကို သက်တန့်နှင့် တည်ဆောက်ချင်သည်။ သူ့ကို ယုံကြည်တွယ်တာသည်။

စားပွဲပေါ်က နှင်းဆီ ကားသော့ကို သွားယူကာ သက်တန့်ဆီ ပေးထားလိုက်သည်။

သက်တန့်၏ ကားအသစ်ကလေးက လှလွန်းတာမို့ ခဏယူထားဖို့ နှင်းဆီ ဆုံးဖြတ်သည်။

အဲဒီလို မကြာမကြာ ကားချင်းလဲစီးတတ်တာကို မေမေက မကြိုက်ပါ။ နှင်းဆီကို ဆူပူတားမြစ်တာမျိုးတော့ မလုပ်ဖူးပါ။ ဘယ်တုန်းကမှ စကားကြမ်းကြမ်းပင်မဆိုပါ။ အမေရှင်းထက်ကောင်းသောအမေပါ။

နှင်းဆီကလည်း မေမေ့ကို အရမ်းချစ်သည်။

"တနင်္ဂနွေအားလား"





"ဟင် …မအားဘူး၊ မေမေခိုင်းထားတဲ့ကိစ္စတွေ ရှိနေတယ်၊ ဘာလို့လဲ"

"ငါ ပဲခူးဘက်သွားစရာရှိလို့"

"သွားလေ၊ မန်းဒေးမှ (တနင်္လာနေ့)မှ တွေ့မယ်။ ပဲခူးဆိုတော့ လိုက်ချင်တယ်။ ဒါပေမယ့် တနင်္ဂနွေ တစ်နေကုန်မအားဘူး"

နှင်းဆီပျို့စင်က သက်တန့်ကို ကြည့်ကာ ငြိမ်နေ၏။

"ဘာကြည့်တာလဲ"

"နင့်ကိုမြင်ရရင် ငါ့ဘဝကို ငါကျေနပ်တယ်"

မညာတတ်သော နှင်းဆီမို့ ရင်ထဲအရှိတိုင်း ပြောလိုက်တာဟု သက်တန့် ယုံကြည်သည်။

သက်တန့်က နှင်းဆီ လက်ဖျားလေးကို ဆွဲယူဖျစ်ညှစ်လိုက်၏။ ပွင့်လင်းသော ချစ်သူတွေ ဖြစ်ချင်ပါပြီ။ သည်အနေအထားကို စိတ်မရှည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို ဘယ်တော့အဖြေပေးမှာလဲ"

"မကြာတော့ဘူး၊ ဒီတစ်ပတ်တည်းမှာပဲ"

"သေချာလား"

"သေချာတာပေါ့၊ ဘာလို့ အဲဒီလောက်လော်နေရတာလဲ"

"နှင်းဆီကို လုံးဝယုံပါတယ်။ ဒါပေမယ့် နှင်းဆီက အမေစကားဆို မြေဝယ်မကျ တသွေမတိမ်း နားထောင်တတ်တဲ့ သမီးအလိမ္မာဆိုတော့…"

"ရင်ပူနေတယ်ပေါ့"

"ဒါပေါ့"

သက်တန့်က အမှန်အတိုင်း ဝန်ခံသည်။

"မေမေက နှင်းဆီကို သက်တန့်နဲ့ သဘောတူမှာပါ"

နှင်းဆီက ထင်ထားတာကို ဖွင့်ဟသည်။

သက်တန့်က ခေါင်းညိတ်သည်။

× × × ×







www.burmeseclassic.com

www.burmeseclassic.com



အပြင်မှာ မိုးတွေတအုန်းအုန်း ရွာလာတော့ ရွှေခက ပြတင်းပေါက်ဘေးမှာ သွားရပ်မိသည်။

အခန်းထဲမှာ ရွှေခ တစ်ယောက်တည်း။

ဖေဖေက သူ့သူငယ်ချင်းတစ်ယောက်နှင့် အပြင်သွားနေသည်။ အိမ်မှာမရှိ။

အချိန်အခါမဟုတ် မိုးရွာပါလား။

မှန်ပြတင်းပေါက်ကို မပိတ်ဘဲ မိုးစက်မိုးပေါက်တွေကို ကြည့်နေမိသည်။ ရွှေခ တွေဝေစဉ်းစားနေမိသည်။

ဒေါ်မမလတ်တို့ စီစဉ်အကွက်ချပေးထားသော ဟော်လမ်း

www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ဝင်သရုပ်ဆောင်သင့်သလား။

သည်အချိန်က မင်းလုလင် ညစာစားပွဲကနေ အိမ်ကိုပြန်မည့်အချိန်။

ရွှေခ မသွားချင်ပါ။

ဖေဖေ့ကို ဘယ်လိုပြောရမလဲ။

ဖေဖေ ရွှေခဲကို နားလည်ပါ့မလား။

ဒေါ်မမလတ်တို့ကရော ရွှေခကို အပြစ်မြင်မှာလား။

မင်းလုလင် ဘာလို့ ရှင်က အထက်စီးနေရာကို ရနေရတာလဲ။

ရွှေခ လက်သည်းကလေးကို သွားနှင့် ဖွဖွကိုက်ထားမလှုပ်မယှက်ရပ်နေမိသည်။

ဖေဖေတို့ ဒေါ်မမလတ်တို့ မသိလို့ပါ။

ရွှေခက အင်မတန်ခေါင်းမာသည်။

တစ်ခါတလေ သွေးအေးစွာ နေပြတတ်သည်။ ဝန်သောကိစ္စဆို စိတ်ပြတ်ပြတ်နှင့် မျက်နှာလွှဲတတ်သည်။



မသွားဘူးကွာ ...

ရွှေခဆံနွယ် မဟုတ်လား။

မသွားတော့ရော ဘာဖြစ်မှာမို့လို့လဲ။

× × × ×



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီပို့စင်က ရုတ်တရက် ကားစက်သေသွားတော့ မျက်လုံးကလေးပြူးကာ အလန့်တကြား ပြန်နှိုးမိသည်။

ဟယ်တော့ ...

ကားက စက်မနိုးတော့ပါ။

သက်တန့်၏ ကားမို့ သည်ကားအထာလည်း နှင်းဆီက သိပါ။ ပြီးတော့ နှင်းဆီ မှားသွားတာ လူရှင်းသောကားအသွား အလာ အင်မတန်နည်းသော သည်ဖြတ်လမ်းကို ရွေးချယ်မောင်း သာမိတာ။

မိုးကလည်း သည်းသည်းမည်းမည်း ရွာနေသည့် မှန်တွေ



www.burmeseclassic.com

www.burmeseclassic.com



အကုန်လုံး ပိတ်ထားတာမို့ အဲကွန်း(လေအေးပေးစက်) ဖွင့်လိုက်မိကာ။ အဲကွန်းဖွင့်လိုက်တာကြောင့်များလား ကားက ဘာလို့ထိုးရပ်သွားမှန်းမသိပါ။

နှင်းဆီပို့စင်က ဟဲင်းန်ဖုန်းလေးကို ကောက်ယူပြီး မမေ့ဆီ ဆက်သည်။ မမေက ဖုန်းမကိုင်။ အိမ်ဖုန်းကိုခေါ်တော့ မမေမရှိ။

"ရတယ် ...ရတယ်၊ ဘာမှပြန်မပြောနဲ့ မသန်း"

ဟု မမေ စိတ်ပူမှာစိုးလို့ ပြန်ပိတ်ရသေးသည်။

သက်တန့်ကလည်း ပဲခူးသွားနေသည်။ ဘာမှမတတ်နိုင်။ ကိုယ့်အားကိုယ်ကိုးရတော့မည်။ ကားထဲမှာ ထီးလည်းမရှိ။

နှင်းဆီ ကားထဲမှာဆို ထီးရော၊ ရိန်းကုတ်(မိုးကာအင်္ကျီ)ရော၊ ပြီးတော့ အနွေးထည်၊ ဖိနပ်ပါးလေးတစ်ရံ၊ ပြီးတော့ ပလာယာတို့ ဝက်အူလှည့်တို့ ထည့်ထားသောဗူးကလေး။ အကုန်လုံးပါသည်။ သက်တန့်ကားထဲမှာ ရှင်းနေသည်။ ဘာမှမပါ။





ဘယ်လိုလုပ်ရမလဲ။

နှင်းဆီ သက်ပြင်းရှိုက်ကာ ကူရှင်ကို မှီချမိသည်။ လမ်းဘေးတစ်ဖက်တစ်ချက်မှာ ခြံဝင်းကျယ်တွေဟာ တံခါးကြီးတွေပိတ်ထို့။ လူရိပ်လူယောင် လုံးဝမတွေ့။

ကားစက်ကို ထပ်တစ်ကြိမ် နှိုးကြည့်သည်။ မနိုး။ ကားဟွန်းတစ်ချက် တီးကြည့်သည်။

ဘက်ထရီလည်း မဝပ်ပါ။ ကားက ဘာဖြစ်သွားတာလဲ။ လုံးဝမထင်ထားတာမို့ နှင်းဆီ အခိုက်မိကာ အလစ်တိုက်ခြင်းခံရပြီ။

ဟော ...

မီးထိုးပြီး ဝင်လာသော ကားတစ်စီးကြောင့် နှင်းဆီပို့စင်ခေါင်းလေးမတ်သွားရသည်။

အကူအညီရနိုးနှင့်ပါ။

ကားက နှင်းဆီပို့စင်ကားဘေးအရောက် အရှိန်နှေးသွားပြီးတော့ ရှေ့ခြံဝင်းတံခါးကို ကားခေါင်းဦးတည်သည်။ သည်လမ်း



www.burmeseclassic.com

www.burmeseclassic.com



ထဲကို လာတာပဲလား။

နှင်းဆီမျိုးစင် တုံ့ဆိုင်းစဉ်းစားမနေဘဲ ကားတံခါးဖွင့်ကာ ဆင်းလိုက်ပြီး မိုးရေထဲ ပြေးထွက်ခဲ့သည်။

အေးစိမ့်သော မိုးစက်မိုးပေါက်တွေက နှင်းဆီကို ချမ်းတုန် စေသည်။

အေးလိုက်တာနော်။

အံလေးကြိတ်ကာ မြင်ရသော ကားဆီပြေးသွားလိုက်ပြီး ကားမှန်ကို ဖွဖွခေါက်သည်။

မိုးက သည်းသည်းမည်းမည်းရွာနေတော့ ကြားမှကြားရ ပါ့မလား။ ခပ်ပြင်းပြင်းကလေး ထပ်ခေါက်သည်။ ကားမှန်က လျှောခနဲကျသွား၏။

တော်ပါသေးရဲ့။

ဂျာကင်နက်ပြာရောင်ကို ဝတ်ထားသော လူတစ်ယောက်။ စူးရှသော မျက်လုံးများနှင့် ဦးဆုံးတိုးမိသည်။





"ကျွန်မကား ဘာဖြစ်သွားမှန်းမသိလို့"

"ဗျာ"

မင်းလုလင်က မိုးရေရွှဲနေသော အနီရဲအင်္ကျီလေးနှင့် ကောင်မလေးကို ရုတ်တရက် ငေးကြည့်နေမိသည်။

မိုးစက်မိုးပေါက်တွေနှင့် မျက်နှာနုနုကလေးက လှပလွန်း သည်။ သည်မျှ ဖမ်းစားနိုင်သော မျက်နှာမျိုးလေး သူ မတွေ့ဖူး ခဲ့ပါ။

လူမှဟုတ်ရဲ့လား။ နတ်သမီးလေးလား။ ဥစ္စာစောင့် မလေးများလား။ မိုးသည်းညမှာမို့ သူ တစ်ချက်တွေးမိ၏။

"အဲဒါ တစ်ချက်လောက်ကူညီပါရှင်"

ကောင်မလေးအသံကြားမှ သူ သတိဝင်သည်။

"ဟုတ်လား ···လာလေ၊ ကားပေါ်တက်ပါ၊ ခင်ဗျား မိုးစိုနေပြီ"

နှင်းဆီပျိုစင်က ရဲစိတ်မွေးပြီး ကားပေါ်တက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မတတ်နိုင်ပါ။ သူ လူကောင်းတစ်ယောက် ဖြစ်ပါစေဟုသာ ဆုတောင်းရတော့မည်။

"ကျွန်တော်က ဒီခြံကပါ"

"ဟုတ်ကဲ့"

"အိမ်ထဲကစောင့်ပါ၊ မိုးနည်းနည်းစဲမှ ခင်ဗျားကားကို ကျွန်တော်ကြည့်ပေးမယ်၊ ကျွန်တော်လည်း အကျွမ်းကြီးတော့ မဟုတ်ဘူးဗျ"

မင်းလုလင်က သူ့အားမှာ ဝင်ထိုင်သော မိုးရေစိုနှင့် ကောင်မလေးကို တစ်ချက်ကြည့်မိသည်။

သင်းပျံ့သောရနံ့ချိုချိုကလေးနှင့် ကိုယ်သင်းနံ့က သူနှင့် ယှဉ်ပါးရင်းနီးလွန်းလှသည်။

ရေးဘဝဘဝက ရေစက်ထင်ပါရဲ့။

မင်းလုလင်က ကားဟွန်းတီးသည်။ ခြံဝင်းတံခါးက ပွင့်လာသည်။ ဒေါ်ချိုက ထီးတစ်ချောင်းနှင့် တံခါးလာဖွင့်ပေးသည်။





ကားဝင်ပြီးတော့ ခြံဝင်းတံခါး ပြန်ပိတ်သည်။

"ကားတံခါး သေချာပိတ်ခဲ့ရဲ့လား"

"ရှင်"

သူပြောမှ သတိရသည်။ ကားသော့ပင် ဖြုတ်မလာခဲ့မိပါ။ တံခါးလည်း လော့ခ်မလုပ်မိခဲ့ပေ။

"ရပါတယ် ...ဒေါ်ချိုကို ကြည့်ခိုင်းပေးမယ်"

ခြံဝင်းတံခါးဖွင့်ပေးသော အဒေါ်ကြီးကို မြင်ရတာ နှင်းဆီရှိုင် အရမ်းဝမ်းသာမိသည်။ မိန်းမသားအဖော် မဟုတ်လား။ ဘာပဲဖြစ်ဖြစ် မသိစိတ်က လန့်နေသည်။

သူက ကားကို ဂိုဒေါင်ရှေ့အရောက် မောင်းလာခဲ့၏။ ကောင်မလေးကို ထပ်ပြီး မိုးရေမစိုစေချင်ပါ။

အမိုးအောက်မှာ ကားကိုရပ်သည်။

"ခင်ဗျား ဒီကနေဝင်သွားလိုက်ပါ၊ ဧည့်ခန်းရှိတယ်၊ ကျွန်တော် ဒေါ်ချိုကို ကားတံခါးပိတ်ခိုင်းလိုက်မယ်" ဟု သူက



www.burmeseclassic.com

www.burmeseclassic.com



စိစဉ်သည်။

"ကားသော့ ကားထဲမှာ၊ ပြီးတော့ ကျွန်မဟင်းနံ့ဖုန်း"ဟု အားနာနာနှင့် ပြောမိသည်။

"ရတယ် ...ကျွန်တော်သွားကြည့်မယ်"

ကားထဲမှ ဆင်းလိုက်ပြီး ထီးတစ်ချောင်းဆွဲယူကာ လျှောက်သွားတာမြင်ရတော့ အားနာစိတ်နှင့် ပင့်သက်ရှိုက်မိသူက နှင်းဆီပိုးစင်။

သူများကို အလုပ်ပိုစေပြီ။ အနှောင့်အယှက်ပေးမိပြီ။ နှင်းဆီလည်း မတတ်သာလွန်းလို့ပါ။

နှင်းဆီ ဝင်ထိုင်လိုက်တာမို့ ကားထဲမှာ ရေစိုကုန်ရပြီ။ ကားထဲက ဆင်းပြီး မဝ့်မရဲခြေလှမ်းများနှင့် လျှောက်လာမိပါသည်။

သားနားသော ညှော်ခန်းကျယ်တစ်ခုက ဘွားခနဲ ဆီးကြိုသည်။ ကော်ဇောခန်းလုံးပြည့် ခင်းထားပြီး ဆိုဖာနှင့် ကျွန်းကုလားထိုင်များကို မိုးရေစွဲနေတော့ အားနာမိသည်။





ထိုအချိန်မှာပဲ စောစောကလူ တစ်ဖက်တံခါးပေါက်ကနေ ပေါ်လာပြီး ညှော်ခန်းထဲ လျှောက်ဝင်လာ၏။

"လာလေ ...ခဏထိုင်ပါ"

"ကျွန်မ ရေစိုနေတော့ အားနာလို့ပါ"

"ရပါတယ်"

သူ ဘာပဲပြောပြော ကော်ဇောပေါ် ရေစိုနှင့် မတက်ချင်ပါ။ နှင်းဆီ အဲဒီလောက် နားလည်မှုမခေါင်းပါး။

"ကျွန်မ ဒီနားမှာပဲထိုင်မယ်။ သစ်သားခုံတစ်လုံးပဲ ပေးပါ"ဟု တောင်းဆိုလိုက်၏။

"ကောင်းပါပြီ"

သူက မှန်တံခါးနှင့် ခြားထားသော ထမင်းစားခန်းဘက် ဝင်သွားပြီး သစ်သားခုံတစ်လုံး ယူလာပေး၏။ နှင်းဆီက ကားဂိုဒေါင်နှင့် ညှော်ခန်းကြားရှိ ဝင်ပေါက်ရှေ့မှာ ခုံကလေးချကာ ထိုင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ကားသော့နှင့် ဟဲင်းန်ဖုန်းကို လှမ်းပေးလိုက်ရင်း "ခင်ဗျား ရှိနေပြီ"ဟု ဆို၏။

"ရပါတယ်"

စောစောက ခြံဝင်းတံခါး လာဖွင့်ပေးသော အဒေါ်ကြီးက ရေနွေးခွက်ဗူးနှင့် ကော်ဖီပူပူနှစ်ခွက် ယူလာသည်။

နှင်းဆီ ဟန်မဆောင်နိုင်လောက်အောင် ချမ်းနေပါပြီ။

ခဏလေးမိလိုက်သော မိုးစက်မိုးပေါက်တွေက အသည်းစိမ့်အောင် အေးလွန်းလှသည်။

"ဒေါ်ချို ··ခေါက်စားပွဲတစ်ခု ယူလာပေးလိုက်ပါ"

သူက ညွှန်ကြားပြီး နှင်းဆီရှေ့က ပျောက်သွားလျှင် ချက်ချင်းပဲ ပြန်ရောက်လာကာ မျက်နှာသုတ်ပဝါအဖြူကလေးကို လှမ်းပေးသည်။

"ခင်ဗျားဆံပင်တွေ သုတ်လိုက်ပါဦး"

သူ့တဘက်ကို ယူသုတ်ရမှာ အားနာလှပေမယ့်





ဟန်ဆောင်ပင် မငြင်းနိုင်။ ကပျာကယာ ဆွဲယူသုတ်ပြီး မျက်နှာသုတ်ပဝါကို အချမ်းပြေ ရင်ခွင်ထဲပိုက်ထားမိသည်။

"ရေနွေးသောက်လိုက်ပါဦး၊ ကော်ဖီလည်းသောက်ပါ"

ညှို့ဝတ်ကျေစကားဆိုပြီး သူက လှစ်ခနဲပျောက်သွားပြန်၏။ နှင်းဆီပျို့စင် ငြိမ်နေမိသည်။

တော်ပါသေးရဲ့။

သဘောကောင်း ရိုးသားသော လူတစ်ယောက်နှင့် လာတွေ့လို့။ အဲဒီလိုသာ မတွေ့ခဲ့ရင် နှင်းဆီပျို့စင် ဘာလုပ်ရမှန်းမသိပါ။

အခုတော့ စိတ်အေးသွားရပြီ။

ကားနှိုးမရလျှင် သူတို့ဆီ အပ်ထားခဲ့ရုံ။

နှင်းဆီ အဆင်ပြေအောင် သူ စီစဉ်ပေးနိုင်မှာပါဟု ယုံကြည်မိသည်။

သူ့ပုံစံက တည်ကြည်ခန့်ညားသည်။ သက်တန့်လက်ပင်



www.burmeseclassic.com

www.burmeseclassic.com



ပို့ချော့သည်။

နှင်းဆီက လက်ကလေးမတုန်အောင် ထိန်းပြီး ရေနွေး တစ်ခွက် ငှဲ့သောက်သည်။

အမယ်လေး …ပူလိုက်တာ။

လျှာကျက်မတတ်နှင့် မျက်ရည်လည်သွားရသည်။

တစ်ခါတလေ နှင်းဆီက အရမ်းချမ်းတတ်သည်။ ကားထဲ မှာ မိုးကာအင်္ကျီတို့ အနွေးထည်တို့ အမြဲဆောင်ထားတတ်တာပဲ ကြည့်။

ရေနွေးပန်းကန်လုံးကလေးကို စားပွဲပေါ် ပြန်ချကာ လက် နှစ်ဘက် တင်းတင်းပိုက်ထားမိသည်။

ကားက စက်နှိုး၍ရပါ့မလားဟု စိတ်ထဲက ပူပန်နေမိတော့

× × × ×









www.burmeseclassic.com

www.burmeseclassic.com



ရွှေခက ပြတင်းပေါက်ကို ဆွဲပိတ်ပြီး ဆုံးဖြတ်လိုက်သည်။ ဒေါင်းလုလင်ကို သွားတွေ့ကြည့်မည်။

အဖြေက ဘယ်လိုပဲထွက်လာထွက်လာ။

ဖေဖေနှင့် ဒေါ်မမလတ်တို့ သုံးယောက်ကို ကတိပေးထားပြီးမှ နောက်မဆုတ်ချင်။

ခေါင်းညိတ်ထားပြီးမှ ကိုယ့်ဘက်က ကတိမတည်သလိုဖြစ်သွားမှာမလိုလား။ အစကတည်းက လက်မခံခဲ့လျှင် တစ်မျိုး။

ကားသော့ကလေး ကောက်ယူပြီး ထီးဖွင့်ကာ ကားဆီပြေးသွားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



မီမှ မီပါ့မလား။

မင်းလုလင် အိမ်ပြန်ရောက်နေပြီလား။

ကားကို ညင်သာစွာမောင်းပြီး ထွက်လာခဲ့၏။

ရင်ထဲမှာ တစ်ချက်တစ်ချက် လှုပ်ခတ်မိသလိုပင်။

မင်းလုလင်နှင့်တွေ့လျှင် ဘာတွေဘယ်လို ပြောရမလဲဆိုတာ …။

မင်းလုလင်တို့အိမ်ရှိရာ ကားကို မောင်းလာခဲ့၏။

လမ်းထိပ်မှာ ကားရပ်ပြီး မင်းလုလင်ကားကို စောင့်သည်။ သီချင်းတိုးတိုးဖွင့်ကာ ငြိမ်သက်စွာ ထိုင်နေမိသည်။ စောင့်ရတာကြာတော့ မင်းလုလင်တို့အိမ်ဖုန်းကို ခေါ်ကြည့်သည်။ မင်းလုလင် ပြန်ရောက်ပြီလား သိချင်လို့ပါ။

"ဟဲလို"

"ဟင်"

တကယ်ပါပဲ။ မင်းလုလင်က အိမ်ပြန်ရောက်နေပြီ။





ဖုန်းကိုင်တာက ယောက်ျားလေးအသံ။

ဒေါ်မမလတ်တို့ ပြောစကားအရ မင်းလုလင်ရယ်၊ ဒေါ်ချိုရယ်၊ ပူစူးမရယ်ပဲ ရှိရမှာမဟုတ်လား။

ဖုန်းကို အသာကလေးပိတ်ပြီး ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။ ရွှေခ ရောက်လာချိန်က နည်းနည်းနောက်ကျသွားပြီ။ အိမ်ထဲအထိဝင်သွားပြီး စွန့်စားဖို့ကျတော့ ရွှေခရင်ထဲ ခဲယဉ်းသည်။ ကားကို ဒုံးဒုံးချလျက် ရွှေခ ပြန်လာခဲ့ပါသည်။

မင်းလုလင်ကို မရမက စိတ်ကူးကြံစည်ပြီး တွေ့ကြည့်ဖို့ကြိုးစားတော့ပါ။ ဖေဖေ့ကိုတော့ သူငယ်ချင်းလိုဖြစ်နေတာမို့ ခံစားချက်ကို အကုန်လုံးဖွင့်ပြောလို့ရသည်။

ဒါဆို ဒေါ်မမလတ်တို့ကို ဘယ်လိုပြောရမလဲ။

လွယ်လွယ်ကလေးပါ။

"အဲဒီနေ့က သူနဲ့သမီး သီသီကလေးလွဲသွားတယ်"

××××



www.burmeseclassic.com

www.burmeseclassic.com





ဝိုးဝိုး ၏ ကာရ

www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ရေစိုတွေကို သုံ့မျက်နှာသုတ်ပဝါနှင့် ဖွဖွကိုသုတ်သုတ်နေသော မိန်းမချောလေးကို ကြည့်ကာ မင်းလုလင် မျက်စိမခွာနိုင်။ မျက်ပေါင်ခတ်ဖို့ မေ့နေသလို အသက်မှန်မှန်ရှူဖို့တောင်သတိမရ။ နောက်တော့မှ ရင်ထဲမွန်းကြပ်လာလွန်းသဖြင့် တအားရှူသွင်းလိုက်ရသည်။

မိန်းကလေးတစ်ဦး၏ ပင်ကိုယ်ဟန်ပန်ရိုးရိုးကလေးကသူ့ကို မော်တစ်ကောင်လို ညို့ယူဖမ်းကားထားသည်။

ဘယ်လိုပဲကြည့်ကြည့် ချစ်စရာကောင်းသည်။

"ကော်ဖီသောက်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ချမ်းနေမှာ သိသည်။ မိုးစက်မိုးပေါက်တွေက စိမ့်လွန်းလှသည်။ နှုတ်ခမ်းလေး ဖျော့နေတာပင်ကြည့်။

မိန်းမချောလေးက သူ့စကားနားထောင်ပြီး ခေါင်းညိတ်လျက် ကော်ဖီမော့သောက်သည်။

မင်းလုလင်က ပြီးပြည့်စုံအောင် ကူညီချင်ပါသည်။ သို့သော် မယ့် ဒေါ်လေးတို့ကလည်း အိမ်မှာမရှိကြ။

"ခင်ဗျားကားကို မိုးနည်းနည်းစဲတာနဲ့ ကျွန်တော် သွားကြည့်ပေးပါ့မယ်"

"အင်း ...ကျေးဇူးပဲ"

အားတုံ့အားနာ အပြုံးကလေးက ကလေးလေးလို အပြစ်ကင်း ဖြူစင်လှပါသည်။

"ရပါတယ်၊ ကိစ္စရှိတာလုပ်ပါ၊ ကျွန်မကို အားမနာပါနဲ့၊ ထိုင်ငေးကြည့်ခံနေဖို့ မလိုပါဘူး"

မင်းလုလင်က ဖွဖွပြုံးသည်။





"ကျွန်တော်က မင်းလုလင်ပါ"

"ဟုတ်ကဲ့ ကျွန်မက နှင်းဆီပါ"

နှင်းဆီတဲ့လား။ ရိုးရိုးကလေးနှင့် ဘယ်တော့မှ မရိုးနိုင်သော အမည်ကလေး။ နှင်းဆီလို နုဖတ်သည်။ နှင်းဆီလို မွှေးမြသည်။ နှင်းဆီလို ကဗျာဆန်သည်။ နှင်းဆီလို လှသွေးကြွယ်သည်။

ကော်ဖီခွက်ကို လက်နှစ်ဘက်ဖြင့် ကိုင်ထားသောအခါ အဖြူရောင် လက်ချောင်းသွယ်သွယ်ကလေးတွေကို သတိထားမိသည်။ ပန်းသွေးရောင်ဖျော့ဖျော့ လက်သည်းဆိုးဆေးကလေး ရေးရေးတင်ထားပြီး လက်သူကြွယ်မှာ ဝတ်ထားသော လက်စွပ်သေးသေးလေးက တဖျပ်ဖျပ်ခတ်နေသည်။

"ကားက တော်တော်သစ်တယ်"

"ဟုတ်တယ်၊ ဝယ်တာဖြင့် မကြာသေးဘူး"

"သြော် ...အဲဒါကြောင့် ကားအထာမသိတာနေပါလိမ့်မယ်"ဟု သူက ပြောလာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကား မဟုတ်ဘူး၊ သူငယ်ချင်းရဲ့ကားပါ။ ကားချင်းလဲစီးထားတာ"

"ဟုတ်လား"

နှင်းဆီပို့စင်က ကော်ဖီပူပူတစ်ခွက်အတွက် ကျေးဇူးတင်မိသည်။ ရင်ထဲနွေးသွားရပြီ။

"ဟော …မိုးတိတ်သွားပြီ"

မိုးသံ ရပ်သွားတော့ သူကဆိုသည်။

"ကျွန်တော် မနှင်းဆီကားကို သွားကြည့်ပေးပါ့မယ်။ ခဏစောင့်နေဦး"

နှင်းဆီက အားနာစိတ်နှင့် မျက်နှာသုတ်ပဝါကို ပြန်ပေးလိုက်ရင်း "ကျွန်မ ထီးလိုက်မိုးပေးမယ်"ဟု ပြန်ပြောမိ၏။

"ရပါတယ်၊ ခင်ဗျားချမ်းနေရင် မလိုက်ပါနဲ့"

မင်းလုလင်က စေတနာနှင့် တားသည်။ နှင်းဆီက အားနာမှုနှင့် လိုက်လာသည်။





မိုးဖွဲကလေးတွေက တစိမ့်စိမ့်ရွာနေတုန်းပါပဲ။ မိုးအရှင်းတိတ်သေးပါ။ စောစောကလို ဝုန်းဒိုင်းကြဲပြီး မရွာတော့တာပဲရှိသည်။

နှင်းဆီက ထီးမိုးပေးထားသည်။ သူက ကားစက်ဖုံးဖွင့်ကြည့်သည်။

အပြစ်ကိုရှာမရ။ ဘာလို့ စက်ရပ်သွားရတာလဲ။ မင်းလုလင်က ကားစက်သွားနှိုးသည်။

တစ်ချက်တည်းနှင့် နိုး၏။

"ဟောတော့"

နှင်းဆီ အံ့သြမိပါသည်။ ဒါ ဘယ်လိုဖြစ်တာလဲ။ သက်သက်ကျီစယ်တာများလား။ မင်းလုလင် ဘယ်လိုထင်မလဲ။ အစောက နိုးမရဘူးဆိုတာ ယုံမှယုံပါ့မလား။

"ရပြီ"

သူက ဝမ်းသာအားရပြော၏။ နှင်းဆီစကားကို သူ့ပုံ



www.burmeseclassic.com

www.burmeseclassic.com



တော့ ယုံသည်ထင်ပါရဲ့။

နှင်းဆီက နှုတ်ခမ်းလေးကိုက်ကာ သက်တန့်ကို ဖျော

သတိရမိသည်။ ရန်တွေ့ချင်သည်။ ဘယ်လိုကားပါလိမ့်။ အ

တစ်မျိုး ခုတစ်မျိုး။ မှုမမှန်။

နှင်းဆီကို တမင်သက်သက် အခက်တွေ့စေသည်။

"ကျေးဇူးတင်ပါတယ်၊ မိုးတွေကလည်း ရွာနေ

ဘာလုပ်ရမှန်း မသိဘူး၊ ကိုမင်းလုလင်ကို တွေ့တာ ကံကော

လို့"

လက်ကလေးပိုက်ကာ ပြောမိသည်။ မင်းလုလ

နှင်းဆီလက်ထဲက ထီးကို လှမ်းယူလိုက်ပါပြီ။

"ခင်ဗျား မြန်မြန်ပြန်သင့်ပြီ"

"ရှင်"

မင်းလုလင်စကားကြောင့် နှင်းဆီ မျက်နှာပျက်

"ခင်ဗျား မိုးရေစိုထားတယ်၊ မိုးမိထားတော့ မြ





အဝတ်စားလဲသင့်ပြီလေ"

သည်တော့မှ နှင်းဆီ ပြုံးနိုင်၏။

မင်းလုလင်က စိုးရိမ်စိတ်နှင့် သတိပေးတာပါ။

နှင်းဆီပျိုစင်က စားပွဲပေါ်တင်ထားခဲ့သော ဟဲင်းနံ့ဖုန်းလေး

ကို သွားပြန်ယူ၏။

"လမ်းကြုံတဲ့အခါ ဝင်လည်လို့ရပါတယ်"

"ဟုတ်ကဲ့"

နှင်းဆီပျိုစင်၏ လိပ်စာဖြစ်ဖြစ်၊ ဖုန်းနံပါတ်ဖြစ်ဖြစ်

တောင်းချင်ပေမယ့် နှုတ်ကမထွက်။ ဝန်လေးနေသည်။ ရုတ်တရက်

မာနနှင့် သိက္ခာက ရှေ့ရောက်နေသည်။ သိချင်စိတ်က နောက်

မှာ။ တကယ်ဆို ဘယ်မှာနေတာလဲဟု တစ်ခွန်းမေးလိုက်လျှင်

ဘာဖြစ်သွားမှာမို့လို့လဲ။

အသုံးမတည့်သော အဓိပ္ပာယ်မဲ့သော သိက္ခာနှင့် မာန

က သူ့ကိုဒုက္ခပေးသည်။ ဘာတစ်ခုမှ သိခွင့်မရလိုက်တာကို သူ



www.burmeseclassic.com

www.burmeseclassic.com



တစ်မိမ့်စိမ့် နောင်တရနေလိမ့်မည်ဆိုတာ သွေးပူနေစဉ်က မသိခဲ့သေးပါ။ နှင်းဆီကလည်း မမေးတော့ မပြောပါ။

မင်းလုလင်က မေးခဲ့လျှင်တော့ နှင်းဆီက ဖြေမှာမလွဲမသွေ။ အကူညီပေးခဲ့သူ စိတ်ရင်းစေတနာကောင်းသူ မဟုတ်လား။

"ပြန်ခွင့်ပြုပါဦး"

"ဟုတ်ကဲ့ …စက်သတ်ပြီး ခင်ဗျား ပြန်နှိုးကြည့်ပါဦး"

နှင်းဆီက သူ့စကားနားထောင်ပါသည်။ ကားထဲဝင်ထိုင်ပြီး စက်နှိုးကြည့်သည်။ ပြန်သတ်ကြည့်သည်။ တစ်ခါ ပြန်နှိုးသည်။ အကောင်းကြီးပါပဲ။

"ရပါပြီ"

မင်းလုလင်က စိတ်ချလက်ချ ဖြစ်သွား၏။

လက်ကလေးပြပြီး ကားလေးဝေးသွားတော့မှ ရင်ထဲ... လစ်ဟာသွားသည်။ ကိုယ့်ဘက်မှာ ဘာမှမကျန်ခဲ့ပါလား။ သတိ... စိတ်ကလေး ဖြစ်လာလို့ သွားကြည့်ချင်ရင်တောင် ဘယ်မှာနေ...





...သိသော အဖြစ်ပါလား။

သူ သိပ်အပါလား။ ဘာလို့ မမေးလိုက်မိတာလဲ။ ...ချက်ချင်းပဲ အိမ်ထဲပြေးဝင်လာလျက် ကားပေါ်တက် စက်နှိုးပြီး ...နောက်က လိုက်လာခဲ့ပါသည်။

နှင်းဆီ၏ကားကို အရိပ်အယောင်ပင် မမြင်ရတော့ပါ။ ...တွေဝေမိချိန်ခဏလေးက သူ့ကို ဆုံးရှုံးစေသည်။

အမှတ်မထင် တွေ့ဆုံခွင့်ရသော မိန်းမချောလေးကို ...သူ့နှလုံးသားက ချားရဟတ်ပေါ် ထင်ထားခံရသလို လှုပ်ရှားလူး... ...အေးတစ်လှည့် နွေးတစ်လှည့် ဖြစ်ခဲ့ပါသည်။

နှုတ်နှုတ်နေးဝန်လေးခြင်းက သူ့ကို ကြေကွဲစေသည်။

နှင်းဆီဆိုတာလေးက ရုတ်တရက် သူ့ရှေ့က ပျောက်...သွားခဲ့ပါပြီ။

ဘာမှမတတ်နိုင်ဘဲ လမ်းထဲပြန်ဝင်လာပြီး တိုက်ရှေ့မှာ ...ားရပ်သည်။ ခြံဝင်းတံခါး သွားပိတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲရောက်လာတော့ စောစောကနှင့်မတူ။ တိတ်ဆိတ်ခြောက်သွေ့နေသလို ခံစားရသည်။

ခုနတုန်းက နွေးထွေးပြည့်စုံလာရခြင်းတွေ နှင်းဆီနှင့်အတူတူ ပါသွားခဲ့ပြီလား။

နှင်းဆီကြောင့် သက်ဝင်စိုပြေနေခဲ့ပါလားဟု တွေးမိ၏။ ဓာဘက်အဖြူကို ကောက်ယူလိုက်သောအခါ နှင်းဆီ၏ ကိုယ်သင်းနံ့လေးက လွင့်လာသည်။

သည်တစ်ခုပဲ အမှတ်တရ ကျန်ရစ်တာလား။

တဘက်အဖြူကို အခန်းထဲအထိ ယူလာပြီး အိပ်ရာစွန်းမှာ ခေါက်တင်ထားမိသည်။

သူ့ဘဝမှာ ခုလို တစ်ခုခုကို မြတ်နိုးနှစ်သက်မိခြင်း တစ်ခါမှ မဖြစ်ပေါ်ခဲ့ဘူးပါ။ နှင်းဆီ၏ ကိုယ်သင်းနံ့ စွဲရစ်ကျန်သော တဘက်အဖြူကိုပင် သူမက်မောစွာ သိမ်းထားချင်ပါသည်။ အထူးသဖြင့် မိန်းကလေးတွေနှင့် ပတ်သက်ပြီး သူ အဲဒီလို





...ခဲ့ဖူးတာအမှန်။

အိပ်ရာပေါ်လှဲချရင်း တဘက်အဖြူကို ရင်ဘတ်ပေါ်တင်...သည်။ သူ ရင်ခုန်မြန်နေပါသည်။

ထမင်းလည်း ထမစားချင်။ ကော်ဖီတစ်ခွက်လည်း အေး...ပြီ။ တီဗွီလည်း ဖွင့်မကြည့်ချင်။ အိပ်ရာပေါ်မှာ ငြိမ်သက်... နှင်းဆီပုံစံလေးကို မြင်ယောင်နေမိသည်။

...ခင်များ ဘယ်မှာနေတာလဲ နှင်းဆီရယ်။

အခုမှ စိတ်ထဲက အကြိမ်ကြိမ်မေးနေမိသည်။

သူတော်တော်ညံ့ပါလား... သူ့ကိုယ်သူ အပြစ်မြင်လာ...

နောက်မှရနေသော နောင်တသည် စိတ်ဖိစီးမှုကိုသာ...နိုင်သည်။

ဝေါက်ခနဲ ထထိုင်ကာ ပန်းချီဆွဲဖို့ ပြင်သည်။ သူက...ပါသနာပါသည်။ နှင်းဆီ၏ သဏ္ဌာန်လေးကို တစ်ခုချင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုချင်း အလွတ်မှတ်မိနေပါသည်။

မိုးရေစိုနေသော နှင်းဆီ၏ နွဲ့နှောင်းနှောင်းပုံစံလေးကို မိမိရရ ဆွဲခြယ်မိသည်။

အာရုံထဲမှာ လောလောလတ်လတ် မှတ်မိနေပေမယ့် တစ်ရက်ပြီးတစ်ရက် မှိန်ဖျော့ပျောက်ကွယ်သွားမှာ မဟုတ်ဘဲ စွဲစွဲလန်းလန်း ရှိနေလိမ့်ဦးမည်ဆိုတာ သူပဲသိသည်။

ထိုနေ့ညက သူ မိုးလင်းခါနီးမှ အိပ်ရာဝင်ဖြစ်ပါသည်။ 'မိုးသည်းညနှင်းဆီ' ပန်းချီကားကို ပြီးဆုံးသည်အထိ ဆွဲဖြစ်ခဲ့သည်။ နှင်းဆီနှင့် ထပ်တစ်ကြိမ် [illegible]တွေ့ခွင့်ရလျှင် ထိုပန်းချီကားကို လက်ဆောင်အဖြစ် ပေးရပါမည်။

မင်းလိပ်စာကို မမေးမိခဲ့တဲ့ ကိုယ့်ရဲ့လွဲမှားတဲ့ မာနနဲ့ သိက္ခာအတွက် လျော်ကြေးပေါ့ နှင်းဆီ။

နှလုံးသားရဲ့ အလိုဆန္ဒကို ဖြန့်းစားကြီး ကိုယ်ထိန်းချုပ်ဟန်ဆောင်ထားခဲ့မိတယ် မဟုတ်လား။





ကိုယ့်ရဲ့တည်ကြည်လွန်းတဲ့ စရိုက်၊ အနေအေးလွန်းတဲ့ ဘဝကြောင့်ဆိုတာ မင်း နားလည်ပေးပါ။

အခွင့်အရေးတစ်ခုကို ကိုယ် လက်လွှတ်ဆုံးရှုံးခဲ့ရတဲ့ အထိမ်းအမှတ် ပန်းချီကားပေါ့ကွာ။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



သူတို့အစီအစဉ်အတိုင်း 'ယွန်းရွှေ'က ပိုင်ပိုင်နိုင်နိုင် သရုပ်ဆော
နိုင်ခဲ့ပုံပါလား။

"မိုးက အရမ်းသည်းနေတယ်၊ သားလည်း ကူညီ
လိုက်ပါတယ်။ မိန်းကလေးတစ်ယောက်တည်း ဖြစ်နေတော့"

"ဟုတ်လား ...ကောင်မလေးက ချောရဲ့လား"

ဒေါ်မကြီးတို့က မင်းလုလင်မျက်နှာကို ပိုင်းအကဲခ
နေမိကြသည်။

"အရမ်းချောတယ်၊ တော်တော်ချစ်ဖို့ကောင်းတယ်"

မင်းလုလင်၏ အပြုံးက အသက်ပါလိုက်လှဲလွန်းသည်
သည်လိုသာဆို စိတ်အေးရပြီ။ ရွှေခကလေးကို မင်းလုလင် စိ
ဝင်စားသွားပြီ။

"သားလည်း ဖုန်းနံပါတ် မယူထားမိဘူး"

ဟော ...မင်းလုလင် နောင်တပင်ရနေပြီ။

"ပြန်တွေ့ရင် သားက မှတ်မိမှာမို့လို့လား"





"ဟာ ...မှတ်မိတာပေါ့၊ တစ်ခါမြင်ရုံနဲ့ တစ်သက်လုံး
မှတ်မိနေမယ့် အလှမျိုးဗျ"

ဒေါ်မမလေးက ရယ်သည်။

"တွေ့ဖူးချင်လိုက်တာ"

"ဒီလောက်လှရင် ငါတို့ ချွေးမတော်ချင်လာပြီ"

မင်းလုလင်က ရှက်သလို တစ်ချက်ရယ်သည်။

"ဖူးစာပါရင်တော့ ပြန်ဆုံမှာပေါ့ဗျာ"

ဒေါ်မမလတ်က ပိုင်ပိုင်ဝင်ပြော၏။

"ပြန်ဆုံမှာ သေချာတာပေါ့"

ဒေါ်မမလတ်၏ စကားအဓိပ္ပာယ်ကို မင်းလုလင်က
စဉ်းစားဖွင့်ထုတ်မနေတော့ပါ။

နှင်းဆီကို ထပ်တစ်ခါလောက် သူတွေ့ချင်လှသည်။
အဲဒီဆန္ဒပဲ ပြင်းပြနေ၏။

× × × ×



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

ဒေါ်မမလတ်၏ စကားကြောင့် ရွှေခ မျက်လုံးလေးဝိုင်းသွား၏။ အံ့ဩသွားလို့ပါ။ ကိုယ်မှ မသွားခဲ့ဘဲ။ သွားတော့ သွားခဲ့သည်။ မတွေ့ခဲ့တာပါ။

သည်ကိစ္စကို ရွှေခက တိတ်တိတ်ကလေးမြိုနေသည်။ ဘယ်သူ့ကိုမှ ပြောမပြရသေးပါ။

"သားက ရွှေခကို သဘောကျပုံပဲ" ဟု ဆိုလာတော့ ဆုံနိုင်အောင် အံ့အားသင့်ရသည်။

"သမီးက ကားပျက်လို့ဆိုပြီး အကူအညီတောင်းတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆို၊ သားက နောက်တစ်ခေါက် ထပ်ဆုံချင်တယ်တဲ့"

ဘာတွေမှားယွင်းကုန်ပြီလဲ။

ကားပျက်လို့ အကူအညီတောင်းသူက ရွှေခ မဟုတ်ပါ။ ဒါကို ရွှေခ သိသည်။ ဒေါ်မမလတ်တို့ကိုသာ ပြောမပြခဲ့ဖြစ်တာ။

"သမီးက ထင်တာထက်ကို တော်တယ်"

ရွှေခက မျက်လွှာချမိသည်။ သူတို့မှားနေတာကို ရှင်းပြသင့်လား၊ ငြိမ်နေသင့်လား။

"ဒေါ်လေးတို့က သိပြီးသားပါ ရွှေခရယ်၊ ရွှေခက ဒီလောက်ချစ်စရာကောင်းတာ သားမင်းလုလင်က သဘောမကျဘဲ နေပါ့မလား"

ရွှေခ နှုတ်ဆိတ်ကာနေမိသည်။

ဘယ်ကစပြီး ဖြေရှင်းရမှန်းမသိပါ။

လွဲနေပြီ။

အဲဒီနေ့ညက ကားပျက်ပြီး အကူအညီတောင်းတာ ဘယ်





သူပါလိမ့်။ ဒေါ်မမလတ်တို့ကတော့ ဝမ်းသာနေကြပြီ။

"ဒီတော့ သမီးနဲ့ သားနဲ့ တွေ့ပေးဖို့ ဒေါ်လေးတို့ စီစဉ်မယ်၊ မကောင်းဘူးလား၊ သားလည်း ဝမ်းသာသွားအောင်"

ရွှေခ လန့်သွားပါသည်။

"ဟို …ခဏလောက် ဒီအတိုင်းနေတာ ပိုကောင်းမလား မသိဘူးနော်၊ ရွှေခ အဆင်သင့် မဖြစ်သေးလို့ပါ"

ကပျာကယာ တားမိသည်။

"သမီးက စိုးရိမ်နေလို့လား"

"မဟုတ်ပါဘူး"

"ယုံပါကွယ် …မင်းလုလင်က သမီးကို တကယ် သဘောကျနှစ်သက်နေပါပြီ"

ရွှေခက သက်ပြင်းရှိုက်သည်။

မင်းလုလင် သဘောကျနှစ်သက်သွားတာ ရွှေခ မဟုတ်။ တခြားကောင်မလေးတစ်ယောက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေးတို့ စီစဉ်လိုက်မယ်နော် သမီး"

"လေးငါးရက်တော့ စောင့်ပေးပါဦး"

"အင်း …ကောင်းပါတယ်လေ"

ရွှေခက တမင် ပဟေဠိလုပ်ထားပြီး အိုက်တင်ခံနေတာ မဟုတ်ပါ။ မင်းလုလင်ဘက်က စိတ်ဝင်စားမှန်းသိလို့ ဈေးကိုင်တာလည်းမဟုတ်။ အမှန်တရားကို သိနေလို့ သည်ဇာတ်လမ်းထဲက နေ ရှောင်ချင်တာပါ။

မင်းလုလင်ကို ဖမ်းစားနိုင်သော ကောဇ်မလေး တစ်ယောက် ပေါ်လာခဲ့ပြီပဲ။ ရွှေခက သူ့ကို ဘာလို့တွေ့ရမှာလဲ။

"သူက အဲဒီမိန်းကလေးကို နာမည်မမေးလိုက်ဘူးလား ဟင်၊ ဘယ်သူလို့ပြောလဲ"

ရွှေခ မေးခွန်းကြောင့် ဒေါ်မမလတ်နှင့် ဒေါ်မမလေး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်သည်။ ဒေါ်မမကြီးက ပါမလာခဲ့ပါ။ ရွှေခကို သူတို့နှစ်ယောက်ပဲ လာတွေ့ကြတာပါ။





"မမေးကြည့်မိဘူး"

"သမီးက ရွှေခပါလို့ မိတ်မဆက်ခဲ့ဘူးလား"

"အင်း"

အမှန်တိုင်းလည်း ပြောမပြချင်သေးတော့ ခေါင်းတစ်ချက်သာ ညိတ်မိပါသည်။ ဒေါ်မမလတ်က 'ပြန်မေးကြည့်ရဦးမယ်' ဟု ဆို၏။ ရွှေခက အအေးပိုက်ကလေးကို ခေါက်ကာ ခေါက်ကာနှင့် စိတ်လှုပ်ရှားနေမိသည်။

မင်းလုလင်နှင့် ရွှေခ မတွေ့ဖြစ်ခဲ့ဘူးဆိုတာ သိသွားခဲ့လျှင် ဒေါ်မမလတ်တို့ စိတ်ဆိုးမှာလား။

ဘယ်ကမှန်းမသိ၊ ဘယ်သူမှန်းမသိသော ကောင်မလေး တစ်ယောက်နှင့် သိကျွမ်းစွဲလမ်းသွားတာကို စိုးရိမ်သွားကြမလား။

ရွှေခအပေါ် ယုံကြည်မှု လျော့နည်းသွားမှာတော့ သေချာလွန်းလှ၏။ ထို့ကြောင့် ဖွင့်ပြောလိုက်ဖို့ တွန့်နေမိသည်။

××××



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေးနော် …အခုမှပဲ လာတော့တယ်"

ရွှေခကို နှင်းဆီက ခါးလေးပြေးဖက်ကာ ပြောသည်။

"ဟွန့် …သူတော့မလာဘူး"

"လာမလို့ဝါပဲ၊ မအားသေးတာနဲ့"

နှင်းဆီပျိုစင်က ရွှေခကို ဧည့်ခန်းထဲ ခေါ်လာခဲ့သည်။

"ထိုင်လေ"

သီချင်းသံ တိုးတိုးကလေးကလွဲလျှင် ဧည့်ခန်းမှာ တိတ်ဆိတ်ငြိမ်သက်နေ၏။

"ရောင်စုံလှသောပန်းများ ရောင်စုံလှသော စကားများပင်



www.burmeseclassic.com

www.burmeseclassic.com



ထင်ထားသလောက် အချစ်က သိပ်မလွယ်ပါ။ ကြိုမမြင်နိုင်တဲ့ အလွမ်းများ၊ ရှေ့ကနေ ကာရံလာနေတာ ….ဟော့ …မောင် ×××ဟော့မောင် စွန့်စားကြရအောင်"

ယုဇန၏ သီချင်းအသစ်ကလေး 'စွန့်စားကြရအောင်' သီချင်းပါ။

"ရွှေခ"

"ဟင်"

"ဒီနေ့ မေမေ့မွေးနေ့ သိလား"

"ဟုတ်လား …ရွှေခမှ မသိတာ၊ ဘာမှ လက်ဆောင် ယူမလာခဲ့ဘူး"

"ရပါတယ်ဟယ်"

"ဘယ်ဟုတ်ပါ့မလဲ၊ လူကြီးသူမဆိုတော့ အမှတ်တရ တစ်ခုခုတော့ ဝယ်ခဲ့သင့်တာပေါ့"

"ရပါတယ်ဆို"

"နှင်းဆီနဲ့ အတူတူသွားဝယ်မယ်"

"မလိုဘူးဆိုမှပဲ"

နှင်းဆီပိုဖူးစင်က တားသည်။

"ရွှေခ အားနာလို့ပါ"

"အားမနာပါနဲ့ …နှင်းဆီပြောတာက မေမေနဲ့ အပြင် သိုက်သွားရမယ်၊ အပြန်မှ ရွှေခဆီ ဝင်လာမယ်လေ"

"ကြည့် …လုပ်ပြီ"

မေမေနှင့် အပြင်သွားဖို့ ပြင်ဆင်ခိုက် ရွှေခ ရောက်လာတော့ နှင်းဆီပိုဖူးစင် အခက်တွေ့ရပြီ။

"တကယ်တောင်းပန်ပါတယ်ဟယ်၊ ညကျရင် နှင်းဆီ တကယ်လာခဲ့မှာပါ"

"သေချာလား"

ရွှေခက လက်ညှိုးကလေးထောင်ပြီး မေးသည်။

"သေချာတာပေါ့"

"ပြီးရော …မလာရင်သိမယ်"

"လာပါ့မယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"ကိုသက်တန့်ရော"

"ရှိသားပဲ"

"မလာဘူးလား"

"လာပါတယ် …အခုတလော နှင်းဆီ တကယ်အလုပ်များတာပါ ရွှေခရယ်၊ ယုံ"

ရွှေခက နှင်းဆီကို တစ်ချက်ကြည့်ကာ …

"ဖေဖေက ရွှေခကို ယောက်ျားပေးစားချင်ပြီ"

"ဟင် …တကယ်"

နှင်းဆီ အံ့အားသင့်လျက် ရယ်ချင်သည်။

"အဲဒါတိုင်ပင်မလို့"

"ဟုတ်ပါပြီ၊ ဒီည ဆက်ဆက်လာခဲ့မယ်"

"ကိုသက်တန့်ရော ပါမှာလား"

"မသိသေးဘူး"

"ဒါဆိုလည်း ရွှေခပြန်မယ်လေ"

"အင်း"





နှင်းဆီပို့စင်က ရွှေခကို ကားဘေးအရောက် လိုက်ပို့၏။

"ရွှေခ စောင့်နေမှာနော်"

"စိတ်ချ …ရွှေခစကားကို သိပ်စိတ်ဝင်စားသွားပြီ၊ လာကိုလာမှာ"

နှင်းဆီပို့စင်က ကတိပေး၏။

ရွှေခက လက်ကလေးပြပြီး ပြန်သွားသည်။

နှင်းဆီ ပင့်သက်ရှိုက်မိသည်။

မေမေ ဘာတွေများ ပြောမလဲမသိ။

ကိုသက်တန့်နှင့်ကိစ္စကို ဖွင့်ဟပြောလိုက်လျှင်ရော မေမေ ဘာပြောမလဲ။

မေမေ့သဘောထားက အရေးကြီးလှသည်။

မေမေ မကြိုက်ရာဆို နှင်းဆီ ခွတ်မတိုးချင်ပါ။

× × × ×



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



၉

နှင်းဆီပို့စင်က မေမေ့စကားကို ဂရုတစိုက်နားထောင်နေ
သို့ပေမယ့် ဆိုလိုရင်းအဓိပ္ပာယ်ကို သေချာနားမရှင်းသေးပါ။

"မေမေပြောချင်တာက အဲဒီ မေမေ့သားနဲ့သမီးကို
သောတူတယ်။ မေမေ့သားကို မေမေ့ဆီပြန်ရောက်လာအောင်
မီးကူညီပါကွယ်"

"ရှင်"

ရှင်းရှင်းသိရတော့မှပဲ နှင်းဆီ မျက်လုံးပြူးသွားတော့သည်။
မေက ကွဲကွာခဲ့ရသော သူ့သားကို နှင်းဆီနှင့် သဘောတူတော့။
ဆီနှင့် နီးစပ်မှ မေမေ့ဆီပြန်ရောက်လာမှာ မဟုတ်လား။ နှင်းဆီ

www.burmeseclassic.com

www.burmeseclassic.com



ဟင်ခနဲဖြစ်ကာ ဘာဆက်ပြောရမှန်းမသိတော့ပါ။ နှင်းဆီ ကိုသက်တန့်ကို ခေါင်းညိတ်အဖြေပေးဖို့ ဖွင့်ဟတိုင်ပင်ဖို့ပါ။

"သူတို့က သိပ်ချမ်းသာတယ်၊ မေမေက အဲဒီတုန်း အတော်ကလေး နွမ်းပါးတော့ လူကြီးတွေက သားလေးကို သူ နဲ့ပဲ ထားဖို့သင့်တယ်လို့ တိုက်တွန်းကြတယ်"

မေမေ့အဖြစ်ကလည်း သနားစရာနော်။

"မေမေ ရင်ကွဲခဲ့ရတယ်။ ခံစားခဲ့ရတယ်။ မေမေ့ ကလေးကို မေမေ တစ်နေ့ပြန်ရအောင်ယူမှာပဲ"

ရည်ရွယ်ချက်ကြီးမားသော မေမေ့လိုအင်ကို နှင်းဆီ ဖြည့်စွမ်းပေးချင်ပါသည်။

"အဒေါ်အပျိုကြီးသုံးယောက်နဲ့ သားလေး စိတ် ကြပ်နေမှာပဲ"

မေမေက နှင်းဆီကို အားကိုးတကြီး အကူအညီတော သည်။





နှင်းဆီ ဘယ်လိုငြင်းရမလဲ။

မေမေရယ် ... နှင်းဆီမှာ ချစ်ရမယ့်သူ ရှိနေခဲ့ပြီ။ ကိုသက် န့်ကိုပဲ နှင်းဆီက လက်ထပ်ချင်တာ။ မေမေ့ဆန္ဒကို နှင်းဆီ ေါင်းညိတ်လိုက်လျှောချင်ပါတယ်၊ ဒါပေမယ့် ...

ဒွိဟစိတ်နှင့် နှင်းဆီရင်ထဲ မွန်းကြပ်လာ၏။

မေမေ့ကိုလည်း စိတ်ချမ်းသာစေချင်တယ်။

နှင်းဆီလည်း အရမ်းပျော်ချင်တယ်။

အဲဒီလို 'နှစ်ဖက်လှ' ဆောင်းနှင်းဆီ ဘယ်လိုလုပ်သင့် လဲ။ လောလောဆယ် အဖြေရှာမရသေးပါ။

× × × ×



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



ရွှေခကလည်း 'လုံမေ' ဝိုင်းဖွဲ့လက်ဖက်ကို စားပွဲပေါ် ချလိုက်ရင်း ...

"လက်ဖက်သုပ်စားရအောင်"ဟု ဆိုမိသည်။

"ဒီ ချဉ်စပ်လက်ဖက်က အရမ်းကောင်းတယ်သိလား"

နှင်းဆီပို့ဖူးစင်က အင်းဟု စိတ်မပါတပါ ခေါင်းညိတ်သည်။ ရွှင်ရွှင်လန်းလန်း မရှိသော နှင်းဆီကိုကြည့်ကာ ရွှေခက

"ဘာဖြစ်လို့လဲ"ဟု မေးမိသည်။

နှင်းဆီပို့ဖူးစင်က အတိုချုပ်ပြောပြလိုက်၏။

"ဟယ် ...အန်တီမှာ သားရှိတယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"ကိုသက်တန့်ကြီး ဘယ်လိုလုပ်မလဲ"

ရွှေခတောင် ချက်ချင်းပူပန်သွားသေးတာ။

"နှင်းဆီ စိတ်ရှုပ်တယ်ကွာ"

ဆိုဖာကူရှင်ကိုမှီချကာ နှင်းဆီ သက်ပြင်းရှိုက်သည်။

"ရွှေခ ကူညီပါလား"

"ဘယ်လို"

"မေမေ့သားကို ရွှေခနဲ့ သဘောတူတယ်"

"အမယ်လေး"

ရွှေခက ရင်ဘတ်ကလေး ဖိသည်။

အခုတလော ဘယ်လိုဖြစ်တာပါလိမ့်။

ဖေဖေက လူတစ်ယောက်နှင့် သဘောတူနေသည်။

နှင်းဆီက တစ်ခါ လူတစ်ယောက်နှင့် သဘောတူနေပြန်သည်။ ရွှေခ မြန်မြန်ချစ်သူရှာမှ ဖြစ်တော့မည်။





"ရွှေခနဲ့ဆို မေမေကလည်း ကျေနပ်မှာပါ"

"မဆီမဆိုင် နှင်းဆီရယ်"

နှင်းဆီပို့မှုစင် ရယ်သည်။ သူငယ်ချင်းနှင့်တွေ့မှ စိတ်ထဲ အနည်းငယ် ပေါ့ပါးလန်းဆန်းသွား၏။

"ကဲ …ပြောပါဦး၊ ရွှေခကို ဘယ်သူနဲ့များ အန်ကယ် မျိုးက သဘောတူနေတာလဲ"

ရွှေခက နှုတ်ခမ်းလေးတစ်ချက်ကိုက်ပြီး …

"ဖေဖေငယ်ငယ်တုန်းက ပိုးပန်းခဲ့တဲ့ အပျိုကြီးပေါ့၊ သူ့တူနဲ့ ဟိုဘက်ကလည်း သဘောတူတယ်"

"ဒါဆိုအဆင်ပြေသားပဲ"

ရွှေခက ခေါင်းယမ်းသည်။

"အပျိုကြီးသုံးယောက် စည်းကမ်းက ကြီးမှကြီး"

"ဘယ်လို"

နှင်းဆီက ကိုယ်လေးမတ်ကာ ရွှေခကို မျက်လုံးဝိုင်းကာ



www.burmeseclassic.com

www.burmeseclassic.com



လေးနှင့် ကြည့်သည်။

"မင်းလုလင်လား"

နှုတ်ခမ်းလှုပ်ရုံ ခပ်တိုးတိုးမေးမိသည်။

"ဟင် ...နှင်းဆီ သိလား"

"အဲဒါ မေမေ့သားပေါ့"

"ဟယ် ...ဟုတ်လား"

နှစ်ယောက်သား တအံ့တသြနှင့် ငြိမ်သွားကြ၏။

မင်းလုလင်။

သည်အမည်ကို နှင်းဆီ ကြားဖူးသည်။ သိနေသည်။ သို့ပေမယ့် စဉ်းစားမရ။ ဘယ်တုန်းက ဘယ်မှာသိဖူးပါလိမ့်။ ရင်းနှီးနေတာလား၊ ကြားဖူးနေတာလား။ မေမေပြောလိုက်ကတည်းက တွေးနေတာ။

"ရွှေခရယ် ဝမ်းသာစရာ၊ ဒီကိစ္စကို ရွှေခကူညီပါနော်၊ ရွှေခချစ်သူဆို မေမေက နှင်းဆီကို ဖွင့်ပြောလို့မရတော့ဘူးလေ၊ နော်"





နှင်းဆီပိုးစင်အတွက်တော့ ကံထူးခြင်းတစ်ခုပါပဲ။ အန်ကယ်မျိုး သဘောတူထားသည့်သူနှင့် နှင်းဆီ တိုက်တွန်းချင်သောသူက တစ်ယောက်တည်းဖြစ်ကာနေပြီ။

"ရွှေခ"

"ဟင်"

"ရွှေခဆီ တည့်တည့်ကိုလာနေတာ၊ အဲဒါ ဖူးစာစစ်လို့ပဲ သိလား၊ ယုံရဲ့လား"

နှင်းဆီပိုးစင်၏ စကားကြောင့် ရွှေခက နှုတ်ဆိတ်သွား၏။ တွေးစရာတွေရှိလာခဲ့ပြီ။

နှင်းဆီမေမေ၏သားက မင်းလုလင်တဲ့လား။ ဒေါ်မမလှတ်တို့က နှင်းဆီနှင့်ဆို သဘောတူပါ့မလား။ ရွှေခနှင့် မင်းလုလင်မေမေ၏ မွေးစားသမီးကလေးနှင့် ခင်မင်နေတာရော ဒေါ်မမလှတ်တို့ ကြိုက်ပါ့မလား။

မင်းလုလင်က ယွန်းရွှေခဘဝထဲကို ထွင်းဖောက်ဝင်ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာနေတာတော့ အမှန်ပါ။

တစ်ကြိမ်ပြီးတစ်ကြိမ် ရွှေခ ပတ်ဝန်းကျင်ကနေ ရွှေခဆီကို ရောက်ရောက်လာသည်။

ရွှေခနှင့် နှင်းဆီကို မင်းလုလင်အကြောင်း သေချာထပ်မေး၏။ ဒါတွေကို ဖေဖေက ပြောမပြခဲ့ပါ။ ရွှေခက မင်းလုလင်မှာ မေမေမရှိတော့ဘူးပဲ အောက်မေ့ထားတာ။ ပြောသံမှ မကြားပဲ။ သည်လိုသာဆို ဖေဖေ့ကို အကြောင်းစုံပြန်မေးကြည့်ရတော့မည်။ ရွှေခ မသိသေးတာ ဘာတွေကျန်သေးလဲ။

"ရှင်းရှင်းလေး ရွှေခရယ်၊ နှင်းဆီမေမေနဲ့ မင်းလုလင်ဖေဖေ ဦးသားဦးကို ဒေါ်မမလတ်တို့ သုံးယောက်က လုံးဝသဘောမတူဘူး။ ဦးသားဦးက မေမေ့ကို ခိုးပြေးတာ။ သူတို့သဘောမတူတာနဲ့ ယူရမလားဆိုပြီး ပစ်ထားတာ။ ဦးသားဦးဆုံးပြီးတဲ့ နောက်ပိုင်းကျမှ ကျန်ခဲ့တဲ့ကလေး မင်းလုလင်ကို မရအရပြန်ခေါ်သွားကြတာ။ မေမေ့ဆီမှာဆို ဆင်းရဲမယ်၊ ကောင်းကောင်းနေရမှာမဟုတ်ဘူး





ဆိုပြီး"

"ဪ ...အဲဒီလိုလား၊ သိပြီ၊ အခု နှင်းဆီမေမေက မင်း၊လုလင်ကို နှင်းဆီနဲ့ လက်ထပ်စေချင်တယ်၊ သူ့သားသူ ပြန်ခေါ်မယ်ပေါ့"

"အင်း"

ယွန်းရွှေခက လက်ဖက်သုပ်တစ်ဇွန်းခပ်စားပြီး ငြိမ်သက်စဉ်းစားနေသည်။

"ရွှေခရယ် ...ကူညီပါနော်၊ နှင်းဆီနဲ့ ကိုသက်တန့်အတွက် ရွှေခကူညီမှ ဖြစ်မယ်"

နှင်းဆီက ရွှေခကို လေးလေးနက်နက် တောင်းဆိုလာ၏။

"အင်းပါ ...အဲဒါ မင်းလုလင်ကို မြင်ဖူးအောင် သွားကြည့်ဦးမယ်၊ စိတ်ဝင်စားမိခဲ့ရင် ကူညီမယ်"

"တော်ပါသေးရဲ့"

နှင်းဆီက ရွှေခကို ယုံကြည်စွာနှင့် စိတ်အေးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းလုလင် ...

ရွှေခ ရှောင်ထွက်မရအောင် ရှင်က ဘာလို့ပြုစားနေရတာ လဲ။ ပထမအကြိမ် ရွှေခံ လျစ်လျူရှုခဲ့ပြီးပြီ။

အခုတစ်ကြိမ်ရော ...။

× × × ×







www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက ရွှေခကို တအံ့တဩနှင့် "သမီးဘယ်လိုသိတာလဲ"ဟု ပြန်မေး၏။ "နှင်းဆီမေမေ ပြောပြတာ"ဆိုတော့ ပိုပြီး မယုံချင်ဖြစ်ကာ "သူက ဘယ်လိုသိတာလဲ"ဟု ထပ်မေး၏။

"နှင်းဆီမေမေက မင်းလုလင်မေမေပေါ့"

"ဟုတ်လား"

ဦးမျိုးအောင် တုန်လှုပ်သွားသည်။ အတိတ်က ထိုကိစ္စနှင့် ပတ်သက်ပြီး ဒေါ်မမလတ်တို့က သူ့အပေါ် သံသယဝင်ဖူးပါသည်။ သူကပဲ သားဦးကို အောင်သွယ်လုပ်ပေးခဲ့သလို အထင်မှားခဲ့ကြသည်။

www.burmeseclassic.com



"အခု သူကဘာပြောလဲ"

"နှင်းဆီကို အဲဒီ မင်းလုလင်ဆိုတဲ့လူနဲ့ သဘောတူတယ်၊ ပေးစားချင်တယ်၊ သူ့သားသူပြန်လိုချင်တယ်တဲ့"

ပြဿနာက အသစ်တစ်ဖန် ပြန်ကျော့လာသည်။

"သမီး အဲဒီကိစ္စတွေထဲ ဝင်မပါနဲ့၊ မသိချင်ယောင် ဆောင်နေ၊ ကြားလား"

ဖေဖေက သတိပေးစကား ဆိုပါသည်။

"နှင်းဆီနဲ့ ရွှေခက သူငယ်ချင်းတွေပဲဟာ"

"ခက်ပါလား သမီးရယ်၊ ဒေါ်မေလတ်တို့က မင်းလုလင်နဲ့ ပတ်သက်ရင် သိပ်ပြင်းထန်ကြတာ"

ရွှေခက ဖေဖေကျေနပ်အောင် ခေါင်းညိတ်လိုက်၏။

"ရွှေခ လုံးဝဝင်မပါပါဘူး ဖေဖေ"

× × × ×





www.burmeseclassic.com

www.burmeseclassic.com



"လာ ...သမီးလေး"

ဒေါ်မမကြီးက ရွှေခကို သူ့ဘေးမှာ ထိုင်စေသည်။

"သမီးလေးလာမယ်ဆိုတော့ ဝမ်းသာသွားတာ"

ရွှေခက ခေါင်းလေးငုံ့ကာ ပြုံးလိုက်၏။

မင်းလုလင်ကို မြင်ဖူးချင်လို့ သက်သက်လာခဲ့တာပါ၊ ဘယ်လိုရည်ရွယ်ချက်မှမပါ။

ဖေဖေတို့ ဒေါ်မမလက်တို့ စကားကို နားထောင်ဖို့လည်း မဟုတ်။ နှင်းဆီ တိုက်တွန်းတာကို လက်ခံတာလည်းမဟုတ်။ နှင်းဆီမေမေကို ကူညီချင်တာက ပိုတောင်မဟုတ်သေးပါ။ ရွှေခ

www.burmeseclassic.com

www.burmeseclassic.com



ဘာမှ မဆုံးဖြတ်ရသေးပါ။

"သားလေးက အလုပ်သွားတယ်၊ ပြန်မရောက်သေးဘူး။ သမီးလာမယ်ဆိုလို့ ဟိုနှစ်ယောက်က မုန့်သွားဝယ်တာ၊ ခုလေးတင် ပြန်ရောက်ကြတယ်"

သူတို့၏ လေးနက်မှုနှင့် ဂရုစိုက်မှုက ရွှေခကို အားနာအနေခက်စေပါသည်။

"သားလေးလာတဲ့အထိ အေးအေးဆေးဆေးနေပါ၊ သားလေးကို ပြန်ပို့ခိုင်းမယ်"

ဒေါ်မမကြီးက စီစဉ်၏။ ဒေါ်မမလေးက ဝယ်လာခဲ့သော မုန့်တွေ ထည့်ယူလာ၏။

"မလှတ် ကော်ဖီဖျော်နေတယ်"

ဒေါ်မမလေးက ရွှေခကို ဖော်ရွေစွာပြုံးပြရင်း ...

"ယိုးဒယားမုန့်ကလေးတွေ စားကြည့်၊ အရမ်းစားကောင်းတယ်၊ ရွှေခကို ကျွေးချင်တာနဲ့ သွားဝယ်လာတာ"





"ရပါတယ်၊ အရမ်းအားနာတယ်"

မနေတတ်စွာ အားနာစကားဆိုမိ၏။

"အားနာရင် ကုန်အောင်စားရမယ်"

ဒေါ်မမလေးတို့က သိပ်သဘောကောင်းသည်။

နှင်းဆီမေမေ စကားတွေကို ယုံရခက်ခက်။

ရွှေခက သူတို့ကြည်ဖြူသော မိန်းကလေးမို့လို့လား။

"ဒါက ကြက်ဥပန်းပွင့် (THONG YIP)"

အဝါရောင်မုန့်ကလေးတွေကို ပြကာဆို၏။

"စားကြည့်လေ ဒါက ပိန်းဥမုန့် (KHA NOUM TUA)"

ပိန်းဥမုန့်က ဖြူဖြူကလေး။ စားလိုက်တော့ စိမ့်ပြီး ပိန်းဥအနံ့လေးရသည်။

"ဒီပြားပြားကလေးက ပဲမုန့် (TUA PAEB)၊ သူက နှမ်းနဲ့ သကြားနဲ့ တို့စားရတာ၊ စားကြည့်ပါဦး ကြိုက်ရဲ့လား"

ရွှေခက မုန့်ကလေးတွေကို ခံတွင်းတွေ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"စားလို့ကောင်းလိုက်တာ"

ကောက်ညှင်းထုပ် သူတို့အခေါ် KHO TOM MUD ကလေးက စားလို့ကောင်းလှသလို ကောက်ညှင်းကြက်ဥပုတင်း (KAO NIEUS SANG KAYA) စိမ်းစိမ်းကလေးကလည်း တော်တော်ကလေး အကြိုက်တွေ့စေသည်။

"အုန်းနို့ကျောက်ကျော (WUN GATI) လေးလည်း စားဦး၊ ဒီက ကျောက်ကျောလိုပဲ သိပ်မကွာဘူး၊ မုန့်လုံးရေပေါ် KHA NOUM TOM လည်း ကောင်းတာပဲ"

ဒေါ်မမလေးနှင့် ဒေါ်မကြီးက မုန့်ကလေးတွေ တစ်မျိုးပြီးတစ်မျိုး ကျွေးနေတော့ ကော်ဖီခွတ်ပူးနှင့် ထွက်လာသော ဒေါ်မလတ်က "ကုန်ပြီလား" ဟု နောက်သည်။

"မကုန်သေးပါဘူး၊ စားတာကလေးက အားမရဘူး"

တစ်ခုပြီးတစ်ခု အားပါးတရ စားနေတာတောင် အားမရဘူးတဲ့လား။ ဘယ်လို စားပြရမလဲ။



"ဒါက ဂျယ်လီမုန့် WUN SAI"

ဒေါ်မမလတ်က ဂျယ်လီမုန့်ကို ရွှေခထံ တစ်ခုလှမ်းပေးဦး သူလည်း တစ်ခုစားသည်။

"ကြိုက်လား"

"ကြိုက်ပါတယ်"

"ဘယ်မုန့် ပိုကြိုက်လဲ"

"အင်း ...ပိန်းဥမုန့်က စိမ့်တယ်၊ ပဲမုန့်လည်း ကြိုက်ပါတယ်၊ စောစောက စိမ်းစိမ်းကလေး၊ အဲဒါဘာလဲ ကောက်ညှင်းပဲလေ၊ အင်း ...အဲဒီကောက်ညှင်းစိမ်းစိမ်းလေးလည်း ကြိုက်တယ်"

ရွှေခစကားကို သူတို့က ဖြိုင်တူရယ်လိုက်ကြသည်။

"ဘာဖြစ်လို့လဲဟင်"

"တိုက်ဆိုင်လို့ပါ၊ ရွှေခက ဒေါ်လေးတို့သုံးယောက် ကြိုက်တာကို တမင်ရွေးပြောသလားတောင် ထင်ရတယ်"

www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်လား”

သူတို့အတွက်တော့ ရွှေခက သိပ်ကျေနပ်စရာကောင်းနေသည်လေ။ ဖုန်းသံမြည်လာတော့ ဒေါ်မမလေးက ချက်ချင်းသွားကိုင်သည်။ နားစိုက်ထောင်စရာမလိုဘဲ ကြားနေရသည်။

“ဟယ် …သားရယ်၊ နောက်ကျမှာလား၊ မိုးချုပ်မှပြန်လာမှာလား၊ နောက်နေ့ ရွှေးလို့မရဘူးလား”

ဒေါ်မမလတ်က ဒေါ်မမလေးဆီ လျှောက်သွားကာ ဖုန်းခွက်တောင်းယူလျက် “မြန်မြန်ပြန်လာခဲ့၊ ဒီမှာ ဒေါ်လတ်တို့ သွားစရာရှိလို့”ဟု ခေါ်လိုက်၏။

“အေး …အေး…ပြီးရော”

ရွှေခက သူနှင့်မဆိုင်သလို ဘာသိဘာသာနေမိပါသည်။

“အပေါ်ထပ်ဝရန်တာမှာ သစ်ခွတွေ အများကြီးပဲနော်”

ဒေါ်မမကြီးက ဆတ်ခနဲခေါင်းညိတ်ပြီး …

“သမီး သွားတက်ကြည့်လေ၊ မျက်စိထဲ လှတာတွေ့ရင်





ခူးခဲ့”ဟု ခွင့်ပေးသည်။

သူတို့ကတော့ ရွှေခကို အလိုက်လှဲဆုံး ဖော်ရွေသည်။ မင်းလုလင်ကသာ ဘယ်လိုလာမယ်မသိသေးတာ။

“ဒေါ်လေးတို့ မေးကြည့်သေးလားဟင်”

ရွှေခစကားကို ဒေါ်မမလတ်က ချက်ချင်းဖြေသည်။

“နှင်းဆီတဲ့၊ ကားပျက်လို့ အကူအညီတောင်းတဲ့ ကောင်မလေး၊ ရွှေခကိုမြင်ရင် သား အံ့ဩမှာ”

နှင်းဆီတဲ့လား။

ရွှေခ ဇဝေဇဝါဖြစ်သွား၏။ နှင်းဆီပို့စင်များ ဖြစ်မလား။ အဲဒီလောက် တိုက်ဆိုင်ပါ့မလားနော်။

လက်ကလေးပိုက်ကာ အပေါ်ထပ်ဝရန်တာပေါ်မှာ လျှောက်နေမိသည်။ ခုထက်ထိ မင်းလုလင်က ရောက်မလာသေးပါ။

ရွှေခက လမ်းမဘက် မျှော်ငေးကြည့်ကာ ဖြစ်ပေါ်လာ

www.burmeseclassic.com

www.burmeseclassic.com



သော အခြေအနေအားလုံးကို အံ့အားသင့်နေမိသည်။

မင်းလုလင် ပြန်ရောက်လာသော အချိန်အထိတော့ သည်း
ခံစောင့်လိုက်ဦးမည်။ နောက်တစ်ကြိမ် လာဖို့ဆိုတာ ခဲယဉ်းဦးမှာ

× × × ×





www.burmeseclassic.com

www.burmeseclassic.com



ရွှေခ ငေးကြည့်နေတုန်းမှာပဲ ခြံဝင်းတံခါးဝကို ခေါင်းည်လျက် ဟွန်းတစ်ချက်တီးလိုက်တာကို မြင်ရသည်။ ရွှေခရှိရာပါထပ်ဝရန်တာကိုလည်း ကားထဲကနေ လှမ်းကြည့်နေ၏။

…မင်းလုလင်များလား။

ချက်ချင်းကြီး ရောက်လာလိမ့်မည် မထင်ခဲ့ပါ။

ခုထက်ထိ ဘယ်သူမှလည်း ခြံဝင်းတံခါး လာမဖွင့်သေး။ ရွှေခက ဘေးလှေကားကနေ ဆင်းလာခဲ့ပြီး ခြံတံခါးရှေ့ ရောက်၏။ ခြံဝင်းတံခါးကို ဖွင့်ပေးကာ ဘေးကပ်ရပ်နေ‌ပါသည်။ဝင်ပြီးလျှင် ပြန်ပိတ်ပေးဖို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



မင်းလုလင်က နီးနီးကပ်ကပ် မြင်ရသော ကောင်မလေးကို စူးစူးစိုက်စိုက် ကြည့်နေမိပါသည်။ အပေါ်ထပ်ဝရန်တာ သစ်ခွပင်တွေကြားမှာ စကားဝါရောင်သွေး ဖျော့ဖျော့ဝတ်စုံလေးနှင့် ကဈာဆန်လွန်းစွာ လှပကြော့ရှင်းသော သဏ္ဌာန်နွဲ့နှောင်းနှောင်းကလေး။

လှလိုက်တာ ...။

သည်ကောင်မလေး ဘယ်လိုရောက်လာပါလိမ့်။

ကားဆီ တည့်တည့်လျှောက်လာနေတော့လည်း ကောင်မလေးကို မျက်တောင်မခတ်နိုင်ဘဲ သူကြည့်နေမိ၏။ ဟိုတစ်ရက်က မိုးသည်းသောညမှာ ကြုံခဲ့ရသော ကောင်မလေးလိုပဲ ချစ်စရာကောင်းလှသည်။

သနပ်ခါးနံ့သင်းသင်းကလေးကို ရှူရှိုက်လိုက်ရတော့ ရင်ထဲ ကြည်လင်လန်းဆန်းသွားသလိုပါ။

တော်တော်နှင့် ကားက ထွက်မသွားဘဲ ရွှေခကို ငေးကြည့်နေတော့ ဘာဆက်လုပ်ရမှန်း မသိတော့ပါ။





"ကျွန်မ ခြံတံခါးပြန်ပိတ်လိုက်မယ်"

သူတို့အိမ်က အဒေါ်ကြီး အနားလာရပ်ပြီး ပြောမှ ရွှေခ လှည့်ထွက်ခဲ့မိသည်။

ဘာမပြော ညာမပြောနှင့် သည်လောက်တောင် ကြည့်နေလိုက်တာ မျက်စိကျွတ်ကျမတတ်။ အားလည်းမနာ။ ဘယ်လိုလူလဲ။

ကောင်မလေး လှည့်ထွက်သွားမှ မင်းလုလင် ကားကို ညင်သာစွာ မောင်းလာခဲ့၏။

တိုက်ရှေ့အရောက် ကားပေါ်က ဆင်းလိုက်ပြီး

"မင်းဘယ်သူလဲ"ဟု မေးမိသည်။

မိန်းမချောလေးက ခြေစုံရပ်သွားပြီး ...

"ဒေါ်မမလတ် ညှို့သည်ပါ"ဟု ဆိုသည်။

"မင်းက ဒေါ်မမလတ်သူငယ်ချင်းလား"

မင်းလုလင်က ထပ်မေးသည်။ သေချာချင်လို့ပါ။

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အရွယ်ချင်းလည်း မတူဘူး"

မင်းလုလင်က တစ်ချက်ရယ်သည်။ သူ ဘာလို့အလိုလို နေရင်း အူမြူးနေမိသလဲ။

မြင်မြင်ချင်းပဲ အဲဒီမိန်းမချောကလေးကို တရင်းတနှီး စကားဆိုမိသည်။ စိတ်ထဲမှာ နှစ်သက်သဘောကျမိသည်။

ဟိုတစ်ရက်က တွေ့ခဲ့သော ကောင်မလေးကို သဘောကျတာကတစ်မျိုး။ အခု သည်ကောင်မလေးကို သဘောကျတာက တစ်မျိုး။ တူတော့မတူ။

"ဟော ...သား ပြန်ရောက်လာပြီလား"

ဒေါ်မမလတ်က သူတို့အနား လျှောက်လာပြီး မေး၏။

"သား ... ဒါ ဦးမျိုးအောင်ရဲ့သမီး ယွန်းရွှေခတဲ့ သားဟို့ချင်း မသိကြဘူးမဟုတ်လား၊ မိတ်ဆက်ပေးဖို့ တမင်ခေါ် ခဲ့တာ"

"ဟုတ်ကဲ့၊ အန်ကယ်မျိုးသမီးလား"





မင်းလုလင်က ဖေဖေ့ကို တရင်းတနှီးသိနေသည်။ ရွှေခကို မသိတာ အံ့သြစရာ။ ဖေဖေကပဲ တမင်မပြောဘဲ ထားခဲ့တာလား။ သူက ရွှေခကို လုံးဝသိခဲ့ပုံမပေါ်။

"ဒေါ်ဒေါ်လတ်ကို ဟိုးကတည်းက ပိုးပန်းခဲ့တဲ့ အန်ကယ်မျိုးကို သားသိပါတယ်"

"ဟဲ့ ...သား"

သည်စကားကို ဒေါ်မမလတ်က ရွှေခကို အားနာသွား သည်။

"ဆောရီး ...ဆောရီး"

မင်းလုလင်က ရယ်သံနှင့် တောင်းပန်၏။ ရွှေခက သူ့ကို မကျေမနပ်ကြည့်မိသည်။

သူ့အဒေါ်ကို ရွှေခဖေဖေ ပိုးပန်းခဲ့ဖူးတာကို ခုထက်ထိ ဂုဏ်လုပ်ကျေနပ်နေတုန်း။

မုန်းချင်စရာ။



www.burmeseclassic.com

www.burmeseclassic.com



"သမီး …သားက မင်းလုလင်တဲ့"

ဒေါ်မမလတ်က မိတ်ဆက်ပေးပါသည်။

ရွှေခက အင်တင်တင်နှင့် ခေါင်းညိတ်သည်။

"လာကြလေ …ညစာ စားရအောင်"

ဒေါ်မမလတ်က ညှေ့ခန်းကို ဦးဆောင်ခေါ်သည်။

မင်းလုလင်က ရွှေခကို ငဲ့ကြည့်သည်။

ရွှေခက မျက်စောင်းရွယ်မိသည်။

မင်းလုလင်က အော်ရယ်သည်။

ဒေါ်မမလတ်က စိတ်မချသလို တစ်ချက်လှည့်ကာကြည့်၏။

ထင်ထားတာထက် ပိုပြီး သွက်လက်ရဲတင်းနေသည်။ ပြီးတော့ ရွှေခကိုပဲ စချင်နောက်ချင်သလို။

ဖေဖေ့ကိုလည်း သူက လျှောင်ပြောင်သရော်သေးသည်။ အစကတည်းက ထိုကိစ္စအပေါ် ခံစားချက်ရှိသော ရွှေ





အတွက်တော့ တုတ်ပေါ်အနာကျ၊ အင် …မှားနေပြီ၊ အနာပေါ်တုတ်ကျသလို ဖြစ်စေသည်။

"အန်ကယ်မျိုး မပါလာဘူးလား"

သူ့အမေးကို ရွှေခ မဖြေ။ မကြားသလို နေလိုက်သည်။

မင်းလုလင်က မျက်ခုံးနှစ်ဘက်မြှင့်ကာ သက်ပြင်းချလိုက်၏။ တစ်ခါမှ သူ ဒီခုလို ရှုတ်နောက်နောက် မရှိခဲ့ဖူးပါ။ ဘယ်ကောင်မလေးကိုမှ တရင်းတနှီး မစဖူးခဲ့ပါ။

သည်ကောင်မလေးနှင့်တွေ့မှ …။

သူ့ကိုယ်သူ သုံးသပ်မိလျက် မျက်နှာကို ကြိုးစားတည်ရသည်။ အခုမှ သိကျွမ်းသော ကောင်မလေးဟာ သူ့ကို ပြောင့်စပ်စပ် ဖျက်ချော်ချော်ဟု သတ်မှတ်လိုက်လျှင် ခက်မည်။

"အန်ကယ်မျိုးက သူ့မှာသမီးရှိတာ ဖွက်ထားတာကိုး"

"ဘာ"

"ဒီလောက်လှတဲ့ သမီးချောကို လူသိမှာစိုးတယ်ထင်တယ်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ ဘယ်သူ့မှ မသိအောင် တိတ်တိတ်ကလေး ထားထားတာ''ဟု ထပ်စမိသည်။

ရွှေခ၏ မခံချင်မျက်နှာပေးလေးက တော်တော်ချစ်စရာကောင်းသည်။

''ဘယ်သူ့မှ ဖွက်မထားဘူး၊ ရှင်တို့နဲ့ မပတ်သက်စေချင်တာ သိရဲ့လား၊ အခုလည်း ရှင့်အဒေါ်အပျိုကြီးတွေက ဖေဖော်မှာ တောင်းရမ်းကမ်းလှမ်းလို့''

ရွှေခက ဒေါသဖြစ်ဖြစ်နှင့် ပြောမိသွားတော့သည်။ မင်းလုလင်က အံ့အားသင့်စွာ စိုက်ကြည့်နေ၏။

မိန်းမချောလေး၏ စကားများက သူ့ရင်ထဲကို ထိမှန်သွားပြီ။ ဒေါ်လေးတို့က အဲဒီကောင်မလေးကို သူ့အတွက် ကမ်းလှမ်းသတဲ့လား။

ရွှေခက မျက်နှာကလေးမော့ပြီး တစ်ဖက်လှည့်သွား၏။ မာကျောအေးဆတ်သော စတိုင်နှင့်။





''ကျွန်တော်မသိသေးဘူး''

မင်းလုလင် အမှန်တိုင်း ပြောမိသည်။

မညာချင်ပါ။ ညာစရာလည်း မဟုတ်။

''ရှင်ငြင်းမှာ မကြောက်ပါဘူး၊ ကျွန်မကလည်း ရှင့်ကို သဘောမကျပါဘူး''

ရွှေခက ကြိုတင်ကန့်ထားသည်။

''ကျွန်တော် မငြင်းပါဘူး''

မင်းလုလင် မဆိုင်းမတွ ဖြေမိသည်။

''ကျွန်တော် ချက်ချင်းကြီး မဆုံးဖြတ်ပါဘူး၊ ခင်ဗျားလည်း အလျင်စလို မဆုံးဖြတ်သင့်ဘူး''

ရွှေခက သူ့ကို မျက်စောင်းရွယ်သည်။

''ဖြစ်သင့်တာက လူကြီးတွေသဘောတူတယ်ဆိုတော့ ကျွန်တော်တို့ တစ်ယောက်ကိုတစ်ယောက် လေ့လာသင့်တာပေါ့၊ လက်ခံနိုင်ရင် ခေါင်းညိတ်ရုံပဲ''



www.burmeseclassic.com

www.burmeseclassic.com



သူ့အခေါ်တွေကသာ သူတို့စိစဉ်တာကို မင်းလုလင်က ငြင်းကိုငြင်းမှာပဲဟု ထင်နေကြတာ။ တကယ်တမ်းမှာ မင်းလုလင်က အဲဒီလိုမဟုတ်။ လူကြီးဆန်သည်။

"ဒါပေမယ့် ကျွန်မက ဖေဖေ့လိုအဖြစ်မခံနိုင်ဘူး"

ရှင်းရှင်းပဲ ပြောမိ၏။

"ငြင်းချင်ရင်တောင် ကျွန်မဘက်က ငြင်းတာပဲဖြစ်ရမယ်၊ ရှင့်မှာ ငြင်းပိုင်ခွင့်မရှိဘူး၊ ရှင့်အခေါ် ဒေါ်မမလတ်ကြောင့် ကျွန်မဖေဖေက ဟားစရာလိုလို၊ သနားစရာလိုလို ဖြစ်ခဲ့ရတာ"

မင်းလုလင် မျက်နှာပျက်သွားသည်။

"မဟုတ်ပါဘူး၊ စောစောက စ,တာပါ"

"ကျွန်မလည်း စ,စရာအခြေအနေရောက်မှာ ကြောက်တတ်တာပဲ"

ဟု ရွှေခအပြောကြောင့် မင်းလုလင်က နှုတ်ဆိတ်သွားသည်။ အခုကိစ္စကို သူ့ဘက်က ပေါ့ပေါ့ပါးပါးပဲ နောက်လိုက်မိ





တာပါ။ ရွှေခအတွက် ဝေဒနာဖြစ်သွားစေမည်မထင်။ သူ့ဖေဖေ၏ အရှုံးအတွက် ရွှေခက ခံစားနေရပုံပါလား။

အတူတူယှဉ်လျှောက်လာရင်း ရွှေခက ခြေသုတ်ခင်းကို ခလုတ်တိုက်သည်။ ဟပ်ထိုးလဲမတတ်ဖြစ်သွားတော့ သူ ဖမ်းထိန်းထားပေးရသည်။

ရွှေခက ရှက်ရွံ့ထူပူစွာနှင့် မျက်နှာကလေး ရဲတွတ်သွား၏။ သူ့လက်တွေကို ချက်ချင်းဖယ်သည်။ ပြန်မတ်အောင် ထိန်းသည်။ မင်းလုလင်ကိုမကြည့်ဘဲ မျက်လွှာချနေ၏။

သနပ်ခါးနံ့သင်းသင်းကလေးနှင့် နွေးနွေးအိအိ ကိုယ်လုံးကလေးကို သူ ရင်ခုန်မြန်စွာနှင့် ပြန်မလွှတ်ပေးချင်အောင် ဖြစ်ရပါသည်။ သူ့လက်တွေကို ချက်ချင်းဖယ်ပစ်တော့ မင်းလုလင် ရင်ထဲဟာသွား၏။

ဘာကြောင့်မှန်းမသိ။

သည်မိန်းမချောလေးကို မြင်မြင်ချင်း သဘောကျသည်။



www.burmeseclassic.com

www.burmeseclassic.com



စ,ချင်သည်။ ချစ်စနိုးဖြစ်သည်။ ရင်ခုန်မြန်သည်။ စိတ်ထဲမှာ တရင်းတနှီးရှိလှသည်။

ဒါတွေဟာ အချစ်များဖြစ်မလား။

သူ့ပုံစံ ဝါဝါကြော့ကြော့ကလေးကို ကိုယ့်ဝရန်တာမှာ မြင်လိုက်ရစဉ်ခဏ ကိုယ့်အိမ်သူသက်ထားကလေးလိုပဲ နွေးထွေး မွှာ ခံစားရသည်။ ကျေနပ်မိသည်။

ကိုယ့်ဘဝကို အဲဒီလိုဖြစ်ချင်သည်။

စောစောကတည်းက သူ့အပေါ် အမြင်တိမ်းစောင်းနေသော ကောင်မလေးကို ထပ်ပြီး အခွင့်အရေးယူတာမျိုး ဖြစ်မှာစိုးတာကြောင့် ချက်ချင်းပဲ လွှတ်ပေးလိုက်သည်။

“လာကြလေ သားနဲ့သမီး”

ဒေါ်မမကြီးက နှစ်ယောက်စလုံးကို သူ့ဘေးမှာ ထိုင်စေသည်။ သည်ကောင်မလေးကြောင့် သူတို့အိမ် ပိုပြီး အသက်ဝင် စိုပြေသွားရတာအမှန်။

× × × ×









www.burmeseclassic.com

www.burmeseclassic.com



"ဟောတော့"

သည်ရက်တွေမှာ အချိန်အခါမဟုတ် မိုး ခဏခဏရွာသည်။ နှင်းဆီပွိုစင်က ဆိုင်အပြင်ဘက်ကို လှမ်းကြည့်ပြီး သက်တန့်မိုးစိုတော့မှာပဲဟု တွေးမိချိန်တစ်ပြိုင်နက်မှာပဲ ခေါင်းထဲက ရုတ်တရက် သတိရလိုက်တာက ...

မင်းလုလင်ဆိုသော အမည်နှင့် လူတစ်ယောက်။

ကားပျက်လို့ ပြင်ပေးခဲ့ဖူးတာ။

ကြည့်စမ်း ...သူ့နာမည်ကို ပြန်ကြားတာတောင် မှတ်မိနေရတယ်လို့။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ချက်ချင်း ပြန်အမှတ်ရသည်။

မင်းလုလင်နှင့် နှင်းဆီ ဆုံခဲ့ဖူးတာပဲ။

တည်ကြည်ခန့်ညားသော ပုံစံနှင့် စူးရှတောက်ပသော မျက်လုံးများ။ ရွှေခနှင့် အင်မတန်လိုက်ဖက်သူပါ။

ဟဲဝင်းနိဖုန်းလေးကို နှိပ်ကာ ရွှေခဆီ ဖုန်းဆက်သည်။ သတိရလာတာကို ချက်ချင်းပြောပြချင်သည်။

"ရွှေခလားဟင်"

"ဟုတ်တယ်"

ရွှေခက ဖုန်းထူးရင်း မင်းလုလင်တို့အနားကနေ ထွက်လာခဲ့၏။

နှင်းဆီနှင့် စကားပြောတာ မကြားစေချင်ပါ။

"နှင်းဆီလား ...ပြောလေ"

"ဟဲ့ ...ရွှေခရေ"

နှင်းဆီက ဝမ်းသာအားရ ရီးသားစွာပြောပြသည်။ ရွှေခက တကယ်ပဲ နှင်းဆီဖြစ်နေတာကို အံ့ဩသည်။ အဲဒီလောက်အထိ





တိုက်ဆိုင်ရသလားနော်။

"မိုးတွေရွာတဲ့ညက မဟုတ်လား"

ရွှေခ သိနေတာကို နှင်းဆီ အံ့ဩသည်။

"ရွှေခ သိလို့လား"

"သိတယ်၊ လူချင်းတွေ့မှပြောမယ်လေ"

"အင်း ...အင်း"

ယွန်းရွှေခက မင်းလုလင်တို့ အိမ်မှာမို့ နှင်းဆီပျိုစင်နှင့် ကြာကြာစကားမဆိုချင်။ မြန်မြန်ပဲ စကားဖြတ်လိုက်သည်။

နှင်းဆီက ဖုန်းလေးလက်ထဲကိုင်ပြီး မိုးစက်တွေကို ကြည့်နေးကာ သက်တန့်ရောက်အလာကို စောင့်နေမိသည်။ နှင်းဆီ နှုတ်ခမ်းလေးတွေ တဖြည်းဖြည်းပြုံးလာမိ၏။ နောက်ဆို လေးယောက်သား ထွက်လည်ခွင့် ရနိုင်မလား။ ဖြောင့်ဖြူးသာယာသော ဘဝလေးကို ပိုင်ဆိုင်ချင်သည်။ ဘယ်သူ့ကိုမှ စိတ်မဆင်းရဲစေချင်။



www.burmeseclassic.com

www.burmeseclassic.com



သက်တန့်ကိုလည်း သစ္စာရှိချင်သည်။

နှင်းဆီဘဝမှာ သက်တန့်ကလွဲလျှင် ဘယ်သူ့ကိုမှ လေ

မတွဲချင်။

သက်တန့်တစ်ယောက်တည်းကိုပဲ တစ်သက်ေ

ချစ်သည်။ အဲဒီလို မိုးတွေရွာသောနေ့တစ်နေ့ပါပဲ။ သက်တန့်

တွေ့ဆုံခဲ့ရတာ။ မိုးတွင်းမို့ မိုးရွာတာ မဆန်းပေမယ့် အချစ်မိုးတ

နှလုံးသားပေါ် တစိမ့်စိမ့်ရွာသော နေ့တစ်နေ့ကတော့ ဆန်းနေ

သည်။ အခုလို အချိန်အခါမဟုတ် မိုးလည်း မဟုတ်ခဲ့ပါ။

ယူဇီ (နေရောင်ကာကွယ်ပေးခြင်း)ပါသော ခေါက်ထီးေ

ပျော့ကလေးက သည်းသည်းမည်းမည်း မိုးစက်ကို မခံနိုင်။ မိုး

လေက ကြမ်းလွန်းတော့ ထီးပါလည်းမလုံ။ အနီးအနားက ဆိုင်

တစ်ခု တံစက်မြိတ်မှာ မိုးဝင်ခိုရင်း ထီးကလေးကိုလည်း မပိတ်

မိဘဲ မိုးစိုမှာစိုးတာကြောင့် ကာထားမိသည်။ ကိုယ့်လိုပဲ မိုးခို

သူတွေ အများကြီး။ နှင်းဆီက ဟိုဒီဝေ့မကြည့်ဘဲ မျက်လွှာချ





ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်နေမိသည်။ ခဏကြာတော့မှ ဘေးကို

တစ်ချက်လှည့်ကြည့်၏။

"နှင်"

နှင်းဆီ၏ ထီးကနေ သူ့အပေါ် ရေတွေတစ်စက်စက်ကျ

နေတာကို သူ့မျက်နှာ ရေငုံနှုတ်ပိတ်ငြိမ်နေသည်။

ဘယ်လိုလူလဲ။

နှင်းဆီက ကမန်းကတန်း ထီးကိုဖယ်လျက် အားနာစွာ

ပြုံးမိသည်။ နှင်းဆီကို ငေးကြည့်နေသော မျက်လုံးချိုချိုများနှင့်

ဆုံမိသည်။

"ဆောရီးနော်"

လက်ကလေးကာပြရင်း ဆိုမိသည်။

"ရပါတယ်"

သဘောကောင်းလွန်းတာကို အံ့အားသင့်မိသည်။

နှင်းဆီကဖြင့် သူ့ကိုမသိပါ။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့တည့်တည့်ကို ပြန်လှည့်ရင်း ရွာနေသောမိုးကို ဒေ
ကာ ကြည့်နေမိပါသည်။

သက်တန့်က ဘေးတိုက်မျက်နှာလှလှလေးကို ကြည့်ကာ
အသက်ရှူမြန်လာမိ၏။ သည်ကောင်မလေးကို သူ နှစ်ခါသုံးခါ
တွေ့ဖူးသည်။ ခုလောက် နီးနီးကပ်ကပ်တော့ မဟုတ်ပါ။

သူ့ကို ကောင်မလေးက သိပုံမပေါ်။ သူကသာ သိနေ
တာ။ သိနေတာလည်း မဆန်း။ ကောင်မလေးက အရမ်းလှသည်
တစ်ခါမြင်ရုံနှင့် မှတ်မိချင်စရာကောင်းသည်။

နှင်းဆီက သူကြည့်နေတာ သိသည်မို့ ဆတ်ခနဲလှည့်
ကြည့်လိုက်၏။ သူက ရှက်အမ်းအမ်းနှင့် မျက်နှာလွှဲမသွားဘဲ
ပြုံးပြပြီး ဆက်ကြည့်နေသည်။

''ခင်ဗျားကို မြင်ဖူးတယ်''

''ရှင်''

သူ့စကားကို အံ့အားသင့်မိသည်။





နှင်းဆီကဖြင့် သူ့ကိုမသိပါ။ ထင်တော့ထင်သည်။
သူ့အမူအရာက နှင်းဆီကို သေသေချာချာသိနေသလို။

''ဘယ်မှာမြင်ဖူးတာလဲ''

သူကမဖြေဘဲ ဖွဖွပြုံးနေသည်။ ထပ်မေးရလည်းခက်စွာ
နှင့် နှင်းဆီက နှုတ်ခမ်းလေးကိုက်မိသည်။

မဖြေချင်မှတော့ ဘာလို့ နောက်ထပ်မေးနေရဦးမှာလဲ။
သက်တန့်ကတော့ သတိလက်လွှတ် ငေးနေမိတုန်းပါပဲ။

သူ့ရင်ခုန်သံကို သူ မယုံချင်။

သည်ကောင်မလေးကို ခပ်လှမ်းလှမ်းမှာ မြင်ကတည်းက
သဘောကျစိတ်နှင့် ခိုးခိုးကြည့်နေမိတာ သူ့ပဲသိသည်။

ကောင်မလေးက မိုးရေထဲ ထီးဖွင့်ကာ လှစ်ခနဲပြေးသွား
သည်။ သက်တန့် လှမ်းခေါ်ဖို့ပြင်ပြီးမှ ငြိမ်နေလိုက်သည်။

ခေါ်လိုက်လို့ လှည့်ကြည့်လာလည်း ပြောစရာစကား
သူ့မှာမရှိ။


× × × ×



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



ဆီထည့်ဖို့ ဆီစာအုပ်ကို ဆွဲယူကာ ကားထဲကအဆင်း ရုပ်တန့်ငေးမောကြည့်နေသော မျက်လုံးတစ်စုံကို သတိပြုမိသွား၏။

ဟင် ...မနေ့က တွေ့ခဲ့တဲ့သူ။

သူ့ကို နှင်းဆီ မှတ်မိနေသည်။

နှင်းဆီ ထီးပေါ်က မိုးရေတွေ သူ့ကိုယ်ပေါ်ကျနေတာကို ဘာမှမပြောဘဲ ငြိမ်နေခဲ့သူ။

ဩော် ...သူက ဒါကြောင့် ခင်ဗျားကိုတွေ့ဖူးတယ်လို့ ပြောင်ပြီလုပ်သွားတာ။



www.burmeseclassic.com

www.burmeseclassic.com



ဒါလေးများ ကားခေတ်ဆီလာထည့်ရင်း ဆုံဖူးပါတယ်ဟု ပြောလိုက်လည်း ရသားနှင့်။

နှင်းဆီက သူ့ကို ပြုံးပြနှုတ်ဆက်လိုက်သည်။ သူက ဝမ်းသာသွားသလို မျက်လုံးတွေ တောက်ပသွား၏။

သူနှင့် နှင်းဆီ အဲဒီလို စသိခဲ့ကြတာပါ။


သူ့မျက်လုံးတွေထဲ လေးနက်ခြင်း၊ မြတ်နိုးခြင်းသည် တစ်ခါမှ မှိန်ဖျော့လျော့ပါးမသွားခဲ့ပါ။

နှင်းဆီ နှလုံးသားကို နွေးထွေးယုံကြည်စေပါသည်။

× × × ×









www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မာလာကြွယ်က ခြံထဲက မြင်ကွင်းကို လှမ်းကြည့်ရင်း သက်ပြင်းတစ်ချက်တော့ ချမိသည်။

နှင်းဆီက ဒန်းပေါ်မှာ ထိုင်လို့။ သူ့သူငယ်ချင်းကောင်လေးက ဘေးမှာ မတ်တတ်ရပ်လို့။

သည်ကောင်လေးကို သမီးက သိပ်တွယ်တာသည်။ သူတို့မျက်လုံးတွေက တစ်ဦးအပေါ်တစ်ဦး လေးနက်လွန်းလှသည်။ ဘေးကနေ သိသာသည်။

ကိုယ်ကသာ ကိုယ့်သားနှင့် ဖြစ်စေချင်တာ။ ရည်ရွယ်ချက်ကြီးခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေလည်း လောကကြီးက ကိုယ်အတွက်ချစ်ခွင့်သလို မဖြစ်။ သူဖြစ်သလို ဖြစ်တာကို လက်ပိုက်ကြည့်နေရတာ။

မွေးစားသမီးကလေးဆိုပေမယ့် ကိုယ့်ကြောင့် စိတ်မဆင်းရဲစေချင်။ ငါ့အမေပဲဆိုပြီး အမိန့်မပေးချင်။

သူပျော်သလို သူနေချင်သလို ခွင့်ပြုချင်သည်။ သည်လိုသာဆို သား မင်းလုလင်ကို ကိုယ် သည်တစ်သက် ပြန်ရပါ့မလား။

ဒေါ်မမကြီး၊ ဒေါ်မမလတ်နှင့် ဒေါ်မမလေးတို့က ဟိုးကလေးဘဝကတည်းက ကိုယ့်ဆီက မရအရခေါ်သွားခဲ့တာ။ ကိုယ့်မှာ ဘာမှမတတ်နိုင်ခဲ့ပါ။

သားကလေး ကောင်းစားရေးအတွက် ကိုယ့်သားကို သူတို့နှင့် ထည့်ပေးခဲ့ရသည်။

ရင်ထဲမှာတော့ မချိမဆန့်ပါပဲ။

တစ်နေ့နေ့မှာ သားကို ပြန်ခေါ်ဖို့ အားတင်းပြီး ကိုယ့်ဘဝကို မြင့်မားတိုးတက်အောင် ကြိုးစားခဲ့သည်။ သိပ်ချစ်စရာကောင်း





သော နှင်းဆီကို မွေးစားခဲ့သည်။

"သူနဲ့ ကလေးကိုထားရင် ဆင်းရဲမှာပေါ့၊ ပညာကောင်းကောင်း သင်ပေးနိုင်ပါ့မလား၊ ဒါက ကျွန်မတို့ရဲ့ တစ်ဦးတည်းသော မျိုးဆက်။ နွမ်းပါးချို့တဲ့တာမျိုး အဖြစ်မခံနိုင်ဘူး"

ဒေါ်မမကြီးပြောခဲ့သော စကားများ။

သားကို လက်ခံပြီး ကိုယ့်ကို လက်မခံ။ ကိုယ်က သားရဲ့အမေရင်းပါ။

သူတို့ထင်ထားသလို ကိုယ်ကရော သူတို့အိမ် အောက်ကျနောက်ကျ လိုက်နေမတဲ့လား။

အတိတ်က အကြောင်းတွေသည် ကိုယ့်ကို ရင်နာကြေကွဲစေပါသည်။

သားကရော ကိုယ့်အပေါ် သံယောဇဉ်ပြတ်ခဲ့ပြီလား။ ငယ်ငယ်ကတည်းက ခွဲခွာနေရတာမို့ အမေကို မေ့ချင်မေ့နေလောက်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



သားကို ပြန်လိုချင်တာ ကိုယ် အတ္တကြီးနေတာလား။ သူတို့ပြုစုစောင့်ရှောက်မှုအောက်မှာ သားက အစစအရာရာ ပြည့်စုံ အေးချမ်းနေတာ။

သားအတွက် မေမေက စဉ်းစားပေးခဲ့တာပါဆိုလျှင် သားက လက်ခံပါ့မလား။

ဒေါ်မာလာကြွယ် တွေဝေနေမိသည်။

သမီး နှင်းဆီကလည်း ဟိုသူငယ်လေးကို မေတ္တာသက်ဝင်နေပုံရလေသည်။

"အဲဒါ တကယ်လား"

"ဟုတ်ပါတယ်ဆို ...မေမေက သူ့သားနဲ့ နှင်းဆီကို သဘောတူတာ၊ နှင်းဆီလည်း ဘယ်လိုလုပ်ရမှန်းမသိဘူး။ ရွှေခေ ဖေဖေကလည်း ရွှေခနဲ့ သဘောတူတယ်၊ ဟိုဘက်ကလည်း ရွှေခကို သဘောကျတယ်"

"တော်သေးတာပေါ့"





သက်တန့်က နည်းနည်းစိတ်အေးသွားသလို ဆို၏။

"အန့်တီက နှင်းဆီကို ကိုယ်နဲ့ သဘောတူပါ့မလား"

"မမေးရသေးဘူး၊ မပြောရဲဘူး"

သက်တန့်က ဟူးခနဲ လေပူမှုတ်ထုတ်၏။

"လောကကြီးမှာ မိန်းမတစ်ယောက်ကို ချစ်ရတာ ခက်ပါလား၊ ရှုပ်ထွေးလွန်းတယ်"

"စိတ်ကုန်သွားပြီလား"

နှင်းဆီက စိုးရိမ်စွာ မေးလာ၏။

"အသက်ရှုနေသရွေ့ နှင်းဆီကို စိတ်မကုန်ဘူး"

"အမယ် ပိုလိုက်တာ"

နှင်းဆီက မျက်စောင်းရွယ်သည်။

"အန့်တီ အပေါ်ထပ်ကနေ ကြည့်နေပြီ"

"ဟင် ...တကယ်လား"

သက်တန့်စကားကြောင့် နှင်းဆီက လန့်သွား၏။

www.burmeseclassic.com


"မကြောက်ပါနဲ့၊ အရာရာကို ရင်ဆိုင်ရမှာပဲ"

နှင်းဆီက ဆတ်ခနဲ ခေါင်းညိတ်၏။ ဘာကြောင့်မှ သက်တန့်နှင့် မခွဲချင်။

× × × ×







www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေနံနက်ခင်းမို့ မင်းလုလင် အိမ်မှာ အေးအေးလူလူ ရှိနေသည်။

မနက်အိပ်ရာနိုးပြီး သူ့ သတင်းစာဖတ်နေတာ။

"သားရေ"

"ဗျာ"

အန်တီလတ်က သူ့ထံလျှောက်လာပြီး ...

"ဒီနေ့ သားလေး စောစောနိုးလာတာနဲ့ အတော်ပဲ၊ အိမ်မှာ ရွှေတောင်ခေါက်ဆွဲချက်တယ်၊ ဟိုနေ့က စကားစပ်ရင်း ရွှေခြ ကြိုက်တဲ့မုန့်တွေ သိထားလို့ တမင်ချက်တာ၊ သားနဲ့အတူတူ စားစား



www.burmeseclassic.com

www.burmeseclassic.com



ဖို့ ဖုန်းဆက်လိုက်ပါလား"

မင်းလုလင်က လက်သန်းနှင့် မျက်ခုံးကို ဖွဖွကုတ်ရင်း အနည်းငယ် စိတ်လှုပ်ရှားသွားမိသည်။

သူလည်း ရွှေခကို တွေ့ချင်နေသည်။ စကားသံချိုအေး အေးလေးကို နားထောင်ချင်သည်။

ဒေါ်လေးတို့က သူ့စိတ်ကို ရိပ်မိနေပြီလား မပြောတတ်။

ထိုအချိန်မှာ ဘုရားရှိခိုးပြီး ဧည့်ခန်းကို ထွက်လာသော ဒေါ်မမလေးက ...

"မလတ်ရယ် ...ဖုန်းဆက်နေတာ ကြာပါတယ်၊ သား လေးကိုယ်တိုင် သွားခေါ်ခဲ့တော့ ပိုမကောင်းဘူးလား၊ ရွှေခ ဒီအချိန် အိမ်မှာရှိဦးမှာပါ၊ သွားလိုက်ပါလား သား"

"ဟာ ...ကောင်းပါ့မလား"

"ဟဲ့ ...ဘာမကောင်းစရာရှိလဲ"

"ကောင်မလေးက သား သူ့ကိုကြိုက်နေပြီလို့ ထင်ရင်

// ၄၃





ရော့"

"ဩော် ...ထင်ရင် ဘာဖြစ်သလဲကွယ်၊ မြန်မြန်ပွင့်လင်း သွားတော့ ဒေါ်လေးတို့လည်း စီစဉ်စရာရှိတာ စီစဉ်ရုံပဲ"

ဒေါ်မမလေးက သည့်တူကလေးနှင့် ရွှေခတို့ မင်္ဂလာပွဲ ကို ဖြစ်မြောက်အောင် စီစဉ်ပေးချင်လှပြီ။

မင်းလုလင်က ရယ်နေသည်။

"ရွှေခက သားအပေါ် နားလည်မယ့် မိန်းကလေးပါ။ ဒဲ ...သွားခေါ်ဖို့ပြင်လေ၊ ကြိုပြီး ဖုန်းဆက်ချင်လည်း ဆက်ထား"

"ဖုန်းဆက်တာက ဒေါ်လေးတို့ဆက်"

"အမယ်လေးနော် ...သူက ရှက်နေပြန်ပါပြီ"

"ဟာဗျာ"

လူကြီးတွေ သဘောတူမှန်းလည်းသိ၊ ကိုယ်ကလည်း ကြိုက်ပြီး သဘောကျနေပြီဆိုတော့ မင်းလုလင်မျက်နှာက ပြုံးစေ့ နှင့် ရှက်ကိုးရှက်ကန်း ဖြစ်မိတာတော့ အမှန်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေခ မျက်လုံးလေးက သိပ်ပြီး ရင်ခုန်စရာကောင်းသည်။

အန်ကယ်မိုးရဲ့ သမီးလေးမို့ သံ့ူစိတ်ထဲ တစ်ခဏနှင့် ရင်းနှီးသွားမိသလားမသိပါ။

ရင်ထဲမှာ နွေးထွေးစွာ နှစ်သက်နေတာအမှန်။

"ဒါဖြင့် သားလေးက အင်္ကျီလဲ၊ ဒေါ်လေးက ဖုန်းဆက်ပေးမယ်၊ ဟုတ်ပြီလား"

မင်းလုလင် ခေါင်းညိတ်ကာ သူ့အခန်းထဲ အမြန်ဝင်ယာ၍ အင်္ကျီလဲသည်။

ခါတိုင်းဆို နံရံကပ်ဘီရိုကို ဆွဲဖွင့်ပြီး တွေ့တဲ့အင်္ကျီ ကောက်ဝတ်လိုက်တာပါပဲ။

ဒီမနက်တော့ ဘာဝတ်ရမလဲ မင်းလုလင် တစ်ချက်တွေးကာ ငြိမ်တွေစဉ်းစားမိသည်။

ရွှေခက အရောင်ဖျော့တွေ ကြိုက်တတ်သလား၊ အရောင်ရင့်ရင့်ကလေးတွေ ကြိုက်တတ်သလား။





သူကတော့ ပန်းချီသမားမို့ အစကတည်းက မျက်စိစူးတဲ့ အရောင်တွေ ဝတ်လေ့မရှိပါ။

ဒါပေမဲ့ အခုအခါမှာတော့ ရွှေခဆိုတဲ့ ကောင်မလေးရဲ့ အမြင်မှာ ကြည့်ကောင်းလိုက်တာဆိုတဲ့ အဝတ်အစားမျိုးတွေ သူ ဝတ်ဆင်နေချင်မိသည်။

ဒေါ်မမလတ်က တံခါးဟစိလေးထဲကနေ တူဖြစ်သူကို အသာချောင်းကြည့်မိသည်။

ကိုယ့်လက်ပေါ် ကြီးပြင်းခဲ့တဲ့ ကလေးမို့ ဘာကြိုက်တယ်၊ ဘာမကြိုက်ဘူးဆိုတာ အမူအရာကြည့်ရုံနှင့် သိပါသည်။

ထို့ကြောင့် ဒေါ်မမလတ်မျက်နှာက ပြုံးရွှင်နေသည်။

အင်္ကျီအရောင် ဂရုတစိုက်ရွေးနေတဲ့ ကိုယ့်တူသားကြီးဟာ ချစ်စရာ…။

အရပ်မြင့်မြင့်၊ အသားဖြူဖြူနှင့် မင်းသားတစ်ယောက်လို ကြော့မော့ရှင်းသန့်နေတာ။



www.burmeseclassic.com

www.burmeseclassic.com



မင်းလုလင်က အသားရောင်လိုလို၊ အဝါရောင်လိုလို ရှပ်အင်္ကျီလက်ရှည်ကို ထုတ်သည်။ ပြီးတော့ ဘောင်းဘီအရောင်နှင့် တိုက်ကြည့်နေသည်။

စိတ်တိုင်းကျသွားတော့ ရွှီခနဲ လေတာစ်ချက်ချွန်ကာ အဝတ်လဲလိုက်၏။

ဝတ်ပြီးတော့ မှန်ရှေ့သွားကာ ရေမွှေးနိပ်ဖျန်းလျက် ဆွတ်၏။

ဆံပင်ကိုလည်း ဂျဲနှင့် သပ်ရပ်အောင် အမြန်ဖြီးသည်။

"သားရေ"

"ဗျာ"

ဒေါ်မမလတ်က အသံပေးလိုက်၏။

"ပြီးပြီလား"

"ဟုတ်ကဲ့"

"နက်ခတိုင်လေး ချည်ဦးလေ၊ ဟိုအကျားလေးနှင့်ဆို





လိုက်မယ်"

"ဟာ ...ရှိုးထုတ်ထားသလို ဖြစ်နေမယ်"

"ဪ ...ကိုယ့်မိန်းကလေးအိမ် သွားမယ့်ဥစ္စာပဲ"

ဒေါ်လေးက သူ့ကို နက်ခတိုင်ယူပေးသည်။

မင်းလုလင်လည်း ငြင်းမထူနေတော့ဘဲ ထိုနက်ခ်တိုင်အနက်နှင့် အဝါစင်းလေးကိုပဲ ချည်လိုက်သည်။

"ဒါမှပေါ့၊ သားက ခန့်ချောကြီးပဲ"

"ကိုယ့်ငါးချဉ် ကိုယ်မချဉ်နဲ့ဦးလေဗျာ"

"တကယ်ပြောတာပါကွယ်၊ ရွှေခလေး ငေးသွားမှာ မြင်ယောင်သေး"

မင်းလုလင်သည် အဒေါ်သုံးယောက်နှင့် ဆူညံကာကားပေါ်တက် လက်ပြ၍ မောင်းထွက်ခဲ့သည်။

ရွှေခလေးရော ဒီအချိန် အလှပြင်နေပြီလား။

ကိုယ်နှင့်တွေ့ရဖို့ ရင်ခုန်နေမလား။ မင်းလုလင် သိချင်



www.burmeseclassic.com

www.burmeseclassic.com



သည်။

မင်းသာ ခေါင်းညိတ်မယ်ဆိုရင် ကိုယ်တို့ဘဝက ပန်းခင်းလမ်းပဲမဟုတ်လား။

အခြေအနေကို သူ့ အကျေနပ်ကြီး ကျေနပ်မိသည်။

အချစ်ရေးကိစ္စနှင့် ပတ်သက်ပြီး သူက စိတ်မရှုပ်ချင်သူပါ။

သာသာပြေလည်သော ဘဝခရီးတစ်ခုကို ငြိမ်းငြိမ်းချမ်းချမ်း လျှောက်လှမ်းချင်သည်။

သူ့အမေတုန်းက မပြေလည်သော အချစ်တစ်ခုကို အရှုံးအမှုး ဖက်တွယ်ခဲ့တော့ ပြဿနာတွေ ရှုပ်ထွေးခဲ့ဖူးသည်မဟုတ်လား။

သူကတော့ ထိုဖြစ်ရပ်တွေကို သင်ခန်းစာယူပြီး ပြဿနာလမ်းပေါ် မလျှောက်ဖို့ ဆုံးဖြတ်ထားသည်။

ရွှေခတို့ အိမ်ရှေ့ ကားဟွန်းတီးတော့ ရွှေခ ထွက်လာ





သည်။

"ကိုမင်းလုလင် ရောက်လာပြီ၊ မြန်သားပဲ"

"ရွှေခ အလှမပြင်ရသေးဘူးလား"

သူ ပြုံးစေ့စေ့ မေးသဖြင့် ရွှေခမျက်နှာလေး ရှက်ရိပ်သန်းသွားရသည်။

မသိမသာလေးနှင့် မျက်နှာတစ်ပြင်လုံး လှအောင် အမြဲလိမ်းခြယ်ထားရတာ။

မျက်ခွံပေါ်မှာ လိမ္မော်ရောင်ပြေပြေ မက်ကာရာလေး တင်ထားတော့ အရောင်က လင်းလဲ့နေပြီ။ မနက်ခင်းရဲ့ နေရောင်ခြည်နှင့်အတူ ဆန်းသစ်တောက်ပနေ၏။

ခါးမှာ၊ ပခုံးနှစ်ဘက်မှာ ကြိုးလေးတွေ ချည်ရသော လိမ္မော်ရောင်အင်္ကျီနှင့် စကဒ်အဖြူလေးကို သပ်ရပ်စွာ ဝတ်ဆင်ထားတာ မင်းလုလင်အမြင်မှာ ဖွံမက်ဖွယ်ကောင်းလှသည်။

မင်း ဘယ်လိုနေနေ ဘာကြောင့် ဒီလောက်လှနေတာလဲ



www.burmeseclassic.com

www.burmeseclassic.com



ကွာ။

“အိမ်ထဲဝင်ဦးလေ”

“မဝင်တော့ဘူး၊ ရွှေခဲ ပြီးနေပြီဆိုရင် သွားရအောင်၊ ဒေါ်လေးတို့ စောင့်နေတယ်”

“ကောင်းပြီလေ၊ ကျွန်မ ပိုက်ဆံအိတ်သွားယူဦးမယ်”

“ပိုက်ဆံက ဘာသုံးမှာမို့လို့လဲဗျ”

“အို ...ဘာပဲဖြစ်ဖြစ် အိတ်မပါရင် လမ်းမလျှောက်တတ်ဘူး”

“ဟာ ...တစ်မျိုးပါလား”

“မိန်းကလေးတိုင်း ဒီလိုချည်းပဲ၊ ရှင်မသိဘူးလား”

“ဟုတ်တယ်၊ ကျွန်တော် မိန်းကလေးတွေအကြောင်း တကယ်မသိဘူးဗျ”

“ဒါ ...ရည်းစားမရှိသေးပါဘူးလို့ ကြွားတာထင်တယ် နော်”





“တကယ်မရှိသေးတာပါ၊ အခုမှ ပြောမလို့စဉ်းစားတုန်းပါ”

ရွှေခဲက မျက်စောင်းကလေးရွယ်ပြီး လှည့်ဝင်သွား၏။ ပြီးတော့ ခါးပတ်ကွင်းပါသည့် ပခုံးလွယ်အိတ် ပြောင်ပြောင်လက်လက် ဆင်စွယ်ရောင်လေးကို လွယ်လာသည်။

ပိုပြီး စတိုင်လ်ကျသွားတာတော့ အမှန်ပါ။ ခွာချွန်သေးသေးနှင့် ဖိနပ်အမည်းလေးကလည်း လှသည်။

သူမရဲ့ လမ်းလျှောက်ပုံ နွဲ့နွဲ့နှောင်းနှောင်းလေးက ပိုပြီး ကြည့်၍ကောင်းသည်။

တေးသွားလေးဖွင့်ပြီး ထွက်လျှောက်လာသလို အချိုးကျလှပသည်။

မင်းလုလင် စိုက်ကြည့်နေသဖြင့် ရွှေခဲရင်ထဲ နွေးကာ ခြေလှမ်းနှေးတုံ့တုံ့ပင် ဖြစ်သွားရသည်။

သူ့မျက်လုံးတွေက နူးညံ့ပျော့ပျောင်းသော အရိပ်တစ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



နှင့် ရှန်းရီတောက်ပနေသည်။

တကယ်ပါပဲ ...။

အိပ်မက်ထဲက မင်းသားလေးအတိုင်းပါပဲ။

သို့သော် ရွှေခရင်ထဲ ရှင်းရှင်းမပျော်နိုင်။

အခြေအနေတွေက ရှုပ်ထွေးနေသေးသည်။

သူဟာ နှင်းဆီနဲ့လည်း စတ်သက်နေသေးသည်မဟုတ်လား။

"ဘာလို့ကြည့်နေတာလဲ"

"ရွှေခက ချစ်စရာကောင်းလို့"

'ချစ်' ဆိုသောစကားကို ပထမဦးဆုံး သွယ်ဝိုက်လို့ သုံးစွဲလာသည်။

ရွှေခဆီက ဟိုနေ့ကလိုပဲ သနပ်ခါးနံ့သင်းသင်းလေးကို ရှူရှိုက်ရသည်။

သူ့ကားလေးက အခုမှပဲ ပြီးပြည့်စုံသွားသည်။





သူ့နံဘေးမှာ ရွှေခပါလာတော့ ကားမောင်းရတာဟာ တစ်ယောက်တည်းမောင်းရတာနှင့် တော်တော်ကွာခြားတာကို မင်းလူလင်သိသွားရသည်။

ဒီတစ်ခါ ကားမောင်းရတာ အလိုလိုပျော်ရွှင်ကြည်နူးနေမိသည်။

မီးပွိုင့်မှာ ကားရပ်ရတာ ကြာတယ်လို့လည်း မထင်။

သူ့မဘက်ကို ခိုးကြည့်ပြီး ရင်ခုန်သံတွေ မြန်နေရ၏။

တကယ်ပဲ ကိုယ့်ရဲ့နံဘေးမှာ ပါရမီဖြည့်ဖက်လေးအဖြစ် ထာဝရရှိသွားနိုင်မလား ရွှေခရယ် ...။

မင်းဝင်လာမယ်ဆိုရင် ကိုယ့်ရင်ခွင်က တံခါးဖွင့် ကြိုဆိုနေပါတယ်။

ရွှေခနှင့် ခဏခဏ အကြည့်ချင်းဆုံ အပြုံးချင်းဖလှယ်နှင့် အိမ်ကို ဘယ်လိုရောက်လာမှန်းတောင်မသိ။

လမ်းခရီးဟာ အင်မတန်တိုတောင်းမြန်ဆန်လွန်းသည်ဟု



www.burmeseclassic.com

www.burmeseclassic.com



ခံစားမိသည်။

သူ့အနေနှင့်ကတော့ ဒီလိုနှစ်ယောက်တည်း အတူတူရှိနေ ချိန်လေးကို ကြာနိုင်သမျှ ကြာကြာ ဆွဲဆန့်ထားချင်မိသည်။

ခြံထဲ ကားဝင်လာမိပြီးမှ ငါ တခြားတစ်နေရာ ဝင်နေရ ရင် အကောင်းသားဟု တွေးမိသည်။

အိမ်ကိုခေါ်လာရတော့ သူမစိတ်ကျဉ်းကြပ်မလား။

အင်း …အခေါ်တွေခင်းပေးတဲ့လမ်းကို တည်တည်ငြိမ် ငြိမ်လျှောက်ရမှာဆိုတော့ သိပ်ပြီးလောလို့လည်း မဖြစ်သေးပါဘူး။

အမြင်တစ်နေရာရာခေါ်ပြီး အကြာကြီးစကားပြောဖို့က နောက်တစ်ဆင့်ပေါ့ကွာ။

မင်းလုလင် ကိုယ့်စိတ်ကို နှစ်သိမ့်လိုက်သည်။

ရွှေခအနားကို ရောက်ချိန်ဆို ရင်ထဲ ဘာကြောင့်မှန်းမသိ ကြည်နူးစွဲမက်ရလွန်းလို့ပါ။

"ဟော …သားနဲ့သမီးတို့တောင် ရောက်လာပြီ"





ဒေါ်မမလတ်က ပေါ်တီကိုအောက်အထိ ဆင်းကြိုနေပါ သည်။

"ရွှေခရယ် …သမီးက မော်ဒယ်ကောင်မလေးတွေထက် တောင် လှနေပါသေးလား"

"ရွှေခမှ သိပ်အရုပ်မမြင့်တာ"

"ဒီအနေအတော်ပါပဲ သမီးရဲ့"

"အန်တီလတ်က ချီးမွမ်းနေတယ်၊ သားပြောဖို့လည်း ချန်ထားပါဦး"

"အမယ်လေးတော် …သားက တစ်သက်လုံးပြောနေ ရမယ့်သူပဲ"

ရွှေခက ဒေါ်မမလတ်စကားကြောင့် ခေါင်းလေးငုံ့လိုက်မိ သည်။

နှုတ်ခမ်းလေးကတော့ အပြုံးမပျက်ပါ။

သူမ စိတ်မဆိုးတာတော့ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအပြုံးလေးက မင်းလုလင်ကို အိပ်မက်တွေ ပေးနိုင်သည်။

"လာ …အိမ်ထဲဝင်ကြ၊ လွတ်လွတ်လပ်လပ် အေးအေးဆေးဆေးနေနော် သမီး၊ ကိုယ့်အိမ်လိုပဲ သဘောထား"

"မလတ်တို့ကတော့ ဦးမျိုးအောင်သမီးကို ဘယ်အချိန်ကတည်းက သမီးတော်ချင်နေသလဲ မသိပါဘူးနော်၊ သမီးရေ ညနေထိသာ နေပေးလိုက်ပါ၊ သူကြည့်ရတာ ပြန်မလွှတ်ချင်တဲ့ပုံ လေး၊ ကြည့်ဦး"

ဒေါ်မမလေးက ရယ်သံနှင့် ဆို၏။

မလတ်က ရွှေခကို လက်ကလေးဆုပ်ကာ၊ မျက်နှာလေးကို ငေးကာနှင့် ချစ်မဝသလိုရှိနေတာ ဘေးကနေ သိသာလှပါသည်။

ရွှေခရောက်လာတာ မင်းသမီးလေးတစ်ပါး ရောက်လာသလို ဝမ်းသာအားရ ပိုင်းဝန်းအရေးပေး ဂရုစိုက်ကြတာမို့ ရွှေခင





နေရခက်သလိုပါ။

ရင်ထဲမှာတော့ တိတ်တခိုး ကျေနပ်သည်။

ဒ ယောက်ျားလေးရင်ဘက်က ကြည်ဖြူနှစ်သက်လိုလား တယ်ဆိုတာလည်း ဂုဏ်ယူပီတိဖြစ်စရာတစ်မျိုး မဟုတ်လား။

မင်းလုလင်ကလည်း ရွှေခကို အရိပ်တကြည့်ကြည့်နှင့်ပါ။ အဒေါ်တွေနှင့် စကားပြောနေတော့ သူက နှုတ်ဆိတ်နေမိသည်။

ဒေါ်လေးတို့က ဟျာဟျာသလဲရှိလွန်းတော့ သူ့ထပ်ပြောဖို့ မလိုတော့ဘူးလေ။

"ခဏနော် …ရွှေခ ကျွန်တော် အင်္ကျီသွားလဲလိုက်ဦးမယ်"

"ဟယ် …သမီးကိုထားပြီး ဘယ်တုန်း၊ ပြီးမှလဲရင်လည်းရတာပဲ၊ ဒီကောင်လေးက"

မင်းလုလင်က ရွှေခထံ ခေါင်းဆတ်ခွင့်တောင်းပြီး သူ့



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲဝင်၍ တီရှပ်အင်္ကျီနှင့် လဲလှယ်လိုက်သည်။

ပြန်ထွက်လာတော့ တီရှပ်အဖြူလေးနှင့်မို့ ရှင်းသန့်ပြီး ပိုငယ်သွားသလိုထင်ရ၏။

"ကိုယ်တော်လေးရေ ...ဒီနေ့ အဝတ်အစား ဘယ်နှစ်ခါ လဲဖို့ စိတ်ကူးထားသလဲဟေ့၊ အထူးအဆန်းပါလားနော်"

"ဟာ ...မဟုတ်ပါဘူး၊ မီးပွိုင့်မှာ ကားတန်းရှည်နေလို့ သားနည်းနည်းအိုက်လာလို့ပါ"

မင်းလုလင်က ရှက်ရှက်နှင့် ဖြေရှင်းချက်ပေးရာ ရွှေခက ရယ်သည်။

"အေးပါ ...ဟုတ်ပါပြီ၊ ရွှေတောင်ခေါက်ဆွဲ သွားစားလိုက်ပါဦး"

သူတို့ စားပွဲမှာထိုင်တော့ ဒေါ်လေးတို့က ဧည့်ခန်းသို့ ရှောင်ထွက်သွားသဖြင့် သူနှင့် ရွှေခ အေးအေးလူလူ နှစ်ယောက်ထဲ စကားပြောရင်း စားသောက်ခွင့်ရသည်။





"အိမ်မှာ ရွှေခ ဟင်းချက်လား"

"မချက်ပါဘူး"

"အိမ်ထောင်ကျရင် ဘယ်လိုလုပ်မလဲ"

"ချိုင့်ဆွဲစားမှာပေါ့"

ရွှေခက ပြုံးစိစိကြည့်၏။

"အပြင်က အစားအသောက်တွေ"

"မေမေတို့အိမ်က ချိုင့်နဲ့ထည့်လာမယ်လို့ ပြောတာ"

"တယ်စိတ်ကူးကောင်းပါလား၊ ယောက်ျားက ရွှေခ ချက်တာမှ စားချင်ရင်ရော"

ရွှေခက ပခုံးလေး ကျုံ့လိုက်သည်။

မလွယ်ပါလားနော် ...ဟင်းချက်သင်ရမယ့်သဘောလား။

အဒေါ်အပျိုကြီးတွေနှင့် ကြီးပြင်းလာရတော့ သူဟာနှင်းဆီပြောသလို ဇီဇာကြောင်မည့်သူလား။

သူကလည်း ရွှေခမျက်နှာကို မလွှဲတမ်း စိုက်ကြည့်နေပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဘယ်လိုဖြေစေချင်သလဲဟင် …။

ရွှေခအဖြေဟာ ရှင့်အတွက် အရေးကြီးသလား။

“ဘာတွေစဉ်းစားနေတာလဲ”

“ကိုမင်းလုလင်မေးတာကိုပါ”

“ဖြေရခက်လို့လား”

“မဟုတ်ပါဘူး …လူတစ်ယောက်နဲ့တစ်ယောက် စိတ်ချင်း တစ်ထပ်တည်းတူဖို့ကတော့ မဖြစ်နိုင်ဘူးထင်တာပဲ၊ အရေးကြီးတဲ့ကိစ္စဆိုပြီး အရေးထားပုံချင်းလည်း အယူအဆတူမှာ မဟုတ်ပါဘူး၊ ရွှေခဆိုရင် ကိုယ့်ရဲ့စိတ်ခံစားချက်ကို ဦးစားအပေးဆုံးပဲ၊ ကျန်တဲ့အရာတွေ နောက်ပို့ထားတယ်”

“ဒါဆိုရင် ကျွန်တော့်ကိုရော ဘယ်လိုသဘောထားသလဲ၊ ဘယ်နေရာမှာထားသလဲ”

ရွှေခက အပြုံးလေးနှင့် …





“အဲဒါပြောဖို့ နည်းနည်းစောဦးမယ်ထင်တယ် ကိုမင်းလုလင်ရဲ့”

“ကျွန်တော်ကတော့ ကျွန်တော်နဲ့ ပတ်သက်ရင် တွေဝေတာမကြိုက်ဘူး၊ အချိန်ဆွဲတာ မကြိုက်ဘူး”

“ဟွန်း …ရှင်မကြိုက်တာချည်းပဲ”

“မဟုတ်ပါဘူး၊ စိတ်ထဲရှိသလို ပွင့်ပွင့်လင်းလင်း ပြောတာပါဗျာ”

“ရွှေခလည်း တမင်တကာတော့ အချိန်ဆွဲပြီး မူယာများမယ့်သူ မဟုတ်ပါဘူး”

“ဟာ …စိတ်မကောက်နဲ့ဦး၊ ကျွန်တော် အဲလိုသဘောမျိုးပြောတာ မဟုတ်ဘူး”

“ဘယ်သူက စိတ်ကောက်လို့လဲ”

“ရွှေခက နှုတ်ခမ်းလေးစူနေတော့”

“အို …မဟုတ်တာ”



www.burmeseclassic.com

www.burmeseclassic.com



ရှက်ရှက်နှင့် ခေါင်းငုံ့မိတော့သည်။

သူဟာ ရွှေခ မျက်နှာလေးကို စာဖတ်သလို အသေးစိတ် ဖတ်နေတော့တာ။

မကျေမနပ် နှုတ်ခမ်းလေးတစ်ချက် စူမိတာကိုပင် မြင် ဖြစ်အောင်မြင်သည်။

တော်တော် မျက်စိလျင်သည့်လူကြီး။

သူ့မျက်စိရှေ့မှာ နေရတာမလွယ်။

ရွှေခရဲ့ ရှက်စနိုးဟန်ပန်လေးကို မင်းလုလင် ချစ်သွားမိ သည်။

"ကျွန်တော့်မေးခွန်းကိုက စပြီးမှားတာ"

"ရှင်"

"တစ်ယောက်နဲ့တစ်ယောက် တကယ်ချစ်ရင် ဘာမဆို နားလည်ပေးနိုင်တယ်လို့ ကြားဖူးတာပဲ၊ တကယ်အရေးကြီးတဲ့ မေးခွန်းက ဘာလို့ကျော်သွားတာလဲမသိဘူးဗျ၊ နော်"



မင်းလုလင်က ရယ်ဟဟနှင့် စကားလမ်းကြောင်း ပြောင်း လိုက်ပါသည်။

တကယ်တော့ သူမ ဟင်းမချက်တတ်ဘူးဆိုလည်း ဘာမှ အရေးမကြီးပါ။

ကိုယ်သင်ပေးလို့ရတာပဲ မဟုတ်လား။

ပြီးတော့ ကိုယ့်အဒေါ်တွေ မျက်စိထဲတွေ့ပြီး ဒီမျှအဆင် ပြေတဲ့ မိန်းကလေးမျိုး ကိုယ်ဘယ်ကသွားထပ်ရှာမလဲ။

ရှာစရာလည်း မလိုတော့ပါ။

စိတ်ထဲမှာ နှင်းဆီဆိုသော ကောင်မလေးကို လှစ်ခနဲ သတိရလိုက်မိသည်။ နှင်းဆီက သူ့အတွက် အိပ်မက်ဆန်ပြီး ရွှေခ ကတော့ သူ့ဘဝ၊ သူ့နှလုံးသားရဲ့ တကယ့်ရွှေရောင်အစစ်ဖြစ်သည်။

"ရွှေခ"

"ရှင်"

မျက်လွှာပင့်ကြည့်လိုက်ပုံလေးက အသည်းခိုက်စရာ။

www.burmeseclassic.com

www.burmeseclassic.com



သိပ်လှတဲ့ မျက်ဝန်းကြည်လဲ့လဲ့လေးကွာ။

မင်းလုလင်က မလွှဲဖယ်ဘဲ ငေးစိုက်ကြည့်နေမိသည်။

သူတို့နှစ်ယောက် မျက်လုံးချင်း စေးကပ်ငြိတွယ်သွားချိန်လေးဟာ တိုတောင်းသလောက် ယစ်မူးဖွယ်ကောင်းလှသည်။

ရွှေခက အရင် မျက်လွှာချပစ်လိုက်သည်။

"မေးခွင့်ရှိလား"

"ဘာကိုလဲ" ခ

"ချစ်လား"

သူ့အသံက တိုးပေမယ့် ရွှေခ နှလုံးသားကို ကြည်နူးလှိုက်ဖိုစေသည်။

"ဖြေလေ"

"ချစ်လား"ဆိုတာ ဗွီစီဒီလား၊ ကြည့်ဖူးသားပဲ၊R ဇာနည်နဲ့ ဆုန်သင်းပါရ်မို့လား၊ သူတို့နှစ်ယောက် သရုပ်ဆောင်ကောင်းတယ်နော်"





"ဟာကွာ …ဘာဗွီစီဒီလဲ၊ ဘာမှမဟုတ်ဘူး၊ ကျွန်တော်တကယ်မေးနေတာ၊ ပြန်မနောက်ပါနဲ့ ရွှေခရယ်"

"ရွှေခ နောက်တာမဟုတ်ဘူး"

"ကျွန်တော် အလေးအနက်မေးတာဗျ"

"ရှင်က အရင်မေးတယ်"

"အင်းလေကွာ …ဘာဖြစ်လို့လဲ၊ မှားပြန်ပြီလား"

"အရင်မေးရမှာလား၊ စဉ်းစားပါဦး"

"အိုကေ …သဘောပေါက်ပြီ၊ ကျွန်တော်အရင်စပြီးပြောရမှာပေါ့၊ ဟုတ်လား၊ ရည်းစားစကားဆိုတာ ပြောရခက်တယ်ဗျ၊ ပြောဖို့မလွယ်ဘူး၊ တကယ်ခက်တာ"

"ဒါဆိုလည်းမပြောနဲ့"

ရွှေခ မျက်စောင်းရွယ်တော့ မင်းလုလင် ရယ်သည်။

"မပြောဘဲနဲ့လည်း မနေနိုင်ဘူးဗျာ၊ ဘယ်လိုလုပ်ရမလဲ"

သူသည် ရွှေခကို ချစ်စနိုးနှင့် စ,ချင်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေခ ရင်ခုန်နေပြီလားဟုလည်း သူသိချင်သည်။

သူ့ဘက်ကတော့ စိတ်လှုပ်ရှားမှုကို ဟန်ဆောင်ထားရတာ အမှန်ပါ။

တကယ်တမ်းမှာ ယောကျ်ားလေးတွေဟာ မိန်းကလေးတွေလောက် သတ္တိမရှိပါလားဟု မင်းလုလင် တွေးမိသည်။

ကိုယ့်ကို ချစ်နိုင်မလားဆိုတာ အရင်ကြိုပြီး တီးခေါက်ကြည့်ချင်သည်။ သေချာမှပဲ ပြောချင်သည်။

"ခေါ်လေးတို့ ခေါ်နိုင်းလို့ ရွှေခကို ကျွန်တော်လာခေါ်တာ မဟုတ်ပါဘူး၊ ကျွန်တော်ကိုယ်တိုင်က တွေ့ချင်လို့၊ သတိရလို့"

ရည်းစားစကားပြောဖို့ အရေးကို သွယ်ဝိုက်နေသည်။

ရွှေခက နှုတ်ခမ်းလေးကိုက်ကာ ပြုံးရင်း သူ့ကို အဓိပ္ပာယ်ပါပါကြည့်သည်။

အရေးကြီးတဲ့ ဘဝတစ်ခုအတွက် ချစ်သူတစ်ယောက် ပိုင်ဆိုင်ဖို့အတွက် စကားလေးတစ်ခွန်းကိုတော့ စွန့်စားပြီး အရင်း





အနှီးပြုရမှာပဲရှင့်၊ ဒါကို တွေဝေနောက်တွန့်နေလို့ ဖြစ်မလား။

စကားလေးတစ်ခွန်းထဲကိုများ။

"စတွေ့ကတည်းက စိတ်ဝင်စားတယ်ဗျာ၊ ဒီလောက် ဝန်ခံရင် လုံလောက်ပြီလား"

"မိန်းကလေးမြင်ရင် တော်တော်ခပ်များများ ယောကျ်ားလေးတွေက စိတ်ဝင်စားတတ်ကြပါတယ်"

"အဲလိုမဟုတ်ဘူးဗျ၊ ခင်ဗျားက အထင်သေးတာပဲ"

"ကျွန်မပြောတာ ဘာများမှားလို့လဲ၊ ရှင်လည်း ကျွန်မအပြင် တခြားမိန်းကလေးတစ်ယောက်ယောက်ကို အနည်းဆုံးတော့ စိတ်ဝင်စားမိတာမျိုး ရှိဖူးမှာလဲ၊ မရှိပါဘူးလို့ပြောရင် ရှင်ညာတာပဲဖြစ်ရမယ်"

"ဒါဆိုရင် ပြင်ပြောမယ်ဗျာ၊ ရွှေခကိုက ချစ်သွားတာ၊ ဘဝတစ်ခုလုံး ရွှေခလက်ထဲ အပ်ချင်တာ၊ တစ်သက်လုံး အတူတူ နေသွားချင်တာ၊ ကျွန်တော့်အနားကနေ ဘယ်မှမသွားစေချင်တော့တာ၊ ရွှေခနားမှာနေရရင် အလိုလိုပျော်ပြီး ကျေနပ်နေတာ၊ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



ကို ပြန်မချစ်မှာ စိုးရိမ်တာ၊ အဲဒါတွေအားလုံး သူ့ဘာသာ ရင်ထဲက ဖြစ်လာတာ၊ ရှင်းပြီလား"

ပြောမည့်ပြောတော့လည်း ဘွင်းဘွင်းရှင်းရှင်းပါပဲ။

ရွှေခတောင် ငြိမ်သက်စွာ အသက်ရှူမှားရတော့မတတ် ဖြစ်သည်။

မျက်နှာချင်းဆိုင်ကြီး "ချစ်တယ်"ဆိုတဲ့စကားကို ကြားရတော့လည်း မိန်းကလေးပီပီ မှင်သက်အငိုက်မိစွာ ကြည်နူးပီတိ ဖြစ်ရတာအမှန်ပါ။

တုံ့ပြန်စကားပင် မဆိုမိဘဲ တိတ်သွားရတာကြည့်။

"ကျွန်တော့်ဖက်ကတော့ စွန့်စားပြီး ချစ်ခွင့်တောင်းလိုက်ပြီ၊ အခု ရွှေခအလှည့် ဖြေတော့ ကျွန်တော့်ကို ချစ်လား"

"ဒေါ်လေး လာနေပြီ"

မျက်လုံးပြူးလေးနှင့် သတိပေးလိုက်၏။

တကယ်လည်း ခြေသံကြားရတော့ ရွှေခက နှုတ်ခမ်းလေးကို လက်နှင့်ကွယ်ပြီး ရယ်လိုသည်။





မင်းလုလင်မှာ မချင့်မရဲနှင့် သူမနားကိုယ်ကြီး ကိုင်း၍ထားရာကနေ ပြန်မတ်လိုက်ရ၏။

"စတော်ဘယ်ရီယိုဖျော်ရည်က ဖရီဇာထဲမှာနော်၊ ထုတ်ပေးဖို့ မေ့နေတာပေါ့"

အန်တီလတ်က ရေခဲသေတ္တာဖွင့်ကာ ဖျော်ရည်ဖန်ချိုင့်လှလှလေးကို ထုတ်ယူလာပါသည်။

ရွှေခရေ ...

ခင်ဗျားလေး ကံကောင်းသွားတယ်မှတ်ပါ။ ဒါပေမယ့် ဒီနေ့အဖြေမရလည်း ဖုန်းထဲကနေ ထပ်တောင်းမှာပါ၊ ဘယ်လိုဖြေမလဲဆိုတာ စဉ်းစားထားပေတော့။

မင်းလုလင်ရဲ့ မျက်လုံးအကြည့်ကို သဘောပေါက်စွာ ရွှေခက ပြုံးနေသည်။

အောင်နိုင်သူလေးရဲ့ ကျေနပ်ဂုဏ်ယူသော အပြုံးလေးပါ။

× × × ×



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မမလတ်တို့ ညီအစ်မသုံးယောက်သည် ရွှေခကို တက်ညီလက်ညီ ချစ်ခင်လိုလားကြသဖြင့် အခုလိုအိမ်သို့ရောက်တုန်းရောက်ခိုက်မှာ ချက်ချင်း ပြန်မသွားစေလို။

ထို့ကြောင့် စားစရာတွေ တစ်မျိုးပြီးတစ်မျိုး စီစဉ်ပေးကာ ညှို့ခံရင်း တူဖြစ်သူနှင့် စကားခပ်ကြာကြာ ပြောစေနိုင်ဖို့ ဖန်တီးပေးကြသည်။

မင်းလုလင်နှင့် မြန်မြန်သင့်မြတ်လေ သူတို့မြန်မြန် စိတ်အေးရလေ မဟုတ်လား။

အခြေအနေကို ကြည့်ကာ ငေးကာ အကဲခတ်ကာ ပျော်



www.burmeseclassic.com

www.burmeseclassic.com



လည်းပျော်မိကြပါသည်။

ကလေးနှစ်ယောက်က လက်တွဲဖော်ဖြစ်ထိုက်သည်။

အချောချင်းလည်းညီ၊ ရွှေသွားနောက်လိုက်လည်းတိုး

အင်မတန် တင့်တယ်လိုက်ဖက်သော စုံတွဲကလေးပါပဲ။ ဒါ

နတ်တို့ဖန်ဆင်းပေးလိုက်သော ဖူးစာဖက်အစစ်အမှန်တို့သာ ဖြစ်

ပါ။

"သမီးရယ် …အပြင်မှာနေပူပါတယ်၊ အဲကွန်းက ထွ

တာနဲ့ ခေါင်းကိုက်မှာစိုးရတယ်၊ အေးအေးဆေးဆေး ညနေ

လောက်မှ ပြန်ပါလား၊ သားလေး ပြန်ပို့ပေးမှာပဲဥစ္စာနော်"

ရွှေခမှာ အားလည်းနာမိသည်။ သို့ပေမယ့် မင်းလု

အမူအကျင့်၊ ခလေ့စရိုက်၊ သူ့ဝါသနာ ဘာညာအသေးစိတ်

လေ့လာချင်စိတ်လည်း ရှိနေတာမို့ ဒေါ်လေးတို့ စကားအ

ညနေမှပဲ အိမ်ပြန်ဖို့ ဆုံးဖြတ်လိုက်သည်။

အချိန်ခပ်ကြာကြာနေပြီး စူးစမ်းလေ့လာတော့



အကြောင်း ပိုသိနိုင်သည်။

အထူးသဖြင့် သူ့ရင်ထဲမှာ တခြားတစ်ယောက်ရှိနေသ

လား။ နှင်းဆီကို သူ သဘောကျနေသလား သိချင်သည်။

အဖြေမပေးခင်မှာ သေချာလေ့လာဆုံးဖြတ်ရမှာလေ။

နောက်မှ ပြန်ပြင်ဖို့ဆိုတာ မလွယ်ဘူး။

မင်းလုလင်က သူမအပျင်းပြေ ကြည့်ရအောင် ဆက်တယ်

လိုက်ဖွင့်ပေးသည်။

ဆန်းအေးမြို့လားမသိ၊ နေ့လယ်ခင်းမှာပေးသော ရုပ်ရှင်ကား

လေးမှာ စိတ်ဝင်စားဖွယ် ကောင်းသည်။

လှနီရိုင်းအုပ်စုထဲမှာ ဖတ်လိုက်ကောင်လေးနှင့် ကောင်မ

လေး ရောက်ရှိနေသော ဖတ်လမ်း၊ တောတွင်းတစ်နေရာမှာ ရွက်

ဖျဉ်တဲလေးတွေရော၊ သစ်ပင်တွေ၊ စမ်းချောင်းတွေနှင့် ရှုခင်းရှု

ကွက်က အင်မတန်လှတာမို့ တခြားလိုင်းသို့ မပြောင်းဖြစ်တော့ပါ။

အစကို မကြည့်ရလို့ သေချာနားမလည်ပေမယ့် မင်းသား



www.burmeseclassic.com

www.burmeseclassic.com



ရော မင်းသမီးရော အရမ်းချောတာမို့ ကြည့်ရတာ တန်သည်။

အထူးသဖြင့် အီတလီမင်းသမီးလေးရဲ့ မျက်နှာဟာ ကော်ရုပ်ကလေးလို ပါးဖောင်းပြီး နှုတ်ခမ်းလေးက ရဲရဲနီဖတ်နေသဖြင့် ကြည့်လို့မဝ။

ချစ်သူနှစ်ဦး စမ်းချောင်းထဲမှာ ရေဆင်းကူးပြီး ကမ်းစပ်ပေါ်ရောက်တော့ ရေစိုစက်လက် အဝတ်အစားတွေနှင့် အမောဖြေနေပုံဟာ ရုပ်ရှင်ရိုက်နေတာနှင့်မတူဘဲ အပြင်မှာ တကယ်ကြုံတွေ့နေရပုံနှင့် တူသည်။

မင်းလုလင်ရော ရွှေခရော ငြိမ်သက်စိုက်တန့်လို့ ကြည့်နေမိကြသည်။

ပါးသိုင်းမွေးရေးရေးနှင့် မင်းသားက မင်းသမီးလေးရဲ့ နဖူးစပ်က အညိုဖျော့ဖျော့ဆံနွယ် ရေစိုလေးတွေကို ပင့်တင်ကာ တယုတယ အနမ်းလေးပေးရာ မင်းလုလင်နှင့် အကြည့်ချင်း မဆုံရဲတော့ဘဲ မျက်နှာပူပူနှင့် အကြည့် အမြန်လွှဲလိုက်ရသည်။





သူကတော့ ယောက်ျားလေးမို့ ရယ်ဟဟလုပ်ကာ အေးအေးဆေးဆေး။ ရွှေခမှာ သူနှင့်အတူ ဆက်တလိုက် ကြည့်ရတာ ရင်ထဲမှာ အေးလိုက်နွေးလိုက်နှင့် တစ်မျိုးသော ခံစားချက်ကို ပေးသည်။

ရွှေခ နှလုံးသားက သူ့အပေါ် အရည်ပျော်ချင်သည့်သဘောလား။

ဟင်း ... ဒီလိုတော့ ဖြစ်နိုင်ဦးမယ် မထင်ပါဘူးနော်။

စဉ်းစား ချင့်ချိန်စရာတွေ အများအပြား ရှိနေသေးသည်။

ရုပ်ရှင်ဇာတ်ကား မပြီးခင်မှာ မထင်မှတ်ဘဲ ကုမ္ပဏီက သူငယ်ချင်းတစ်ယောက် အရေးတကြီး ဖုန်းဆက်ခေါ်သဖြင့် မင်းလုလင် အပြင်သွားရသည်။

"ကျွန်တော် ပြန်လာမှ ရွှေခကို လိုက်ပို့ပေးမယ်နော်။ မကြာပါဘူး၊ ခဏလေး မသွားရင် မကောင်းလို့ပါ"

"အေးပါ သွားရယ်၊ စိတ်ချသွား၊ ရွှေခကို ခေါ်လေး



www.burmeseclassic.com

www.burmeseclassic.com



တို့ ညှော်ခံထားလိုက်ပါ့မယ်"

တကယ်လည်းပဲ ဒေါ်လေးတို့က ရွှေခကို မပြုတ်တမ်း စကားဆို ညှော်ခံထားပါသည်။

မင်းလုလင် ငယ်စဉ်က ဓာတ်ပုံအယ်လ်ဘမ်ကို ထုတ်ပြသည်။ သူက ကျောင်းမှာ စာတော်သူပါ။ ပြီးတော့ သီချင်းလည်း ဆိုသည်။

ဒေါ်လေးက သူငယ်ငယ်က မူကြိုမှာ ချော်လဲတဲ့ အကြောင်းရော။ အယ်လ်ဇေးရှင်းခွေးကြီး တစ်ကောင်ခွေး အတင်းပူဆာလို့ နှစ်သောင်းနှင့် ဝယ်ပေးခဲ့ရပုံအကြောင်းရော ...

သူ့ခွေးကြီးကို သူငယ်ငယ်က အလွန်ချစ်ခင်ပုံ အကြောင်းရော ...။ သူ ရေခဏခဏ ချိုးပေးလို့ ခွေးကြီးမှာ အအေးမိ အကြောင်းရော ...။

ငယ်ငယ်ကတည်းက အတန်းဖော်မိန်းကလေးတချို့ ယှဉ်တွဲစလျှင် စိတ်ဆိုးတတ်ပုံရော၊ သူ ဘဲပေါင်းဟင်းချို အသည်း





ကြိုက်ကြောင်းရော သူ့အကြောင်းတွေ စုံလို့ပါပဲ။

မင်းလုလင်သာ ကိုယ်တိုင်ပြောလျှင် ဒီလောက် စုံစုံစေ့စေ့ ပါလာမည် မထင်ပါ။

မပြောချင်သော အကြောင်းအရာ တချို့ ချန်လှပ်ထားချင် ထားဦးမှာ။

ဒေါ်လေးတို့ကတော့ လူကြီးမို့ ပွင့်ပွင့်လင်းလင်းနှင့် ရယ်ကာမောကာ အိတ်သွန်ဖာမှောက် အကုန်အစင်ပြောပြတာ ဖြစ်သည်။

သူတို့အိမ်က ကောင်မလေးက မင်းလုလင်ရဲ့ မီးပူတိုက်ပြီးသား အဝတ်အစားထပ်ကို လာပေးသဖြင့် သူ့အခန်းထဲက ဗီရိုထဲ သွားသိမ်းပေးဖို့ ဒေါ်လေးက ပြောလက်စစကားလည်း ရပ်မထားဘဲ ရွှေခကိုပါ တရင်းတနှီး လက်ဆွဲခေါ်သွားသည်။

အခန်းထဲရောက်တော့ ဒေါ်လေးက အဝတ်အစားတွေ သိမ်းဆည်းပေးစဉ် ရွှေခမျက်ဝန်းက စာကြည့်စားပွဲပေါ်က ဂစ်တာ ပိုက်ထားတဲ့ မင်းလုလင်ဓာတ်ပုံကို မြင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မထင်မှတ်ဘဲ ဝရံတာထောင့်ကွယ်လေးက ပန်းချီကားတစ်ချပ်ကို ဖျတ်ခနဲ တွေ့သွားသည်။

အနားကပ်ကိုး ကြည့်လိုက်တော့မှ ပန်းချီကားထဲက မိန်းကလေးက နှင်းဆီဖြစ်နေကြောင်း တအံ့တသြ တွေ့ရသဖြင့် ရွှေခရင်ထဲ ဟာကျသွားရသည်။

ရေးထိုးထားတဲ့ ပန်းချီကားရဲ့ အမည်က -

"မိုးသည်းညနှင်းဆီ" တဲ့။

သူ နှင်းဆီကို စော်တော်စွဲလန်းခဲ့တဲ့ပုံပါလား။

"မင်းလုလင်က ပန်းချီလည်း ဝါသနာပါတယ်။ အဒေါ်တွေတောင် သူ့ကို ပုံဆွဲပေးဖို့ ပြန်အပ်နေရတယ် ဟင်း .. ဟင်း"

ဒေါ်လေးကတော့ ဘာမှ ရိပ်မိပုံမပေါ်ပါ။

သူ့တူကြီးအကြောင်း မမောနိုင် မပမ်းနိုင် ပြောနေဆဲပါ။

ရွှေခမှာ မျက်နှာလေးပျက်ကာ နှုတ်ဆိတ်ငြိမ်သက်သွားသည်။

အခြေအနေက ရွှေခထင်တာထက် နက်ရှိုင်းနေပြီ ထင်ပါ





ရဲ့။

စောစောတုန်းက ကြည်နူးစိတ်နှင့် လှိုက်ဖိုနွေးထွေးနေသော နှလုံးသားက ဖြုန်းစားကြီး အေးစက်တင်းမာသွားသလို ထင်ရ၏။

နှမြောကြေကွဲစိတ်နှင့် ရင်ထဲလေးလံ မွန်းကျပ်လာသည်။

ရွှင်လန်း အေးမြနေသော စိတ်တို့လျင်မြန်စွာ အသွင်ပြောင်းလျက် မနာလိုခြင်းနှင့် ပူလောင် ရှုပ်ထွေးခြင်းတို့ ကြီးစိုးလာသည်။

ပန်းချီကားမှာတောင် " မိုးသည်းညနှင်းဆီ " လို့ ဆိုထားတော့ မင်းလုလင်ရဲ့ ရင်ထဲမှာ နှင်းဆီရဲ့ နေရာယူမှုက နည်းနည်းနောနော မဟုတ်နိုင်ပါ။

"သမီး ဖျင်းနေပြီလား"

မျက်မှောင်ကုပ်လေးနှင့် ရွှေခရဲ့ အေးစက်သွားသော အမူအရာကို ဒေါ်လေးကပင် မေးသည်။

ခဏအကြာမှာ မင်းလုလင် ပြန်ရောက်လာသည်။

ရွှေခကတော့ သူ့ကို စကားဟဟ မဆိုတော့။

www.burmeseclassic.com

www.burmeseclassic.com



သူမေးတဲ့ မေးခွန်းတွေတောင် ဒေါ်လေးတို့ကပဲ ဝင်ဖြေပေးပြီး ရွှေခက် အသံတိတ် စိတ်ကောက်သွား၏။

မင်းလုလင်ကတော့ ရွှေခရဲ့ အမူအယာ အပြောင်းအလဲဟာ သူက အပြင်ထွက်သွားတာ မကျေနပ်လို့ပဲဖြစ်မည်ဟု လွယ်လွယ်ထင်လိုက်သည်။

အမှန်တော့ ပြဿနာက သူထင်သလို သေးသေးမွှားမွှား မဟုတ်။

အပြန်လမ်းမှာလည်း စကားတစ်ခွန်းမှ မဆို။

မင်းလုလင်သည် ရွှေခမျက်နှာကို အရိပ်တကြည့်ကြည့်နှင့် နားမလည်နိုင်အောင် ဖြစ်မိသည်။

ဒီကောင်မလေး ငါ့ကို ဘာလို့ စိတ်ဆိုးသွားပါလိမ့်။

တစ်ခုခုကို အကြီးအကျယ် ကောက်သွားတာတော့ သေချာသည်။

ဘာမှန်းသာ မသိရတာ။

× × × ×









www.burmeseclassic.com

www.burmeseclassic.com



ရွှေခက ခြံထဲက ဒန်းပေါ်ဆင်းထိုင်ရင်း ဘူးလေးထဲက ဖရုံစေ့တစ်ဆုပ် နှိုက်ယူကိုက်စားနေမိကာ နှင်းဆီရောက်အလာကို ကြိုစောင့်ဆိုင်းနေသည်။

ဖုန်းကြိုဆက်ထားသဖြင့် နှင်းဆီ ဒီနေ့ အိမ်ကိုရောက်လာမည်ဆိုတာသိတော့ ရွှေခက စကားတွေ အကြာကြီးပြောဖို့ စဉ်းစားထားမိသည်။

"မိုးသည်းညနှင်းဆီ" ဟန်းချိကား ဘယ်လိုဖြစ်လာရသလဲ သိချင်သည်။ မိုးသည်းသော ညတစ်ညမှာ မင်းလုလင်ဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက် တိုက်ဆိုင်စွာ နှင်းဆီဘာကြောင့် ရောက်သွား



www.burmeseclassic.com

သလဲ အသေးစိတ် နားထောင်ချင်ပါသေးသည်။ ဖုန်းထဲမှာ နှင်းဆီ ပြောပြတာ သိပ်မရှင်း။

အပြင်မှာ နှင်းဆီ မျက်နှာကိုကြည့်ပြီး နှင်းဆီပြောတဲ့ စကားသံကို ကိုယ်တိုင်ကြားရမှ အခြေအနေအမှန်ကို သုံးသပ်လို့ ယုံသင့်မယုံသင့် ဆုံးဖြတ်ရပါမည်။

ထိုကိစ္စဟာ ထပ်တလဲလဲ တွေးလေခေါင်းထဲ ရှုပ်ထွေးလေ ဖြစ်နေရတာ။

ဒီတစ်ခါ နှင်းဆီနှင့် စကားပြောရမှာ ရွှေခ စိတ်လှုပ်ရှား အားတွေပါနေမိတာ အမှန်။

အဓိကကတော့ မင်းလုလင်ကြောင့်ပါပဲ။ မင်းလုလင်ဟာ ရွှေခကို စိုးမိုးလွှမ်းခြုံနေပြီ .... ရုန်းထွက်မရသော ပုစ္ဆာထဲ တဝဲလည်လည်ဖြစ်နေရပြီ။

အဖြေလေး ပေးလို့ မဖြစ်သေး။

သူကတော့ ညစဉ်လိုလို အနည်းဆုံး ဖုန်းတစ်ခေါက်တော့





ဆက်မြဲပါ။ ရွှေခ ဘက်ကသာ ဟက်ဟက်ပက်ပက် စကားမဆိုနိုင်ဘဲ နှင်းဆီနှင့်ကိစ္စကိုသာ ကျိတ်မြုံခံစားနေမိတာ။

ရွှေခ ဘာကြောင့် သွေးအေးပြီး အင်းမလုပ် အဲမလုပ် အချိန်ဆွဲနေသလဲ မင်းလုလင်ဘက်က တွေးလို့ရမှာမဟုတ်။ သူ့စိတ်ရှည်မှာလည်း မဟုတ်။

"တီ .. တီ"

ဝင်းတံခါးကို ကြိုဖွင့်ထားပေမယ့် ကားဟွန်းသံ ခပ်တိုးတိုးက ထွက်ပေါ်လာတာမို့ ရွှေခက လည်တိုင်လေးဆန့်ကာ လှမ်းကြည့်လိုက်ပါသည်။

"ဟင်"

နှင်းဆီတို့ အိမ်က ကားမဟုတ်။ ဒါ မင်းလုလင် ကားပါ။ ရွှေခရင်ထဲ ထိတ်ခနဲ ခုန်သွားရသည်။

မင်းလုလင်က ကားကို ဘီးလိမ့်ရုံ ဖြေးဖြေးသာသာ မောင်းဝင်လာရင်း ဒန်းပေါ်က ကောင်မလေးကို ငေးကြည့်မိသွား



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဆံပင်တွေအားလုံးကို စုစည်း စည်းနှောင်ကာ အပေါ်သို့ ခပ်မြင့်မြင့် တင်ထားသဖြင့် ရှည်လျားသွယ်ပြောင်းသော လည်တိုင်ဝင်းဝင်းလေးက ရှင်းကြော့ဖြူမွတ်နေသည်။

ဝတ်ထားတဲ့ အင်္ကျီလေးက အားကစား ထရက်စုလိုပုံစံ လက်မောင်းတစ်လျှောက် အနက်လိုင်းပြေးပါသော ခေါင်းစွပ်အင်္ကျီ ဖြူဆွတ်ဆွတ်လေးပါ။ ဘောင်းဘီရှည် ပန်းရောင်နုနုနှင့် တွဲဝတ်ထားတော့ ကလေးငယ်လေးတစ်ယောက်လို နုနယ်ပျို့မျစ်ကာ ချစ်စဖွယ်။ လေဒီမဖြစ်တဖြစ် ရုပ်မျိုးလေးက စွဲမက်ဖွယ်ကောင်းလှပါသည်။

မင်းလုလင် သူမကို ချစ်မြတ်နိုးမိတာ တစ်နေ့တခြားပိုလို့သေချာလာသည်။ ဒါဟာ ကိုယ်လိုချင်တဲ့ မိန်းကလေးပါပဲ။

"ဟော့... ဘာလို့ ထိုင်ကြည့်နေတာလဲ ... ကိုယ့်ထက် နည်းနည်းပါးပါး ဆီးကြိုမှပေါ့"





"မကြိုပါဘူး"

ရွှေခက ဒန်းပေါ်အထိုင်မပျက် မျက်နှာလေး ရှုံ့လိုက်သည်။

"ဘာဖြစ်လို့လဲ"

"ကြည့်မရလို့"

"နေရင်းထိုင်ရင်းကွာ .. ကိုယ် ဘာလုပ်မိလို့လဲ၊ ဘာအပြစ်ရှိလို့လဲ"

"မသိဘူး"

"ရွှေခပြောမှ သိမှာပေါ့၊ ဖုန်းဆက်ရင်လည်း ပြောချင်သလို မပြောချင်သလိုနဲ့ အဖြေလည်း မပေးသေးဘူး။ ဒါလေးတို့ မေးနေကြပြီ။ ကိုယ်က ဘယ်လိုပြောရမှာလဲ"

မင်းလုလင်က ဒန်းရဲ့ ကြိုးကို ဆုပ်ကိုင်ကာ မချင့်မရဲ မေးနေမိသည်။

"ခဏထိုင်ဦး"



www.burmeseclassic.com

www.burmeseclassic.com



''ဘယ်သွားမလို့လဲ''

''ကော်ဖီသွားယူခဲ့မယ်လေ''

''မလိုဘူး၊ ရတယ်၊ ကိုယ် ရွှေခနဲ့ စကားပြောချင်တယ်၊ ဒါပဲ … ကျန်တာ ဘာမှမလိုဘူး။ အပြင်ခဏလိုက်ခဲ့မလား''

''ရွှေခ သူငယ်ချင်းတစ်ယောက် လာလိမ့်မယ်။ သူ့ကို စောင့်နေတာ''

''ကိုယ့်ထက် မင်းသူငယ်ချင်းက ပိုအရေးကြီးလား''

''အရေးကြီးတာပေါ့၊ သူ ဘယ်သူလဲဆိုတာ သိရင် ကိုမင်းလုလင်လည်း ရင်တွေဘာတွေ ခုန်သွားမှာပါနော်။ စောင့်ကြည့်လိုက်ပါဦး''

ရွှေခ ပြောပုံလေးက ခပ်ဖွဖွနှင့် ပဟေဠိဆန်နေသဖြင့် မင်းလုလင် အံ့အားသင့်ရသည်။

ကိုယ့်ကို ဘာလို့ မကျေမနပ် မကြည်မလင်ဖြစ်နေရသလဲဆိုတာ လမ်းစပေါ်လာသည်။





''ဘယ်သူမို့လဲ ကိုယ်နဲ့ရောသိလား''

ရွှေခက မဖြေဘဲ သူ့ကို ကြည့်မရသော မျက်စောင်းနှင့်သာ တုံ့ပြန်ပါသည်။

မင်းလုလင်က မျက်ခုံးပင့်ကာ ဘယ်လို ချော့ရမလဲ မစဉ်းစားတတ်ဘဲ နှုတ်ဆိတ်သွားရစဉ် သူတို့ရှေ့သို့ ကောင်မလေးတစ်ဦး လျှောက်လာပါသည်။ အထက်အောက် အပြာရောင်ဖျော့ဖျော့ဝတ်စုံ လွင်လွင်လေးနှင့် ပုံပြင်ထဲက နတ်သမီးလေးတစ်ပါးလို ကြော့ရှင်းကဗျာဆန်သည်။

''ဩော်''

မင်းလုလင် ချက်ချင်းလိုပဲ မှတ်မိသွားရသည်။

''နှင်းဆီ လာလေ''

လက်ကလေးဆွဲ၍ လှမ်းခေါ်သည်။

''သူ့ကို သိတယ်မို့လား နှင်းဆီ''

နှင်းဆီက သဘောပေါက်စွာ မျက်လုံးလေး ဝိုင်းသွား



www.burmeseclassic.com

www.burmeseclassic.com



ပြီး ...

"ကိုမင်းလုလင်"

"ဟာ ...ကျွန်တော်တို့ မမျှော်လင့်ဘဲ ပြန်ဆုံကြပြီပဲ။ နှင်းဆီက ရွှေခသူငယ်ချင်းလား"

"ဟုတ်ကဲ့"

"အေးဗျာ ... ဟိုတစ်ညတုန်းက သေချာစကားမပြောဖြစ်လိုက်တော့ မနှင်းဆီ ဘယ်မှာနေမှန်းတောင် မသိလိုက်ရဘူး"

ရွှေခက သူတို့နှစ်ဦးကို အကဲခတ်နေသည်။

မင်းလုလင်မှာ ရွှေခ မျက်ဝန်းအကြည့်လေးက သူ့ကိုဖမ်းနေသလိုမို့ ရယ်လည်းရယ်ချင် စိတ်လည်းအိုက်သွားရပါသည်။

"လာလေ ... နှင်းဆီ အိမ်ထဲရောက်မှ ဆက်ပြောကြတာပေါ့။ မိတ်ဟောင်းဆွေဟောင်းတွေ ဒီမှာလာဆုံကြတာ ပျော်စရာကြီးပဲ"

ရွှေခ ပုံစံလေးကို နှင်းဆီနားလည်လိုက်ပါသည်။





"နှင်းဆီနဲ့ ကိုမင်းလုလင်က တစ်ယောက်နဲ့တစ်ယောက် နာမည်လေး သိရုံတင်ပါတဲ့။ နှင်နဲ့ ဆက်စပ်မှုရှိလို့သာ ဆုံရတာပါ"

"အင်းလေ ... ဘာပဲဖြစ်ဖြစ်ပေါ့ လာပါ၊ အိမ်ထဲသွားရအောင်"

"ခဏနေဦး ရွှေခရဲ့၊ ဟိုမှာ သက်တန့်လာနေပြီ"

"ဟင် ... နှင်နဲ့အတူ လာတာလား"

"ဟုတ်တယ်၊ လမ်းထိပ်မှာ သူ့သူငယ်ချင်းနဲ့ တွေ့လို့ လေပန်းနေတာလေ။ ငါက နှင့်အိမ်ကို လျှောက်လာလိုက်တာ၊ သြော် ...တစ်ခါတည်း မိတ်ဆက်ပေးရဦးမယ်၊ အဲဒါ နှင်းဆီရဲ့ အထူးသူငယ်ချင်းပေါ့"

"အဆန်းပါလားဗျ၊ ရိုးရိုးသူငယ်ချင်း မဟုတ်ဘူးပေါ့"

"ဟင်း ...ဟင်း"

နှင်းဆီက ရက်ရယ်လေးနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



အေးအေးဆေးဆေး စကားပြောရအောင် အိမ်ကိုတစ်ရက်လောက် အလည်လာခဲ့ပါလား ကိုမင်းလုလင်၊ မေမေကလည်း ရှင့်ကို အရမ်းတွေ့ချင်နေတယ်"

"ဟုတ်ကဲ့ … ကောင်းပါပြီ"

မထင်မှတ်တာတွေ တစ်ပြိုင်နက် သိရကြားရ၊ မြင်ရကြုံရတော့ မင်းလုလင် မျက်နှာအမူအရာမှာ တစ်မျိုးဖြစ်နေရပါသည်။

နှင်းဆီဆိုသော အိပ်မက်ဆန်ဆန် သူ့ထံရောက်လာသော မိန်းမချောလေးဟာ ရွှေခရဲ့ သူငယ်ချင်းလေး ဖြစ်နေပုံကအစ သူ့မေမေ ဒေါ်မာလာကြွယ်ရဲ့ မွေးစားသမီးတစ်ယောက်ပါ ဖြစ်နေသေးပြန်သည်ဆိုတော့ ဤမျှ လှည့်ပတ်ရှုတ်ထွေးပတ်သက်နေသော အခြေအနေကို နားမလည်နိုင်အောင် ဖြစ်ရသည်။

တကယ်ဆို သူ့ရဲ့ မိခင်ရင်းဟာ သူ့ကို မွေးဖွားပေးခဲ့ရုံသာရှိပြီး ဒါအမေရယ်လို့ ကောင်းကောင်းမမှတ်မိသေးတဲ့ ကလေးသူငယ်ဘဝမှာပင် အဒေါ်သုံးယောက်လက်ထဲ ဝကွက်





အပ်ပစ်ခဲ့ပြီး ပြန်ဆက်သွယ်ခဲ့တာ မဟုတ်တဲ့အတွက် သူ့ရင်ထဲတစ်ထောင့်တစ်နေရာမှာ နာကျင်မှုလား၊ နာကြည်းမှုလား မသဲကွဲတဲ့အရာတစ်ခု အမြဲလိုလို ရှိနေခဲ့ရသူ ဖြစ်သည်။

ဘဝမှာ ဘယ်လောက်ပဲ ပြည့်စုံပြည့်စုံ လူမသိ သူမသိသော လစ်ဟာဟာ ခံစားချက်ကြီးက သူ့ကို အမြဲတစေ လွှမ်းမိုးထားခဲ့တာ မင်းလုလင် အသိဆုံးပါ။

ဒေါ်မာလာကြွယ်ဆိုသော မိခင်ရင်းနှင့် ပတ်သက်၍ နှလုံးသားမှာ ပြင်းထန်သော ဒဏ်ရာဒဏ်ချက် ရှိနေသည်။

နှင်းဆီသည် ရုတ်တရက် သူ့ဒဏ်ရာကို ကောက်ကာ ငင်ကာ လက်ညှိုးထိုးပြခဲ့သည် မဟုတ်လား။

ထိုအခါ မင်းလုလင် မျက်စိမျက်နှာပျက် ဖြစ်သွားတာ မဆန်းလှပါ။

ရွှေခသည် မင်းလုလင် မျက်နှာထားကြောင့် သူမပေါ် ရောပါပြီး တစ်စုံတစ်ရာ ခံစားလိုက်ရသလိုပင်။

တကယ်တော့ ရွှေခနဲ့ ရှင်နဲ့ စိတ်ချင်းဆက်ခဲ့ပဲ နားလည်



www.burmeseclassic.com

www.burmeseclassic.com



မှုတစ်ခု ရှိနေပါပြီ ကိုမင်းလုလင်ရယ်။

ရှင်ပျော်ရင် ကျွန်မလည်း အလိုလိုစိတ်ချမ်းသာပြီး၊ ရှင် စိတ်ညစ်ရင် ကျွန်မပါ ငိုချင်မိလိမ့်မယ်။

ရှင့် ပြဿနာတွေအားလုံးဟာ ကျွန်မနဲ့ ပတ်သက်မှုရှိပြီး ကျွန်မရဲ့ ခံစားချက် သေးသေးဖွဲဖွဲလေးကအစ ရှင့်ကို ပြောပြရင်ဖွင့်ချင်မိတာမျိုး ရှိတတ်ပါတယ်။

ကျွန်မလေ ... နှင်းဆီကို ရှင် ချစ်များ ချစ်နေသလားဆိုတဲ့ မေးခွန်းတွေနဲ့ အိပ်မပျော်နိုင်အောင် ပူပန်သောကရောက်နေရတာ ရှင်သိရဲ့လား။

တကယ်တော့ ရှင့်ကို အဖြေပေးတာ မပေးတာနဲ့ မဆိုင်လှဘဲ၊ ကျွန်မရင်ထဲမှာ အနက်ရှိုင်းဆုံး နှလုံးသားထဲမှာ ရှင် ရောက်နှင့်နေပြီး ရှိနှင့်ခဲ့ပြီး ဘယ်တော့မှ မပျောက်ပျက်နိုင်တော့ဘူးဆိုတာ ကျွန်မ တစ်သက်လုံး ငြင်းမရတဲ့ အသေချာဆုံး ခိုင်မာမှုတစ်ခုပါပဲ ကိုမင်းလုလင်ရယ် ...။

××××









www.burmeseclassic.com

www.burmeseclassic.com



ရွှေခက ကားတံခါးကို လော့ခ်လုပ်ပြီးတာနှင့် ပိုက်ဆံအိတ်လေးလွယ်ကာ စီးတီးမတ်ထဲ ဝင်လာသည်။

စီးတီးမတ်ထဲမှာ လူစည်ကား များပြားနေသည်။

ညဦးပိုင်းမို့ ပို၍ မြန်မြန်ဆန်ဆန် လှုပ်ရှားနေကြသလားမသိ။

မင်းလုလင်သည် ရှေ့ကကောင်မလေး မျက်စိရှေ့က ပျောက်သွားမှာစိုးသလို ခြေလှမ်းကျဲနှင့် အလျင်အမြန် ကျော်တက်လာခဲ့၏။

ရွှေခ စီးတီးမတ်သွားတယ်ဆို၍ သူလိုက်လာတာပင်။



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်တွေကို သည်တိုင်းချထားပြီး ဆွယ်တာ အင်္ကျီအဝါလေးနှင့် ရွှေခပုံသဏ္ဍာန်က ကျောပြင်လေး လှမ်းမြင်ရတာနှင့်ပင် ထူးခြားစွာ ဆွဲဆောင်မှုရှိသည်။

မြင်လိုက်ရတာနှင့် ရင်ထဲမှာ နွေးဖိုလိုက်သွားတဲ့ ခံစားချက်က ဘာနှင့်မှမတူ။ မင်းနဲ့ ကိုယ်နဲ့ဟာ ခုမှဆုံကြတာ မဟုတ်ပါဘူး။ ရှေးဘဝကတည်းက ဆုံဖူးတဲ့ ရေစက်တစ်ခု ရှိကိုရှိမယ်လို့ ကိုယ်ယုံကြည်ပါတယ်။ ...

မင်းလုလင်သည် အသာကလေး အသံမပေးဘဲ သူမနောက်မှ ထက်ကြပ်မကွာ လိုက်လာသည်။

ရွှေခက ဆွဲခြင်း အနီလေးကို အရင်ဆုံး ဆွဲယူလိုက်သည်။

လှုပ်ရှားပုံက အိမ်ရှင်မလေး တစ်ယောက်အတိုင်း ...

မင်းလုလင်က ဝဲလွင့်နေသော ရွှေခဆံနွယ်လေးတွေကိုလေနှင့် ချမ်စနိုး မှုတ်လိုက်ပါသည်။

"ဘယ်ကို လာတာလဲ"





"ရွှေခနောက် လိုက်လာတာ"

"တကယ်လား"

"ကိုယ်ညာစရာလားကွာ ... ကဲ ခြင်းပေးထား၊ ဘာတွေဝယ်မှာလဲ၊ မြန်မြန်ဝယ်၊ လူရှုပ်တယ်ကွ"

သူက ဆွဲခြင်းကိုင်ထားပေးသည်။

ရွှေခက ဟိုဖက်တန်းတစ်ဆုံး လျှောက်လိုက်၊ ဒီဖက်တန်းကို ပြန်ကွေ့ထွက်လိုက်နှင့် အိမ်မှာလိုတဲ့ပစ္စည်းတချို့ ကောက်ယူထည့်လိုက်သည်။

"နေမကောင်းဘူးဆို၊ ဒေါ်လေးဖုန်းဆက်တော့ ညာလိုက်တာလား၊ ကိုယ့်ကိုမတွေ့ချင်ဘူးလား"

"မဟုတ်ပါဘူး ...လူကြီးတွေကိုညာစရာလား၊ ငြီးစီစီနဲ့ ဖျားချင်သလိုဖြစ်နေလို့ တမင်အပြင်ထွက်လာတာ၊ အိမ်မှာဆို ကွေးနေပြီ"

"ဟုတ်တယ် ...ရွှေခ မျက်နှာလေး နည်းနည်းဖျော့ချောင်သွားသလိုပဲ၊ ကျန်းမာရေးလည်း ဂရုစိုက်ဦးမှပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ရွှေခက အရေးထဲ သိပ်ဆရာလုပ်တာပဲဆိုတဲ့ ပုံစံလေးနှင့် မျက်စောင်းရွယ်သည်။

သူမ၏ဟန်ပန် နှုတ်ခမ်းစူစူလေးနှင့် ကြိတ်ပြီး မျက်စောင်းခဲတတ်ပုံဟာ မင်းလုလင်အာရုံထဲ အလွတ်ရနေပါပြီ။

သိပ်မကြာလှသေးတဲ့အချိန် အတောအတွင်းမှာပဲ ရွှေခရဲ့ ပုံရိပ်တို့ကို အခါမလပ် သူသတိရစွဲလမ်းနေမိပါပြီ။

ကက်ရှာမှာ ပိုက်ဆံရှင်းပြီး ကားဆီအတူလျှောက်လာခိုက်မှာ မင်းလုလင်က သူမေးချင်တာကို ထပ်မေးလိုက်သည်။

"ရွှေခ ကိုယ့်ကိုရှောင်ဖယ်နေတာ ဘာကြောင့်လဲ၊ တောင်းထားတဲ့အဖြေလည်း မပေးဘူး၊ ဒေါ်လေးတို့က စိတ်ပူနေကြပြီ ဘာဖြစ်ထားလို့လဲတဲ့၊ ကိုယ့်ဘက်က ဘာမှမဖြစ်ဘူး အရင်အတိုင်းပဲ၊ ရွှေခဘက်ကသာ ဘာဖြစ်နေမှန်းမသိရတာ"

"ရွှေခဘက်က စဉ်းစားတုန်းပဲ၊ ရှင်ပဲပြောထားတယ်လေ အချိန်ယူပြီးမှ ဆုံးဖြတ်ပေးပါဆို"

"အခု အချိန်ယူပြီးပြီပဲ"





"ဒါပေမဲ့ ကျွန်မ ရှင့်အပေါ် စိတ်ခုတာရှိနေတယ်"

မင်းလုလင် မျက်ခုံးပင့်သွားရပြီး ...

"ဘာကိုလဲ"

"ရှင့်ကိုယ်ရှင် သိမှာပါ၊ ရှင် တခြားမိန်းမတစ်ယောက်ကို ချစ်နေတယ်"

"ဟာ ...အဓိပ္ပာယ်မရှိတာ၊ ကိုယ် ဘယ်သူ့မှမချစ်ဘူး၊ ရွှေခကိုပဲ တစ်ယောက်ဆိုတစ်ယောက်ပဲ"

"အပိုတွေလာမပြောနဲ့၊ ကဲ ...ရှင်နဲ့မငြင်းချင်ဘူး၊ ရွှေခပြန်မယ်"

"ကိုယ်မောင်းခဲ့မယ်"

မင်းလုလင်က ရွှေခဆီမှ ကားသော့ယူလိုက်သည်။

ရွှေခသဘောကို ပြတ်ပြတ်သားသား သိချင်လှပြီ။ သူဆက်ပြီး သည်းခံစောင့်ဆိုင်းမနေနိုင်တော့ပါ။

အပြန်လမ်းမှာ ရှင်းတဲ့တစ်နေရာ ကားဘေးကပ်ရပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သူ ရွှေခဲဘက် လှည့်လိုက်သည်။

"ရွှေခဲ ပြောပုံဆိုပုံကြည့်ရတာ၊ ကိုယ့်ကို နှင်းဆီနဲ့ အထင်လွဲနေသလိုပဲ"

ရွှေခဲက ဆတ်ခနဲ မော့ကြည့်သည်။

"ကိုယ် သူနဲ့တစ်ခါပဲ ဆုံဖူးတာပါ၊ သူလှလို့ သတိထားမိတာကလွဲရင် သူနဲ့ကိုယ် ဘာမှပတ်သက်မှုမရှိခဲ့ဘူး၊ မေမေ့မွေးစားသမီးဆိုတာလည်း ကိုယ်မသိဘူး၊ ရွှေခဲက ဘာကြောင့် သံသယဝင်ပြီး ကိုယ့်အပေါ် စွဲချက်တင်ရတာလဲကွာ၊ ကိုယ် ဘာမှမမှားဘဲနဲ့၊ သက်သက်မဲ့အထင်လွဲနေတာပါ"

နှုတ်ခမ်းလေးမဲ့ကာ ရွှေခဲက မထိတထိလေး ပြုံးလိုက်ပါသည်။

"အထင်လွဲတာမဟုတ်ဘူး၊ ခိုင်မာတဲ့ သက်သေခံပစ္စည်းရှိတယ်"

မင်းလုလင် မျက်မှောင်ကုပ်သွားမိသည်။



သူမ ဘာကိုဆိုလိုသလဲ ပြေးလွှားစဉ်းစားသည်။

ဖြစ်နိုင်တာက သူ့ပန်းချီကားတွေ ခေါ်လေးတို့ ခေါ်ပြရင်း 'မိုးသည်းညနှင်းဆီ' ကို မြင်တွေ့သွားခဲ့ပြီလား။

သူကလည်းသူ ...

ထိုဇာတ်ချက်ကို မေ့လျော့နေမိသည်။

နှင်းဆီနှင့်ရွှေခဲ ဒီလိုခင်မင်ရင်းနှီးနေတာကိုက သူ့အတွက် ပြဿနာလာဖြစ်နေတာ။

ဒီကောင်မလေးကလည်း ဘာမဟုတ်တာလေးကို ရင်ထဲထည့်ပြီး သူ့အပေါ် သက်ခကေင်းနှင့် အဖြေပေးဖို့ တွေဝေနေပုံပေါ်သည်။

အခု ဘယ်လိုရှင်းပြရမလဲ ...။

ရွှေခဲက သူ့ကို အလိုလိုကြည့်မရလှပုံဖြင့် မျက်နှာလေးကို ဆတ်ခနဲ တစ်ဘက်သို့ လွှဲပစ်သည်။

မင်းလုလင် မချင့်မရဲဖြစ်သွားမိလျက် သူမပခုံးလေးကို



www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ကိုင်ပြီး သူ့ဘက်ဆွဲလှည့်လိုက်သည်။

ရွှေခက ဆတ်ခနဲ ရုန်းဖယ်သည်။

မင်းလုလှင်က တင်းတင်းဆုပ်ထားလျက် လွှတ်မပေး။

''ကိုယ့်ကို သေချာကြည့်စမ်းပါ၊ လူတစ်ယောက်လုံး မင်းရှေ့မှာရှိနေတယ်၊ ကိုယ် ကတိပေးနေတယ်၊ မင်းကလွဲလို့ ဘယ်သူ့မှမချစ်ဘူး၊ ကိုယ်ပြောတာ ယုံပေးပါ၊ ကိုယ့်စကားထက် မင်းဘာကို ပို့ယုံကြည်သလဲ''

''အို ...မသိဘူး၊ ရှင့်စိတ်ထဲမှာ သူရှိနေတယ်၊ အခု နှင်းဆီမှာ သက်တန့်ရှိနေတာသိလို့ ရှင် ကျွန်မဘက်လှည့်လာတာ''

''မဟုတ်ဘူး ...လုံးဝမဟုတ်ဘူးကွာ၊ မင်းမှားနေပြီ၊ ကိုယ်ဘယ်လိုပြောမှ ယုံမှာလဲ''

''ဘယ်တော့မှမယုံဘူး၊ ရှင့်ကိုချစ်မိလို့ လက်ခံလိုက်ရင်လည်း ကျွန်မရဲ့စိတ်ထဲမှာ ရှင် တခြားမိန်းမတစ်ယောက်ကို စွဲလမ်းမှုးတယ်ဆိုတဲ့ အချက်က ဘယ်တော့မှ ပျောက်ပျက်သွားမှာ မဟုတ်





ဘူး၊ ဒါကို ဝမ်းပန်းတနည်းနဲ့ ကျွန်မတစ်သက်လုံး မှတ်မိနေမှာပဲ၊ သေရာပါမယ့်ဒဏ်ရာတစ်မျိုးပဲ''

''ကျွတ် ...မင်း ဘာလို့ ဒီလောက်တယူသန်ဆန်ရတာလဲကွာ''

မင်းလုလှင်က သူမဦးခေါင်းလေးကို ရင်ခွင်ထဲမှေးကပ်စေကာ ဘယ်လိုချော့မော့ရမလဲ မသိနိုင်ဘဲ စိတ်အနှောင့်အယှက်ဖြစ်သွားရသည်။

တဖြည်းဖြည်းနဲ့ အချိန်တွေကြာလာတဲ့အခါ ကိုယ်ချစ်တာ မင်းတစ်ယောက်တည်းပဲ။ နှင်းဆီကို လုံးဝမချစ်ဘူးဆိုတာ မင်းသိလာမှာပါ ရွှေခရယ် ...။

တစ်ချိန်ချိန်မှာ ယုံကြည်စိတ်ချတဲ့အထိ ကိုယ့်ဘက်က အမြဲကြိုးစားသွားမှာပါ။


××××



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



ရွှေခသည် နှင်းဆီတို့ ညည့်ခန်းထဲဝင်လိုက်သည်နှင့် တအံ့တသြ လက်မလေးကို ကိုက်ကာ ခြေလှမ်းတုံ့သွားမိပါသည်။

ညည့်ခန်းက ဆိုဖာပေါ်ထောင်ထားတဲ့ ပန်းချီကားချပ်ဟာ 'မိုးသည်းညနှင်းဆီ' ပါပဲ။ ဒီကို ဘယ်လိုရောက်လာတာလဲ။

"ဟယ် …ရွှေခ၊ လာလေ၊ နင်ရောက်လာတာအတော်ပဲ ငါ့မှာပြောစရာတွေ အများကြီးပဲဟဲ့၊ သိလား"

"ဒါကြီးက"

"ငါ့ပုံလေ …ဟိုတစ်ခါ ညကြီးမင်းကြီး သူခြံနား ကား ပျက်တုန်းက ကိုမင်းသုလင် ဆွဲထားတဲ့ပုံ။ ငါ့ကိုပြန်တွေ့ရင် လက်ဆောင်ပေးဖို့ဆိုပြီး သူ့ပညာကို စမ်းသပ်လိုက်တာတဲ့။ အခုနပဲ

www.burmeseclassic.com

www.burmeseclassic.com



လက်ဆောင်လာပေးပြီး သူပြန်သွားတာ။ နင်နဲ့ အဝင်အထွက်လေးပဲ လွဲတာဟဲ့။ သူနဲ့မေမေလည်း စကားတွေအကြာကြီး ပြောကြတယ်။ မေမေနဲ့ သူ့သားနဲ့ ပိစ်ဖြစ်သွားပြီ။

ငြိမ်းချမ်းရေး ရသွားပြီ။ မနက်ဖြန်ညပိုင်း ထမင်းစားဖိတ်ထားတယ်။ ကိုမင်းလုလင်က စိတ်သဘောထားပြည့်ဝရှာပါတယ်။ မေမေ့ဆီ မကြာမကြာ လာတွေ့ပါ့မယ်လို့ ပြောသွားတယ်။ ငါ အရမ်းဝမ်းသာတာပဲ သူငယ်ချင်းရယ် သိလား''

''နင်ဝမ်းသာတာ ဒါကြောင့်ပဲလား၊ ဟုတ်ရဲ့လား''

''ဟီး …ဟီး နင်ကသဘောပေါက်သားပဲ၊ မေမေ့ကို အဲဒါ ရွှေခချစ်သူလို့ ငါပြောပြလိုက်တယ်၊ နို့မို့ရင် မေမေက မတော်တဆ ငါ့ဘက် မြားဦးလှည့်လာမှာကြောက်လို့၊ သက်တန့်နဲ့ ငါက မခွဲနိုင်ဘူးဆိုတာ နင်သိသားပဲ''

''နင်လွတ်ရင် အေးရောဆိုပြီး ရွှေခဘက် လွှဲချလိုက်တယ်ဆိုပါတော့''

''အံမယ် …နင်တို့လည်း လူကြီးတွေ သဘောတူပြီးသားကိုများ၊ နင်ကသာ အိုက်တင်ခံနေတာ''





''မိန်းမ …ကြည့်စမ်း''

ရွှေခက နှင်းဆီကို ဖတ်ခနဲ ရိုက်လိုက်သည်။

နှင်းဆီပုံစံက ပျော်ရွှင်လန်းဆန်းနေတာမို့ ကြည့်မရချင်။

''ကိုမင်းလုလင် သနားပါတယ်၊ ငါ့အစ်ကိုကို နင် ညှင်းထားတယ်ဆို၊ ခုထက်ထိ အဖြေမပေးဘဲ တင်းထားတယ်ဆို၊ အဲလို မလုပ်ပါနဲ့ ယောက်မရယ်''

''ဟင် …ကြည့်စမ်း''

ရွှေခက ရှက်ရှက်နှင့် နှင်းဆီကို လက်သည်းနှင့် ဖိဆိတ်မိသည်။

''အား …နာလိုက်တာ၊ လူမှားနေပြီဗျို့၊ ကိုမင်းလုလင်ကို ဆိတ်ရမယ်၊ ဘယ့်နှယ် ငါက ကြားကနေ လာနှိပ်စက်တာခံနေရပါလား''

''ဟဲ့ …အသံကျယ်မ နင့်အမေကြားသွားဦးမယ်''

''ရပါတယ်၊ မေမေ မဆူပါဘူး၊ အေးဆေးပဲ၊ သူ့သားနဲ့ ပြန်ဆုံလို့ မေမေလည်း ပျော်နေတာ၊ ငါနဲ့သက်တန့်ကို သဘောတူ ပေးဖို့ ပြောကြည့်ရမယ်၊ မေမေသဘောတူပါ့မလားဟင်၊ နှင်းဆီ



www.burmeseclassic.com

www.burmeseclassic.com



ရင်တွေခုန်နေတယ်"

"နှင်းဆီနော် …သူ့ကိုစွ အဆင်ပြေချင်လို့ ရွှေခကို လျှောက်ပြောလိုက်တာ မဟုတ်လား၊ ပြီးပြီးရောဆိုပြီး၊ တော်ကြာ ကိုမင်းလုလင်အမေက …ဟဲ့ …အန်တီမာလာ …"

"မေမေပဲထားပါ၊ ငါ့မေမေက နင့်မေမေဖြစ်သွားပြီနော် ဘယ်လောက်ဆန်းလဲ"

"အင်းပါ …နင့်မေမေက ဒေါ်လေးတို့သဘောတူတဲ့ ကိစ္စဆိုပြီး ရွှေခအပေါ် အမြင်မကြည်လင်ရင်ရော"

"နင်က မေမေ သဘောမတူမှာစိုးရိမ်လို့လား၊ မစိုးရိမ် ပါနဲ့ ရွှေခလေးကလည်း မေမေ့သမီးလိုပါပဲတဲ့၊ ဝမ်းသာပါတယ် တဲ့၊ ကိုမင်းလုလင်ကို ပြောပြီးသား"

"ဟင် …သူကရော ငါ့အကြောင်းပြောသေးတာလား"

"ပြောတာပေါ့ဟဲ့ …သူလက်ထပ်မယ့် မိန်းကလေးရဲ့ တာ သူ့အမေကို မတိုင်ပင်ဘဲနေမလား"

"ဟင်း…တွေ့မှသိမယ်၊ လူကို ပိုင်စိုးပိုင်နင်း လျှောက် ပြောတာ"





"နင်ရန်တွေ့ချင်ရင် ဖုန်းဆက်လိုက်လေ၊ ငါ့အစ်ကို ပြေး လာမှာ သေချာတယ်"

ရွှေခစိတ်ထဲမှာလည်း မင်းလုလင်နှင့် စကားပြောချင်လာ သည်။

ထို့ကြောင့် နှင်းဆီရှေ့က မှန်စားပွဲပေါ်က ကော့လက်စ် ဖုန်းကိုယူပြီး ခြံထဲဆင်းခဲ့သည်။

ခုတလော ရွှေခ ဟဲင်းနဲ့ဖုန်းမကိုင်ဖြစ်။ ဖုန်း လက်ထဲရှိ ရင် အလွဲ့ဆီခေါ်ချင်မိမည်။ သူကခေါ်လျှင်လည်း စကားလက်ခံပြော နေဖြစ်မည်။ ထိုအခါ ရွှေခစိတ်တွေ တင်းမထားနိုင်ဘဲ အရည်ပျော် ကာ သူ့ကိုအဖြေပေးလိုက်မိမှာစိုး၍ ဖြစ်ပါသည်။

ခုတော့ …ရွှေခစိတ်ထဲ အနည်းငယ် ကျေချမ်းသွားရပြီ လေ။

"ရွှေခလား …ဟား ထူးထူးဆန်းဆန်းပါလား၊ ကိုယ် အခုပဲ နှင်းဆီတို့အိမ်က ပြန်လာတာ၊ ကိုယ့်မေမေနဲ့ တွေ့လာတာ"

"သိပါတယ်၊ ရွှေခ အခု ဒီကဆက်တာပဲ"

"ဘယ်က"

www.burmeseclassic.com



"မိုးသည်းညကို ဘာလို့ပြန်ပေးလိုက်တာလဲ"

"အစကတည်းက လက်ဆောင်ပေးဖို့ရည်ရွယ်ပြီး ဆွဲခဲ့တာပဲ"

"ရှင့်ဆီမှာသိမ်းထားဖို့ မဟုတ်ဘူးလား"

"ကျွတ် ...လာပြန်ပြီ၊ ဘာကြောင့် သိမ်းထားရမှာလဲ ကိုယ့်ချစ်သူအထင်လွဲတဲ့ပစ္စည်းဆိုတော့ ကိုယ့်ဆီမှာ တစ်စက္ကန့်တောင် မထားချင်ပါဘူး"

"ဟွန်း ...မိုပြီ"

"ရွှေခရယ် ...ကိုယ်ဘယ်လိုပြောရမလဲ"

"ဘယ်လိုမှမပြောနဲ့"

"မင်းကိုချစ်လို့ပါကွာ၊ ဆက်ပြီး ကိုယ့်ကိုမညှင်းဆဲပါနဲ့တော့၊ ဦးမျိုးအောင်ကို ရယ်မိရလို့ ကိုယ်ဝန့်လည်နေပြီထင်တယ်"

"ဟင် ...အဲလိုမပြောပါနဲ့၊ ရွှေခက ဒေါ်လေးမမလာလို အသည်းမာမာနဲ့ မဟုတ်ပါဘူးနော်"

"ဒါဆို အခုဖြေ၊ ကိုယ့်ကိုချစ်လား"

"ကျွန်မ စိတ်ဆိုးနည်းနည်းတော့ပြေပြီ"





"ဟာကွာ ...ခုမှနည်းနည်းပြေတာလား"

"အင်း"

"ဒါဆို ဘယ်တော့သိရမှာလဲ"

"ချစ်နေတာကြာပြီပဲ၊ စိတ်တိုလို့ အဖြေမပေးဘဲထားတာ သိရဲ့လား"

"ဟာ ...တကယ်လား"

သူက မယုံနိုင်သလို ဝမ်းမြောက်ရွှင်မြူးသံနှင့် ပြန်မေး၏

"ကိုယ် ရွှေခမျက်နှာကိုကြည့်ပြီး ရွှေခအဖြေပေးတာ နားထောင်ချင်တယ်၊ အခုပဲ ကိုယ်ပြန်ထွက်လာမယ်၊ မမေတို့အိမ်ကပဲ စောင့်နော်"

"အင်း ...စောင့်မယ်"

"ဟာ ...နေဦး၊ အပြင်ကထွက်စောင့်နေပေးကွာ၊ အခုပြန်သွားပြီး အခုပဲပြန်ရောက်လာရင် မမေ ကိုယ့်ကို ရယ်နေလိမ့်မယ်၊ မဖြစ်သေးဘူး"

"အင်းပါ ...ခြံပြင်ကစောင့်နေမယ်၊ ကားကို ဖြည်းဖြည်းမောင်းခဲ့နော်"

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ အချစ်လေးရယ်"

"ဟွန်း"

"အမယ်မယ် ...နှင်းဆီလာမှ ဖုန်းပိတ်ပစ်တယ်၊ ကြည့် စမ်း မျက်နှာကပြုံးနေတာပဲ"

ရွှေခကို နှင်းဆီကို လှမ်းဖက်ရင်း ခပ်တိုးတိုးပြောလိုက်သည်။

"ရှင့်အစ်ကိုက ရွှေခကို လာခေါ်မယ်တဲ့"

"နှင် ဘယ်တုန်းက အဖြေပေးလိုက်တာလဲ"

ရွှေခက မဖြေဘဲ ရှက်စနိုးလေး ရယ်နေလိုက်ပါသည်။

**ပန်းသီခိုင်**

BURMESE CLASSIC

www.burmeseclassic.com